The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 33 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | September 5 , 2016

## ပုသိမ် ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးကျဆင်းလျက်ရှိ

|စာမျက်နှာ - ၄|

## ထိုင်းနိုင်ငံ၏ ဖရန်ချိုက်စ် လုပ်ငန်း ၃၃ ခုက မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ချိတ်ဆက်ဆောင်ရွက်မည်

|စာမျက်နှာ - ၁၃|

## မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ သစ်သီးဝလံ အခြေခံ စားသောက်ကုန်ထုတ်လုပ်ရေး သင်တန်းဖွင့်လှစ်မည်

|စာမျက်နှာ - ၁၅|

## တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်ရေး ဆွေးနွေးပွဲ ကျင်းပမည်

|စာမျက်နှာ - ၃၀|



## စားအုန်းဆီဈေးနှုန်း ဘာကြောင့် တက်သလဲ

ဩဂုတ်လအတွင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ခန့်ရှိခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ရင် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၃၀၀ ကျပ်ခန့်မြင့်တက်ခဲ့ပြီး ရန်ကုန်တွင် ၃၅၀ကျပ်ခန့်

|စာမျက်နှာ - ၁၂|

# ဖရဲ၊ သခွားကလာမှ အစပြု၍

zBdwplvufqDL

ydkfwkwef í a&Gu pkl



|အရှေ့မြောက်တံခါးကုမ္ပဏီမှ တည်ဆောက်လျက်ရှိသော သစ်သီးကုန်စည်ချကွင်း|

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သလို မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိတဲ့ ဖရဲသီး၊ သခွားသီးစတဲ့ သစ်သီးဝလံတွေကို နှစ်ခြိုက်စွာ ဝယ်ယူစားသုံးနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီလိုဝယ်ယူစားသုံးတဲ့ပမာဏများပြားလာတာနဲ့အမျှ မြန်မာနိုင်ငံမှာရှိတဲ့ ဖရဲ၊ သခွားမွှေးစိုက်ပျိုးကြတဲ့ တောင်သူတွေဟာလည်း ဝင်ငွေတွေတိုးသည်ထက်တိုးလာတာ မျက်မြင်ကိုယ်တွေ့ပါပဲ။ ဒါပေမယ့်လည်း အကောင်းရှိလျှင် အဆိုးရှိစမြဲဆိုတဲ့စကားလို ဖရဲ၊ သခွားမွှေးတွေကို တရုတ်နိုင်ငံက ဈေးကောင်းပေးပြီး ဝယ်နေတယ်ဆိုတဲ့ သတင်းစကားကြောင့် မြန်မာနိုင်ငံတွင်းက ဖရဲ၊ သခွားမွှေး စိုက်ပျိုးကြတဲ့တောင်သူတွေဟာ သတင်းရင်းမြစ်ကိုသေချာတိကျစွာ မစုံစမ်းကြဘဲ ဖရဲ၊ သခွားတွေကို အလုံးအရင်းနဲ့ စိုက်ပျိုး

|စာမျက်နှာ - ၁၈|

## ဟိုပုံး(တစ်မိုးအောက်ညီနောင်များ) စမ်းသပ်ထုပ်ပိုးမှုစက်ရုံဖွင့်ပွဲကျင်းပ





ရှမ်းပြည်နယ် (တောင် ပိုင်း) မြန်မာ့သစ်သီးဝလံ ပန်းမန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း(MF-VP,SS) ဟိုပုံးသရက်အစုအဖွဲ့နှင့် မြန်မာ - ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)တို့က

|စာမျက်နှာ - ၂၃|

## လေးလအတွင်း ကုန်သွယ်မှု ဘာတွေတိုးလာသလဲ၊ ဘာတွေလျော့ကျသွားသလဲ

|စာမျက်နှာ - ၁၂|

အရုပ်
နေ
G.K
လ
သံပိုက်နှင့် GI ပိုက်အမျိုးမျိုးနှင့် T-တိုင်၊ သံငြမ်းပစ္စည်းမျိုးစုံရောင်းဝယ်ငှားရမ်းရေး
Ms pipe, Gas pipe, PSI pipe, Boilers pipe, pipe pumps & Accessories Trading

No.(C-32/33), Lawpita Road, South Dagon, Industrial Zone (3), Yangon.
☎ : 01-590727, 📱 : 09 5101740, 09 785101740, 09 5109665, 09 5394589, 09 254354953
E-mail : g.k.raju59@gmail.com

KBZ BANK
STRENGTH OF MYANMAR


ဝန်ထမ်းပေါင်း

၁၇,၀၀၀ ကျော်

မတူကွဲပြားမှုများနှင့် ပေါင်းစုထားသည့် အဖွဲ့အစည်း

01-2306219 /Kanbawzabank kbzbank.com

DRY PROCESS




မြန်မာဆင်

Hi-Tech ဘိလပ်မြေ

02-72266, 02-61936 09-91001815 09-33040358

DRY PROCESS နည်းစဉ်၏အားသာချက်

၁။ ပတ်ဝန်းကျင်ညစ်ညမ်းမှုအား ရာနှုန်းပြည့် ကာကွယ်နိုင်ခြင်း။

၂။ လောင်စာစွမ်းအား လျှော့နည်းစွာဖြင့် ထုတ်လုပ်နိုင်ခြင်း။

၃။ အဆင့်မြင့်အရည်အသွေးကို တသမတ်တည်းထုတ်လုပ်နိုင်ခြင်း။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယနိုင်ငံ၊ အိန္ဒိယ-မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Indo Myanmar Chamber of Commerce and Industries –IMCCI) အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ်လ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ၊ အိန္ဒိယ - မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (Indo Myanmar Chamber of Commerce and Industries –IMCCI) မှ Vice President ဖြစ်သူ Mr. Rohinton Engineer ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေး ကောင်းမွန်သော စိုက်ပျိုးရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်စည်များ လျင်မြန်ချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေး၊ လေကြောင်းလိုင်းများ ပြေးဆွဲနိုင်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များတွင် ဆိုက်ရောက် ဗီဇာရရှိနိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ဘဏ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

---

## 'kvd, tl udfjrefm-*yef

## Policy Dialogue on Distribution ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း ဦးဆောင်သည့်အဖွဲ့သည် စက်တင်ဘာ လ ၁ ရက်တွင် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI), Commerce, Distribution and Industry Safety Policy မှ Director General ဖြစ်သူ Mr.Takayuki Sumita ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် မြန်မာ-ဂျပန် Policy Dialogue on Distribution ကို ကျင်းပခဲ့ပါသည်။



ယင်းသို့တွေ့ဆုံရာတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကုန်သွယ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်ရှိဂျပန်နိုင်ငံ အပါအဝင် အခြား မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပထမအကြိမ်မြန်မာ-ဂျပန် Policy Dialogue on Distribution ပြီးနောက် ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများ အနက် နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား မျိုးစေ့၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဆေးရုံသုံးကိရိယာနှင့် ဆောက်လုပ်ရေးသုံးပစ္စည်း များအား ကုန်သွယ်ခွင့်ပြုခြင်း၊ ကား Show room များ အား နိုင်ငံခြားသားကုမ္ပဏီများအား ဖွင့်ခွင့်ပြုခြင်းများ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုတွင် လက်ရှိအနေအထားအရ ဂျပန်နိုင်ငံ၏ကုန်စည်ကို မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ မြန်မာ့ ပို့ကုန်ထက် များစွာပိုမိုလျက်ရှိရာ Trade balance ဖြစ်စေရေးကို အထောက်အကူ ဖြစ်စေရန် မြန်မာနိုင်ငံမှ ပို့ကုန်များအပေါ် ဂျပန်နိုင်ငံ၏ စည်းမျဉ်းကန့်သတ်ချက်များ ဖြေလျှော့ပေးရန် ကိစ္စရပ်များ၊ မြန်မာ့ပို့ကုန်များအား ဂျပန်နိုင်ငံ၏ လိုလားချက်အရည်အသွေးပြည့်မီရန် နည်းပညာ အကူအညီအထောက် အပံ့များပေးရေး၊ လက်ရှိကုန် စည်ဖြန့်ဖြူးခြင်းဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းကို အထောက်အကူဖြစ်စေနိုင်ရန်အတွက် ဂျပန်နိုင်ငံ အပါအဝင် အခြားနိုင်ငံများ၏ မူဝါဒပိုင်းဆိုင်ရာအတွေ့အကြုံများကို သင်တန်း စီစဉ် ဆောင်ရွက်ပေးရေး သို့မဟုတ် တတိယအကြိမ်ပြု လုပ်မည့် ကုန်စည်ဖြန့်ဖြူးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်တွင် ထည့်သွင်း၍ နည်းပညာ အကူအညီပေးရေးတို့ကိုဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါသည်။

ထို့နောက် ဂျပန်နိုင်ငံ Commerce, Distribution and Industry Safety Policy မှ Director General ဖြစ်သူ Mr.Takayuki Sumita က ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် ဂျပန်ကုမ္ပဏီများမှ ကုန်စည်ဖြန့်ဖြူးခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြေငှားရမ်းခြင်းကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များ လွယ်ကူစေရေးတို့ကို ဆွေးနွေးခဲ့ပြီး တတိယအကြိမ်ကျင်းပမည့် သင်တန်းတွင် လေ့လာလိုသည့်ဘာသာရပ်များကို အဆိုပြုပေးရန်၊ မြန်မာ့ပို့ကုန်ပိုင်းတွင် အခက်အခဲဖြစ်မှုအား သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းအကြောင်းကြားပေးရန်နှင့် ဂျပန်နိုင်ငံတွင် တတိယအကြိမ် ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်ရန် နှင့်တတိယအကြိမ် Policy Dialogue on Distribution and logistic ကိုလည်း ၂၀၁၇ ခုနှစ်တွင် ကျင်းပပြုလုပ်ရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီခဲ့ကြကြောင်း သိရှိရပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို မြန်မာဖက်မှ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ချုပ် ဦးအောင်စိုး၊ ကုန်သွယ်ရေးဦးစီးဌာန နှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီး ဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဂျပန်ဘက်မှ မြန်မာနိုင်ငံရှိ JETRO မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ချိုသက်မူ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.33 Monday September 5 2016

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပိုမိုတင်ပို့

ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၈ သန်းတန်ဖိုးရှိ ဆန် ၈၂၃၈ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၄၀၁၇ တန် လျော့နည်းခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၇၉၇ တန်၊ ဧည့်မထဆန်တန် ၉၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၈၆တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၃၅၅ တန်ကျော်တင်ပို့ခဲ့တာဖြစ်ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၉၃၁တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၀၃ တန်ကျော်တင်ပို့တဲ့အတွက် စုစုပေါင်း ၁၂၃၄ တန်နဲ့ တန်ဖိုး မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၂ သန်းဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၉၁ တန်လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၉၀၄ တန်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၂၃၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၉၅၀ နဲ့ ဧည့်မထဆန်တန် ၆၅၄ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၄၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၅၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန် ၃၁၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက တန် ၃၅၀ လျော့နည်းခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်စ ဧပြီလ ၁ရက်မှ ဩဂုတ် ၂၆ ရက်အထိ အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၈၅၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၃၁၆၆၄ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၀၇၄ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၁၆၄၀၀ တန်ကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ပုသိမ်ဆန်စပါးဈေးကွက် အရောင်းအဝယ်အေးပြီး ဈေးကျဆင်းလျက်ရှိ

ဩဂုတ်လအတွင်း ပုသိမ်ဆန်စပါးဈေးကွက်မှာ အရောင်းအဝယ်အေးလျက်ရှိပြီး ယခင်လထက် ဈေးကျဆင်းလျက်ရှိကြောင်း ယခင်နှစ်ရေကြီးချိန်က နွေသီးထပ်ရင် ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀ ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ယခုနှစ် ဩဂုတ်လအတွင်း ကာလတူရေကြီးချိန်မှာ ဆန်စပါးဈေးနှုန်း မြင့်တက်မှုမရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ယခင်လက ဧရာဝတီပေါ်ဆန်း စပါး ၁၀၅ ပေါင် (တင်း ၁၀၀)လျှင် ၁၀၅၀၀၀၀ ကျပ်၊ ယခု ၁၀၄၀၀၀၀ ကျပ်၊ ၁၀၃၅၀၀၀ ကျပ်၊ ပေါ်ဆန်းရင် စပါး ၁၀၅ ပေါင် (တင်း ၁၀၀)လျှင် ၉၅၀၀၀၀ ကျပ် ဈေးမရှိခဲ့သော်လည်း ယခုအခါတွင် ကျပ် ၉၄၀၀၀၀၊ ၉၃၅၀၀၀ ဈေးဖြစ်သွားပြီး၊ ဧရာဝတီပေါ်ဆန်း တစ်အိတ်လျှင် ယခင်ကျပ် ၃၅၀၀၀ မှ ယခု ၃၄၅၀၀ ကျပ်၊ ၃၄၀၀၀ ကျပ်၊ ပေါ်ဆန်းရင်ဆန် တစ်အိတ်လျှင် ၃၄၀၀၀ ကျပ်မှ ယခု ၃၃၀၀၀ ကျပ်၊ ၃၃၅၀၀ ကျပ်ဈေးသို့ ရောက်ရှိသွားကြောင်း၊ မိုးစပါးဟောင်း မနောသုခ၊ မျိုးပွားစပါး ပေါင် ၁၀၀ (တင်း ၁၀၀) လျှင် ယခင် ၆၅၀၀၀၀ ကျပ်ဈေးမှ ယခု ၆၄၀၀၀၀ ကျပ်၊ဆန်တစ်အိတ်လျှင် ယခင် ၂၄၀၀၀ ကျပ်၊ ၂၅၀၀၀ ကျပ်မှ ယခု ၂၃၀၀၀ ကျပ်၊ ၂၄၀၀၀ ကျပ်၊ နွေသီး ထပ်ရင် စပါး ပေါင် ၁၀၀ (တင်း ၁၀၀)ကို ၅၅၀၀၀၀ ကျပ်မှ ယခု ၅၄၀၀၀၀ ကျပ်၊ ၅၃၅၀၀၀ ကျပ်၊ ဆန်တစ်အိတ်လျှင် ယခင် ၂၁၀၀၀ ကျပ်၊ ၂၁၅၀၀ ကျပ်မှ ယခု ၂၀၅၀၀ ကျပ်၊ ၂၁၀၀၀ ကျပ်ဖြစ်သွားကြောင်း၊ ဩဂုတ်လအတွင်း ရေကြီးချိန် စပါး၊ ဆန်ဈေးမြင့်တက်နိုင်သည်ဟု ကုန်သည်အချို့က ခန့်မှန်းသော်လည်း ရေပြန်ကျချိန်တွင် ဈေးမြင့်တက်မှုမရှိဘဲ လက်ရှိတွင် စပါးဈေးနှုန်းမှာ တင်း ၁၀၀ ကို တစ်သောင်းခွဲနှစ်သောင်းဝန်းကျင်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ မှ ၁၀၀၀ ခန့် ဈေးကျဆင်းလျက်ရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

ဈေးကွက်သဘောအရ အရောင်းအဝယ်အေးလျှင် ဈေးနှုန်းကျဆင်းမှုရှိပြီး၊ အတက်ဈေးကို စောင့်နေတဲ့ တောင်သူ၊ ကုန်သည်အချို့မှာ မိမိတို့စပါးများကို ရောင်းချရန် ကုန်သည်၊ စက်ပိုင်များကို လိုက်လံချိတ်ဆက်လျက်ရှိသော်လည်း အရောင်းအဝယ်အေးသည့်အတွက် ဝယ်လက်များက ဝယ်ယူရန် စိတ်ဝင်စားမှုမရှိကြောင်း လက်ရှိပုသိမ်ဈေးကွက်တွင်ရန်ကုန်၊ ဟင်္သာတ၊ ပြည်နှင့် အထက်အညာဒေသများမှလည်း ဝယ်လိုအား လျော့နည်းပြီး အရောင်းအဝယ်အေးလျက်ရှိကြောင်း ဆန်ကုန်သည်များထံမှ သိရပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ပြည်ထောပတ်ပဲသီးနံ့ ယခင်နှစ်ထက် ဈေးလျော့အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ထောပတ်ပဲသီးနံ့အနေဖြင့် ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်ရှိနေလို့ လက်လီသမားများ ဝယ်ယူခဲ့ပါတယ်။ ထောပတ်ပဲသီးနံ့ဈေးနှုန်းဟာ ဩဂုတ်တစ်လလုံးမှာ အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မဖြစ်ဘဲ တစ်တင်းကျပ် ၁၄၅၀၀ နဲ့ဈေးငြိမ်နေခဲ့တာကို တွေ့ရပါတယ်။

ဒါ့အပြင် ယခုစက်တင်ဘာလဆန်းမှာ ထောပတ်ပဲ တစ်တင်းကျပ် ၁၄၀၀၀ နဲ့ လက်လီသမားတွေ ဝယ်ယူလို့ တစ်ရက် ၁၀ အိတ်၊ ၁၅ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ဩဂုတ်လအတွင်းမှာ တစ်တင်း ကျပ် ၁၈၀၀၀ ရရှိခဲ့ပြီး စက်တင်ဘာလဆန်းမှာလည်း ၎င်းဈေးအတိုင်း ဈေးဆက်ငြိမ် နေတာကို တွေ့ရတာကြောင့် ယခုနှစ်ဈေးနှုန်းက ယခင်နှစ်ကထက်ပင် ဈေးလျော့နည်းနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**



## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၉-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၅ | ၃၈၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၀ | ၃၆၃ | ▽ | ၃၅၀ | ၃၄၂ | ▽ | ၃၉၀ | ၃၈၀ | ▽ | ၃၆၀ | ၃၃၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၉၅ | ၃၆၀ | ▽ | ၃၄၀ | ၃၃၆ | ▽ | - | - | - | ၃၅၀ | ၃၅၀ | □ |
| ဆန်ဖြူ ၂၅% | ၃၈၈ | ၃၆၅ | ▽ | ၃၃၅ | ၃၃၃ | ▽ | ၃၅၅ | ၃၄၅ | ▽ | ၃၂၅ | ၃၁၅ | ▽ |
| ပေါင်းဆန် | ၄၁၀ | ၃၇၃ | ▽ | - | - | - | ၃၇၅ | ၃၆၀ | ▽ | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂-၉-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၆၂၅၀ | ▽ | ၂၄၅၀၀ | ▽ | ၈၀၀၀ | □ | ၃၅၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၃၀၀ | □ | ၃၂၅၀၀ | □ |
| ရွှေဘို | ၅၀၀၀ | △ | ၂၀၀၀၀ | □ | ၁၂၃၀၀ | △ | ၄၁၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၅၇၀ | □ | ၂၀၂၀၀ | □ | - | - | ၃၁၀၀၀ | ▽ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၅၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၉-၈-၂၀၁၆ မှ ၂-၉-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 403 | 19,165,411.610 |
| 2 | Form D | 43 | 2,260,821.170 |
| 3 | Form E | 104 | 1,881,419.510 |
| 4 | Korea GSP | 11 | 269,368.900 |
| 5 | Form AK | 103 | 5,480,764.010 |
| 6 | Form AJ | 12 | 409,733.390 |
| 7 | Form AI | 126 | 5,280,024.950 |
| 8 | Form AANZ | 4 | 3,122.900 |
| 9 | Form DFTP | - | - |
| **Grand Total** | | **806** | **34,750,666,440** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂-၉-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၈ | ၂/၉ | ပြောင်းလဲမှု | ၂၆/၈ | ၂/၉ | ပြောင်းလဲမှု | ၂၆/၈ | ၂/၉ | ပြောင်းလဲမှု | ၂၆/၈ | ၂/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၅၃ | ၂၂၂၁ | ▼ | ၂၄၀၀ | ၂၂၅၀ | ▼ | - | ၁၈၅၀ | - | ၂၂၂၅ | ၂၀၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၅၀၆ | ၁၇၆၅ | ▲ | - | - | - | - | - | - | ၁၅၁၅ | ၁၅၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၃၀၀ | ၁၂၀၀ | ▼ | ၁၂၈၉ | - | - | ၁၂၁၁ | ၁၂၁၇ | ▲ | ၁၀၃၀ | ၁၁၀၅ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၇၅ | ၂၅၀၀ | ▲ | - | - | - | - | - | - | ၁၀၁၅ | ၁၀၉၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၆၅ | ၁၀၆၅ | ■ | - | - | - | - | - | - | ၁၃၉၅ | ၁၃၉၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၆၅၈ | ၆၀၄ | ▼ | - | - | - | ၆၃၀ | ၆၁၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂-၉-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု | ၂၅/၈ | ၁/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၈၀ | ၁၁၄၀ | ▼ | ၁၃၄၁ | ၁၁၆၅ | ▼ | ၁၂၂၂ | ၁၀၄၆ | ▼ |
| ၂ | ပဲစင်းငုံ | ၈၀၀ | ၉၀၀ | ▲ | ၈၇၁ | ၉၇၁ | ▲ | ၈၇၉ | - | - |
| ၃ | ပဲတီစိမ်း | ၇၅၀ | ၇၅၀ | ■ | ၆၄၁ | ၆၅၇ | ▲ | ၇၄၅ | ၇၃၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၀၅၀ | ▲ | ၁၀၄၃ | ၁၀၆၀ | ▲ | ၁၀၄၃ | ၁၀၉၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၀-၈-၁၆)ထိ | ယခုတစ်ပတ် (၂၇-၈-၁၆)ထိ | (၁-၁-၁၆) မှ (၂၇-၈-၁၆) ထိ |
| မတ်ပဲ | ၂၄၈၀ | ၃၉၇၁ | ၃၈၃၂၄၅ |
| ပဲတီစိမ်း | ၁၇၁၆ | ၂၂၄၆ | ၁၄၅၇၁၅ |
| ပဲစင်းငုံ | ၁၀၅၄ | ၉၇၂ | ၁၇၆၀၆၇ |
| ကုလားပဲ | ၈၂၅ | ၈၇ | ၂၅၇၀၆ |
| ပဲလွန်းဖြူ | ၂၂၄ | ၁၉၀ | ၁၅၂၂၀ |
| မြေထောက်ပဲ | ၂၁၅ | ၁၅ | ၉၆၁၆ |

## ဩဂုတ်လကုန်ပတ် မုံရွာပဲဈေးကွက် ငုံနီနဲ့ ကုလားပဲတို့ ဈေးအနည်းငယ်မာလာ

မုံရွာကုန်စည်ဒိုင် ဩဂုတ်လကုန်ပတ် ပဲဈေးကွက်မှာ ငုံနီနဲ့ကုလားပဲမျိုးစုံဈေးဟာ လဆန်းပိုင်းက အနိမ့်ဆုံးဈေးသို့ ကျဆင်းခဲ့ရာမှ လလယ်ပိုင်းကစပြီး တဖြည်းဖြည်း ပြန်လည်မြင့်တက်ခဲ့ရာ ငုံနီဈေးအနေနဲ့ ၂၇၅၀၀ ကျပ်၊ ၂၈၅၀၀ ကျပ်၊ ၃၁၅၀၀ကျပ်နဲ့ ၃၂၅၀၀ ကျပ်အထိ အဆင့်ဆင့် မြင့်တက်လာခဲ့သလို ကုလားပဲ ဈေးကွက်မှာလည်း V2 တစ်တင်း ၃၆၀၀၀ ကျပ်မှ ၃၈၀၀၀ ကျပ်သို့လည်းကောင်း၊ ထိုင်ဝမ်တစ်တင်း ၃၅၀၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၄၃၀၀ ကျပ်မှ ၃၆၂၀၀ ကျပ်သို့ အသီးသီးဈေးမြင့်တက်လာခဲ့တာ တွေ့ရပါတယ်။

ပဲတီစိမ်းဈေးကွက်မှာ တရုတ်ဝယ်လက်ပါးသလို အဝင်လည်းကျဲနေကာ ယခုတစ်ပတ်အတွင်း စိမ်းကြီးတစ်တင်း (ရှယ်) ၂၅၀၀၀ ကျပ် - ၂၃၀၀၀ ကျပ် နဲ့ (ညံ့) ၂၁၅၀၀ကျပ်၊ ၂၁၀၀၀ကျပ်အထိအမြင့်ဆုံးရခဲ့တာတွေ့ရပါတယ်။ ဒေသတွင်းလုပ်ငန်းသုံးအဝယ်သာရှိလို့ အိတ် ၁၀၀၊ ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ မတ်ပဲဈေးကွက်အနေနဲ့ ယခုတစ်ပတ်အတွင်း ပေါက်ဈေးမဖွင့်ခဲ့သည့်ရက်များပင်ရှိခဲ့ပြီး တစ်တင်း ကျပ် ၄၀၀၀၀မှ ကျပ် ၄၆၀၀၀ ဝန်းကျင်နဲ့ အနည်းငယ်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်သည်တချို့ထံမှ သိရပါတယ်။

အခြားပဲဈေးကွက်မှာ လိုရောင်းလိုဝယ်နဲ့ လက်လီအဝယ်သာရှိခဲ့လို့ ဈေးဆက်လက်အေးခဲ့ရာ ယခုတစ်ပတ်အတွင်း အမြင့်ဆုံး တစ်တင်းပေါက်ဈေးမှာ ထောပတ်ပဲ ၁၁၅၀၀ကျပ်၊ စွန်တာနီ ၁၄၀၀၀ ကျပ်၊ ပဲနီလုံးကြား ၁၆၅၀၀ကျပ်၊ ပဲကြီး ၂၃၅၀၀ ကျပ်၊ ပဲပုပ် ၁၇၅၀၀ ကျပ်၊ ပုဂံပဲ ၁၇၅၀၀ကျပ်နဲ့မြေထောက်ပဲ ၁၈၀၀၀ ကျပ် အသီးသီးပေါက်ဈေးဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင် ဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်(မုံရွာ)**

# ၂၀၁၆ ခုနှစ် ဩဂုတ်လ နောက်ဆုံးပတ် မန်းကုန်စည်ဒိုင်မှာ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲအများစု ဈေးအေးနဲ့ အရောင်း အဝယ်ပြုလုပ်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ အနယ်နယ်အရပ်ရပ်မှ လယ်ယာထွက်ကုန်သီးနှံများကို ပွဲစားများ၊ ကုန်သည်များနှင့် စက်ပိုင်များမှ နေ့စဉ် (ဥပုသ်နေ့မှအပ) လာရောက် အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ယခု ၂၀၁၆ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်နှင့်ယခင်လ ဇူလိုင်နောက်ဆုံးပတ်ကာလတူ ဈေးနှုန်းများအား နှိုင်းယှဉ်ကြည့်ပါက-

မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံ (လယ်ယာထွက်ကုန်) အများစုကို တရုတ်ဝယ်လက်များက ဝယ်ယူမှုရှိတာကြောင့် ဈေးကွက်ရောဈေးနှုန်းပါ တရုတ်ဝယ်လက်အပေါ်မူတည်နေကြောင်းသိရပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လနောက်ဆုံးပတ်မှာ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲအများစုဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းတစ်ပိဿာ ၁၃၈၇ ကျပ်(တစ်တန် ၈၄၉၁၀၅ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၅၃၈ ကျပ်(တစ်တန် ၉၄၁၈၄၆ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့် ၊ ပဲနီပြားတစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၄၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ကျော်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၁၁၄၆ ကျပ်(တစ်တန် ၇၀၁၇၇၉ ကျပ်)၊ ပဲပုပ်(ဗမာ) တစ်ပိဿာ ၉၈၆ ကျပ်(တစ်တန် ၆၀၃၈၁၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲယင်းတစ်ပိဿာ ၇၂၅ ကျပ်၊ (တစ်တန် ၄၄၃၉၀၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၅၀ ကျော်၊ ထောပတ်ပဲ တစ်ပိဿာ ၁၁၂၀ ကျပ်(တစ်တန် ၆၈၅၀၇၇ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့်၊ မြေထောက်ပဲတစ်ပိဿာ ၁၂၀၄ ကျပ်(တစ်တန် ၇၃၇၃၁၈ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ရန်ကုန်ဝယ်လက်နဲ့ ဒေသတွင်းလှောင်လက်များ ပုံမှန်ဝယ်ယူမှုရှိနေတဲ့မတ်ပဲမှာ ယခင်တစ်ပတ်ဈေးအောက်ကိုရောယခင်လဈေးအောက်ကိုပါ တစ်ပိဿာ ကျပ် ၂၀၀ ခန့် ဈေးကျသွားတာကြောင့် ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၂၄၀၀ ကျပ်(တစ်တန် ၁၄၆၇၇၃၆ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၇၀၀ ကျော်၊ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၇၄၇ ကျပ်(တစ်တန် ၁၀၆၉၈၇၅ ကျပ်)၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၁၈၃၄ ကျပ် (တစ်တန် ၁၁၂၃၁၂၃ ကျပ်) နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ယခင်က ပြည်ပ(တရုတ် ) ဝယ်လိုအား ကောင်းမွန်ခဲ့တဲ့ ပြောင်းဖူးစေ့များကို ယခုနှစ်တွင် ပြည်တွင်းဈေးကွက်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပြောင်းဖူးစေ့ဈေးနှုန်းများမှာ ပြောင်းဖူးစေ့(ရှမ်း) တစ်ပိဿာ ၃၈၉ ကျပ်(တစ်တန် ၂၃၈၂၂၀ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၀၄ ကျပ်(တစ်တန် ၂၄၇၄၀၆ကျပ်)၊ အထွက်တိုးပြောင်းတစ်ပိဿာ ၅၀၉ ကျပ်(တစ်တန် ၃၁၁၇၀၇ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ်(တစ်တန် ၃၃၀၆၉၀ ကျပ်)နဲ့ အဆိုပါ ပြောင်းလေးမျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ဆီထွက်သီးနှံတစ်မျိုးဖြစ်တဲ့ နှမ်းရောင်စုံကို ပြည်ပ(တရုတ်) ဝယ်လက်နဲ့ပြည်တွင်းဆီစက်များက ပုံမှန်ဝယ်ယူနေတာကြောင့် အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းဖြူတစ်ပိဿာ ၂၁၃၃ ကျပ်(တစ်တန် ၁၃၀၆၂၂၈ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၆၄၄ ကျပ် (တစ်တန် ၁၀၀၆၇၀၉ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၅၅၆ ကျပ်(တစ်တန် ၁၅၆၅၂၆၉ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၃၅၅၆ ကျပ်(တစ်တန် ၂၁၇၇၆၇၉ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၂၁၉၄ ကျပ်(တစ်တန် ၁၀၈၈၈၂၉ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။ နောက်ထပ်ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲဆန် (S1) များကို ပြည်ပ(တရုတ်) မှ ပုံမှန်ဝယ်ယူမှုရှိသော်လည်း ဈေးအေးတဲ့အတွက် အရောင်းအဝယ်လည်း အနည်းငယ်အေးပါတယ်။ ယခုတစ်ပတ်မှာ မြေပဲလုံးဆန် တစ်ပိဿာ ၂၂၅၀ ကျပ်(တစ်တန် ၁၃၇၇၀၇၈ ကျပ်) နဲ့နေ့စဉ်သုံးတင်းအိတ် ၇၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုမှာ ဈေးအေးနဲ့အရောင်းအဝယ်ဖြစ်ပြီး တရုတ်ကိုတင်ပို့တဲ့ ပဲများအနက် ပဲနီပြားနဲ့ ထောပတ်ပဲသာ ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် အရောင်းအဝယ်အနည်းငယ်လေးကြောင်း၊ ရန်ကုန်ဝယ်လက်အဆွဲများတဲ့ မတ်ပဲနဲ့ကုလားပဲများဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ကြောင်း၊ နှမ်းများအနက် နှမ်းဖြူ၊ နှမ်းနက်(စမုံ) နဲ့ ပန်းနှမ်းများဈေးအေးပြီး နှမ်းညိုနဲ့ နှမ်းနက်ဈေးမာနဲ့အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခုတစ်ပတ်မှာ မြေပဲဆန်များဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် ပြည်ပ(တရုတ်) ဝယ်လိုအားကြောင့် ဈေးပြန်တက်လာဖွယ်ရှိကြောင်း ကုန်သည်ပွဲစားကြီးတစ်ဦးထံမှ သိရပါတယ်။

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | ၇/၂၀၁၆ | ၈/၂၀၁၆ |
|---|---|---|
| ပဲတီစိမ်း | ၁၅၂၉ | ၁၃၈၇ |
| ပဲကြီး | ၁၅၇၅ | ၁၅၃၈ |
| ပဲနီပြား | ၁၂၆၇ | ၁၂၆၇ |
| ပဲပုပ်(ရှမ်း) | ၁၀၃၃ | ၁၁၄၆ |
| ပဲပုပ်(ဗမာ) | ၉၉၅ | ၉၈၆ |
| ပဲယင်း | ၇၃၃ | ၇၂၅ |
| ထောပတ် | ၈၈၉ | ၁၁၂၀ |
| မြေထောက်ပဲ | ၁၂၂၂ | ၁၂၀၄ |
| မတ်ပဲ | ၂၆၂၀ | ၂၄၀၀ |
| ကုလားပဲဖြူကြီး | ၂၂၇၁ | ၁၇၄၇ |
| ထိုင်ဝမ် | ၂၁၅၁ | ၁၈၃၄ |
| ပြောင်းဖူးစေ့(ရှမ်း) | ၃၉၈ | ၃၈၉ |
| ပြောင်းဖူးစေ့(စီပီ) | ၄၁၇ | ၄၀၄ |
| အထွက်တိုးပြောင်း | ၅၂၈ | ၅၀၉ |
| ဆန်ပြောင်း | ၅၆၅ | ၅၄၀ |
| နှမ်းဖြူ | ၂၂၂၂ | ၂၁၃၃ |
| နှမ်းညို | ၁၆၂၂ | ၁၆၄၄ |
| နှမ်းနက် | ၂၂၂၂ | ၂၅၅၆ |
| နှမ်းနက် (စမုံ) | ၃၆၂၂ | ၃၅၅၆ |
| ပန်းနှမ်း | ၂၀၄၄ | ၁၇၇၈ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၅၅၀ | ၂၂၅၀ |

**စိုးအောင်-မန္တလေး**

## ပြည်ပဲနီပြား လက်လီသာ အဝယ်ရှိ

ပြည်လက်လီပဲဈေးကွက်မှာ ပဲနီပြားသီးနှံက ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးနှုန်းအနေဖြင့် ယခင်လကုန်ဈေးထက် တစ်တင်း ကျပ် ၅၀၀ ခန့် ဈေးပိုရလာခဲ့ပါတယ်။ ဒါကြောင့် ယခုစက်တင်ဘာလဆန်းပိုင်းမှာ တစ်တင်းကျပ် ၂၅၀၀၀ ခန့်ရရှိလာပြီး လက်လီသမားနဲ့သာ အရောင်းအဝယ်ဖြစ်လို့ အိတ်အနည်းငယ်နေ့စဉ်ပုံမှန်ရောင်းချမှုရှိခဲ့ပါတယ်။

ယခင်နှစ်က ပဲနီပြားဈေးမှာ တစ်တင်း ကျပ် ၂၂၀၀၀ နဲ့ ဩဂုတ်၊ စက်တင်ဘာအတွင်း အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခုနှစ်မှာတော့ အခြားပဲများကဲ့သို့ဈေး သိသိသာသာ ပိုရလာခြင်းမျိုးမဟုတ်ဘဲ ယခင်နှစ်ထက် တစ်တင်းကျပ် ၃၀၀၀ ခန့်သာဈေးပိုတာကိုတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ချင်း

### ပြည်ချင်း(ဥမ) ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ပြည်ချင်းဈေးကွက်မှာ ချင်း(ဥမ) အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေဆဲပဲလို့ သိရပါတယ်။ ဈေးကွက်အတွင်း ချင်းလှောင်လက်များထံတွင် ချင်း(ဥမ) လက်ကျန်တွေရှိနေပြီး၊ ချင်း(အတက်) များလည်း အဝင်မရှိသေးကြောင်း သိရပါတယ်။ အောင်ပန်း-တောင်ကြီးဘက်ကနေ ယခုတစ်ပတ်ပိဿာ ၃၀ ဝင်အိတ် ၈၀ ခန့်အဝင်ရှိ၍ ဈေးနှုန်းမှာလည်း တစ်ပိဿာကို ချင်း(ဥမ) ကျပ် ၆၀၀ မှ ၁၂၀၀ ကျပ်တို့နှင့်ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ ဈေးငြိမ်နေတာတွေ့ရပါတယ်။ အရောင်းအဝယ်အားဖြင့် ယခုတစ်ပတ် ပြည် ဈေးကွက်အတွင်း လက်လီ၊ လက်ကားရောင်းဝယ်သူများနှင့် ချင်း(ဓားလှီး) သမား များအပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ တင်ပို့မှု အပါအဝင် တစ်ရက်ကို ပျမ်းမျှပိဿာချိန် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းကို ပြည်တွင်းဝယ်လက်သာရှိ

အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ) က ဝင်ရောက်မှုနည်းနေပါတယ်။ ဒါပေမယ့် အရင်လက်ကျန် ချင်း(တက်)တွေကလည်း ရှိနေတဲ့အတွက် ဈေးကွက် မှာ လက်ကျန်များနေတာကြောင့် ပုံမှန်အရောင်းအဝယ်ရှိနေတယ်လို့ သိရပါတယ်။ ပြည်ပ ဝယ်လက်မရှိဘဲ ပြည်တွင်းသုံး ဝယ်လက်သာရှိလို့ ဈေးကလည်း သိပ်မကောင်းလှပါဘူး။ ဒါကြောင့် တောင်သူတွေကလည်း သိပ် မဖော်ကြဘူးလို့ သိရပါတယ်။ ခုနစ်လပိုင်းကတည်းက ပေါ်လာတဲ့ ချင်း (ဥမ)က အခုအချိန်အထိ သိပ်ပြီးများများစားစား မရောင်းရသေးပါဘူး၊ ရာသီဥတုကလည်း ဆိုးနေတာကြောင့် အရောင်းအဝယ်ကလည်း ထင်သလောက် မဖြစ် ဘူးလို့ ဒေသခံကုန်သည်တွေထံက သိရပါတယ်။

ချင်းခြောက်ကတော့ အရောင်း အဝယ်လုံးဝမဖြစ်သလောက်ပါပဲ။ ဈေးကွက်မှာလည်းအဝင်မရှိတော့ပါဘူး။ ချင်းစိုတွေဈေးမကောင်းသလို ရာသီဥတုကလည်း ဆိုးနေလို့ ပြုတ်ခြောက် လုပ်လို့မရသေးတဲ့အတွက် အရောင်းအဝယ် နည်းနေပါတယ်။ နေမရှိတော့ လှန်းလို့မရတာကြောင့် ဒေသခံတွေက လည်း ချင်းခြောက်တွေကိုမလုပ်ကြဘူးလို့ သိရပါတယ်။ ချင်းဈေးမကောင်းခဲ့တာလည်း နှစ်နှစ် သုံးနှစ်ရှိနေပြီဖြစ်တာကြောင့် ဒီနှစ်လည်း ပြည်ပဝယ်လက်မရှိခဲ့ရင် ဈေးကောင်းနိုင်မှာ မဟုတ်လို့ လက်ကျန်များနေဦးမှာလို့ ခန့်မှန်းနေကြပါတယ်။ ချင်းခြောက်ကိုလည်း ပရဆေးဖော်ဖို့အတွက်သာ အသုံးပြုကြရလို့ ဝယ်လက်တွေကလည်း များများစားစား ဝယ်တာမရှိကြပါဘူး။ တစ်ပိဿာ ကျပ် ၁၀၀၀- ၁၅၀၀ ဈေးနဲ့ပဲ နှစ်ပေါက် ရောင်းဝယ်နေတယ်လို့ ပွဲရုံတွေထံက သိရပါတယ်၊ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း (ဥမ) က တစ်ပိဿာ ကျပ် ၂၀၀-၃၀၀ ဈေးရှိတယ်လို့ သိရှိရပါတယ်။ တစ်ပတ်အတွင်း ချင်း(စို) ပိဿာချိန်ပေါင်း ၄၃၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ချင်း ၂၂ တန်တင်ပို့

ဩဂုတ် ၂၁ ရက်မှ ၂၇ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ပါကစ္စတန်နိုင်ငံသို့ ချင်း ၂၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၈တန်ကျော်သာ တင်ပို့နိုင်ခဲ့တဲ့ချင်းက ဒီတစ်ပတ်မှာ ၂၂ တန်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့တင်ပို့မှုယှဉ်ရင် ၁၃တန်ကျော်ပိုမို တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ၃၃၇၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

**➲ စာမျက်နှာ ၆ အာဆီယံ လူ့စွမ်းအားအရင်းအနှီးမှအဆက်**

စင်ကာပူသည် စက်မှုထွန်းသစ်စ နိုင်ငံအဖြစ် ရပ်တည်နေပြီး၊ မလေးရှားကတော့ ဒုတိယနေရာတွင် ရှိနေသည်။ စင်ကာပူအနေဖြင့် လူသား အရင်းအနှီး အပါအဝင် အိုင်တီအခြေခံ အဆောက်အအုံ ပံ့ပိုးမှုများရရှိမှုတွင် သိသာထင်ရှားစွာ ကောင်းမွန်နေသည်။ မလေးရှား၏ အိုင်တီအခြေခံ အဆောက်အအုံသည် ၁၉၉၀ ခုနှစ် နှောင်းပိုင်းတွင် သိသိသာသာ မြင့်တက်ခဲ့ သည်။ အင်တာနက်နှင့် ပီစီအသုံးချမှုသည်လည်း မြင့်တက်ခဲ့သည်။ အမှန်စင်စစ် WTO, APEC, AFTA လုပ်ငန်းစဉ်များအရ မျှော်လင့်ထားသည့်အတိုင်း ကုန်သွယ်ရေး ဖြေလျော့မှုများရရှိပြီး ယင်းတို့က လက်ရှိ ဖွံ့ဖြိုးမှု နိမ့်သည့် အိုင်တီဖွံ့စည်းမှုနှင့် ယှဉ်ပြိုင်မှုတွင် ကွဲပြား ခြားနားမှု များကို တိုးတက် ကောင်းမွန်လာ အောင်ဆောင် ရွက်ပေးနိုင်လိမ့်မည် ဖြစ်သည်။ ကုန်သွယ်ရေး ဖြေလျော့ပေးမှုများသည် ဂလိုဘယ်ဈေးကွက်များတွင် အခွင့်အလမ်းများကို ရရှိစေရန် ကူညီပေး လိမ့်မည်။ အိုင်တီအခြေခံအဆောက်အအုံသည် လိုအပ်သော အခြေအနေတစ်ခု ဖြစ်လာသောအခါ အရင်းအနှီးသည် နည်းပညာ ပြောင်းလဲမှုနှင့် နိုင်ငံတကာ ယှဉ်ပြိုင်မှုကို မောင်းနှင်ရာတွင် အရေးပါသည့်အချက် ဖြစ်သည်။

## နနွင်း

### အောင်ပန်းဈေးကွက်မှာ ဆင်တောင်နနွင်းအဝင်နည်းနေ

ပြီးခဲ့တဲ့လက အဓိကဝယ်လက်တွေရဲ့ ဒေသတွေမှာ ရေကြီးနေလို့ အရောင်းအဝယ်သိပ်ပြီးမဖြစ်ခဲ့ပါဘူး၊ ဒီတစ်လတော့ ရေကျသွားပေမယ့် ဝယ်လက်တွေကတော့ အဝယ်မလိုက်လာသေးပါဘူး၊ ဒါပေမယ့် ပြည်တွင်းသုံးတွေက ပုံမှန်ဝယ်ယူကြတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး၊ ဈေးကွက်မှာ အဝင်အထွက်မျှနေတယ်လို့ သိရပါတယ်။ နနွင်းမှုန့်ပြုလုပ်ဖို့အတွက် ဝယ်ယူတဲ့ဝယ်လက်တွေက ဆင်တောင်နနွင်းနဲ့ ရိုးရိုးနနွင်းကိုရောပြီး ကြိတ်တာကြောင့် ဆင်တောင်နနွင်းလည်း ရောင်းရပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ဆင်တောင်နနွင်းက အဝင်နည်းနေပါတယ်။ ပေါ်ကာစမှာရန်ကုန်၊ မူဆယ်ဝယ်လက်တွေကခြံထဲအထိ ဆင်းပြီး ဝယ်ယူခဲ့တာကြောင့် လက်ကျန်ကလည်း သိပ်မကျန်တော့ပါဘူး၊ ယခင်နှစ်တွေကလည်း နနွင်းဈေးကွက်ပျက်ခဲ့တာကြောင့် စိုက်သမားနည်းလို့ အထွက်နှုန်းကလည်းနည်းသွားပါတယ်။ တစ်ပတ်အတွင်း အောင်ပန်းဈေးကွက်မှာ နနွင်းပိဿာချိန်ပေါင်း နှစ်သောင်းသုံးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်းပေါက်ဈေးတွေက အနိမ့်ဆုံး ၁၃၀၀ ကျပ်မှ အမြင့်ဆုံး ၂၄၀၀ ကျပ် ဈေးပေါက်နေပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ပင်လယ်ရေကြောင်းမှ နနွင်းတန်ချိန် ၂၀၀ နီးပါးတင်ပို့

ဩဂုတ်၂၁ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ နနွင်း ၁၉၆ ဒသမ ၇၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယသို့ ၂၈ဒသမ ၇၅ တန်နဲ့ စင်ကာပူသို့ ၁၆၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတင်ပို့မှုမှာ တန်ချိန်၂၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၉၀ ကျော်တင်ပို့မှုလျော့ခဲ့ပါတယ်။နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၁၅၀၄၉၅ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### တရုတ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၂၀ မှ ၂၆ ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၉၈၃၅ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၁ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေးကျပ် ၉၃၃၀၀၀ ဈေးရှိတယ်လို့ သိရပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၄၀၀ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၄ တန်တင်ပို့ခဲ့ရာ စစ်တွေမှာတော့ နနွင်းတက် တစ်တန်ကို တစ်တန်ကို ၁၈၉၉၂၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

နနွင်းတက်ကို တစ်ဖက်နိုင်ငံတွေမှာ ပရဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်ဖို့ ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း၊ နနွင်းခါးကိုတော့ နည်းနည်း ချင်းစီပဲ အဝယ်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သီဟိုဠ်

### တရုတ်နဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ တန် ၃၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၀ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့တန် ၂၀ နီးပါးနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ရှစ်တန်ခန့်ကို တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံ သို့ တင်ပို့ခဲ့ပါတယ်။

ဩဂုတ်လဆန်းမှစပြီး စတုတ္ထပတ်အထိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၁၀၄ တန်ခွဲနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၁၆ တန် တင်ပို့ပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မန်ကျည်း

### မန်ကျည်း တန်ချိန် ၃၀၀ တင်ပို့

ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း မန်ကျည်း တန် ၃၀၀ ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်း၂၃၃ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၆၇ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၃၀၀၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

### ကြက်သွန်ဖြူစိုက်ဧက လျော့သွားလို့ အထွက်နည်းပြီး ဈေးကောင်းရလာ

ဒီနှစ်မှာ ရှမ်းကြက်သွန်ဖြူက ဈေးကောင်းရနေပါတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်ခန့်ကစပြီး ဆက်တိုက်ဈေးကွက်ပျက်ခဲ့တာ၊ ဈေးပြန်ကောင်းလာတာ မနှစ်နဲ့ ဒီနှစ် နှစ်နှစ်ခန့်သာရှိပါတယ်။ ငါးနှစ်ခန့် ဈေးကွက်ပျက်တာကြောင့် စိုက်တဲ့ တောင်သူတွေကလည်း စိတ်ပျက်ပြီး မစိုက်ကြတော့ပါဘူး။ ကြက်သွန်ဖြူ နေရာမှာ ပြောင်းကိုအစားထိုးစိုက် ပျိုးနေတာကြောင့် စိုက်ဧကလည်း လျော့သွားပါတယ်။ ဒီနှစ်မှာတော့ ဈေးကောင်းရပေမယ့် စိုက်တဲ့တောင်သူတွေ နည်းလာပါတယ်။ အရှုံးပေါ်ခဲ့တဲ့အတွက် တောင်သူတွေကလည်း မျိုးဖိုးတောင် မတတ်နိုင်တော့လို့ မစိုက်နိုင်ကြတော့ဘူးလို့သိရပါတယ်။

ဈေးကွက်မှာတော့ မှန်မှန်အရောင်းအဝယ်ဖြစ်နေပြီး လက်ကျန်က အထွက်နှုန်းရဲ့ တစ်ဝက်ခန့် ကျန်နေသေးတယ်လို့ သိရပါတယ်။ ရှမ်းကြက်သွန်ဖြူကို အဓိကဝယ်ယူတဲ့ ဝယ်လက်က ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင်၊ တပ်ကုန်း စတဲ့မြို့တွေက ဖြစ်ပါတယ်။ ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိဿာပေါက်ဈေးတွေက (လက် ချား) ကျပ် ၂၃၀၀၊ (ထူး-၁)ကျပ် ၂၅၀၀၊ (ထူး-၃)ကျပ် ၃၀၀၀၊ (ထူး-၄)ကျပ် ၃၃၀၀၊ (ထူး-၅)ကျပ် ၃၅၀၀ ဈေးရှိ ပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ကြက်သွန်ဖြူတစ်ပိဿာပေါက်ဈေးတွေက(လတ်ချား)ကျပ် ၂၂၀၀၊ (ရှယ်)ကျပ် ၂၆၀၀၊ (ထူး-၁)ကျပ် ၃၀၀၀၊ (ထူး-၂) ကျပ် ၃၃၀၀၊ (ထူး-၃)ကျပ် ၃၆၀၀၊ (ထူး-၄)ကျပ် ၃၇၀၀ ဈေးပေါက်တယ်လို့ ကြက်သွန်ဖြူပွဲရုံ တွေက သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### စခန်းစုံမှ ကြက်သွန်နီ တင်ပို့

ဩဂုတ် ၂၀ရက်မှ ၂၆ရက်တာ ရက်သတ္တပတ်တွင် မြန်မာ - တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၂၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၈၀၀ ၊ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈၇၁၂၁ တန်ဖိုးရှိကြက်သွန်နီ ၂၃၉ တန်နီးပါး၊ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၆၅၀၀ တန်ဖိုးရှိကြက်သွန်နီ တန် ၁၀၀ နဲ့ အမေရိကန်ဒေါ်လာ ၂၆၀၇၀၀ တန်ဖိုးရှိကြက်သွန် ဖြူ ၁၆၅ တန် အသီး သီး တင်ပို့ခဲ့ကြပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်မှ ကြက်သွန်နီ ၁၅၅၀ တန်နဲ့ မြဝတီမှ ၂၂၂တန်ကျော်သာ တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ် ကြက်သွန်နီ ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ မူဆယ်တွင် ကြက်သွန်နီ တင်ပို့မှုအနေဖြင့် တစ်နေ့လျှင် ပျမ်းမျှ ကားအစီးရေ ၁၃စီးခန့် ဝင်ရောက်ခဲ့ကြောင်း၊ မူဆယ်နဲ့ တာချီလိတ်တွင် ကြက်သွန်နီ လိုင်စင်ဈေး တစ်တန်ကို ၂၆၅ ဒေါ်လာ၊ မြဝတီတွင် ၃၆၅ဒေါ်လာ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံရှန်ဟိုင်းက ဖူဒန်တက္ကသိုလ် ရေအားနဲ့ နိုင်ငံတကာ နိုင်ငံရေးဆွေးနွေးပွဲ

ဒီတစ်ခေါက် တရုတ်နိုင်ငံ ရှန်ဟိုင်းက ဖူဒန်တက္ကသိုလ် ဆွေးနွေးပွဲ တက်ရောက်အပြီးမှာ ခေါင်းထဲဝင်လာတဲ့ အတွေးကတော့ တရုတ်နိုင်ငံဟာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုထက် ပိုပြီးဦးစားပေးနေပြီလား ဆိုတဲ့ မေးခွန်းပါ။ သူ့နိုင်ငံမှာလည်း မြစ်ထဲမှာ ငါးတွေ လျော့သွားတာမျိုး ရင်ဆိုင်နေရသလို မြစ်ကို ပြန်လည်သန့်စင်အောင် လုပ်နေတဲ့ စီမံကိန်း တစ်ခုကိုလည်း လိုက်လံပြသခဲ့လို့ပါ။ ပြီးတော့ ပြည်တွင်းမှာကျင့်သုံးတဲ့ မူဝါဒကိုပဲ နိုင်ငံတကာမှာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနဲ့ ဆက်ဆံရာမှာ ကျင့်သုံးတော့မှာလားလို့ ထပ်ဆင့် စဉ်းစားစရာ ဖြစ်လာပါတယ်။ အိမ်နီးချင်းနိုင်ငံတွေ၊ အထူးသဖြင့် မြစ်အောက်က နိုင်ငံတွေက တရုတ်နိုင်ငံ အင်အားကြီးနိုင်ငံ ဖြစ်လာတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေအပေါ် အနိုင်ကျင့်သလို ခံစားနေရကြောင်း တရုတ်သုတေသီတွေကိုယ်တိုင်က ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ အထူးသဖြင့် သူတို့ဟာ အရင်တုန်းက ကွန်ဖြူးရှပ်စ်ရဲ့ အဆိုအမိန့် တစ်ခုဖြစ်တဲ့ 'ကိုယ်ချင်းစာပါ၊ ကိုယ်မကြိုက်တာကို သူများ သွားမလုပ်ပါနဲ့' ဆိုရာကနေ 'သူများမကြိုက်တာကို သွားမလုပ်နဲ့'ဆိုတဲ့ အယူအဆကို တက်လှမ်းကျင့်သုံးနေပြီဖြစ်ကြောင်း ရွှန်းရွှန်းဝေအောင် ပြောပြပေမယ့် နိုင်ငံတကာကလာတဲ့ သုတေသီတွေကတော့ သံသယရှိနေကြပါတယ်။

နိုင်ငံတကာ ဆွေးနွေးပွဲဆိုတော့လည်း နိုင်ငံပေါင်းစုံ၊ ပညာအဆင့်အတန်း မျိုးစုံနဲ့ လာကြတဲ့ သူတွေပါ။ တစ်ယောက်ကို ၁၀ မိနစ်လောက် စကားပြောဆိုခွင့်ရချိန်မှာ ရုံးဝန်ထမ်းဆန်ဆန် စာရင်းဇယားတွေ ချပြတဲ့သူတွေ ရှိကြသလို တိုတိုတုတ်တုတ် ထိထိမိမိ ပြောသွားနိုင်တဲ့သူတွေလည်း တွေ့ရတယ်။ ကိုယ်အချင်းချင်း ပြောဆိုမိကြတဲ့ ဝေဖန်ချက်ကတော့ "ဘယ် တက္ကသိုလ် ထွက်ဆိုတာ၊ တော်တော် စကားပြောတာပဲ"လို့ပါ။ အဲဒီထဲမှာ အမေရိကန်ကလာတဲ့ ပညာရှင်တစ်ယောက်နဲ့ ဂျာမနီပညာရှင်တစ်ယောက်တို့ရဲ့ ဆွေးနွေးချက်ဟာ တိုတိုတုတ်တုတ်နဲ့ ထိထိမိမိ ရှိလှတယ်။ ထိုင်းတက္ကသိုလ်တစ်ခုမှ ပါမောက္ခတစ်ယောက်ကလည်း တခြားသူတွေ အချက်အလက်တွေပဲ ပြောနေကြတဲ့ မဲခေါင်မြစ်ဝှမ်း ကော်မရှင် အကြောင်းကို ထိထိမိမိ သုံးသပ်သွားတာ တွေ့ရတယ်။

ဆွေးနွေးပွဲတစ်ခု တက်ရတာဟာ အချိန်တို သင်တန်း တစ်ခုတက်ရတာနဲ့တူပြီး၊ ဆွေးနွေးပွဲဟာ ဆက်လက် လေ့လာစရာ၊ ဖတ်ရှုစရာတွေ လုပ်စရာ ကိုင်စရာတွေကို အစပျိုးပေးလိုက်တာနဲ့ တူပါတယ်။

ရေအားလျှပ်စစ်တို့၊ ဆည်ကြီးတွေတို့ အကြောင်းတွေကို နိုင်ငံရေးနယ်ပယ်မှာ ဆွေးနွေးလာကြလို့ ရေအားနိုင်ငံရေး (Hydro-politics)တဲ့၊ မသမာမှုနဲ့ ဆည်မြောင်းတွေနဲ့ ဆက်စပ်မိတဲ့အခါ Hydro-corruptionတဲ့၊ ရွာတွေ လူနေအိမ်ခြေတွေကို ပျက်စီးလောက်အောင် ရွာတဲ့ မိုးကို ဗုံးချတာနဲ့ တူလို့ Rain Bomb လို့ တင်စားတာမျိုးတွေ၊ ဝေါဟာရ အသစ်အဆန်းတွေကိုလည်း လေ့လာမှတ်သား ကြားနာခွင့်ရပါတယ်။ အမေရိကန်ကလာတဲ့ တခြားပညာရှင်တစ်ယောက်ကတော့ အင်အားကြီးတဲ့သူတွေ၊ နိုင်ငံတွေဟာ အင်အားနည်းတဲ့ နိုင်ငံတွေနဲ့ ဆက်ဆံရာမှာ အပေါ်စီးကနေလေ့ရှိကြောင်း ဆွေးနွေးသွားခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ မြစ်ပေါင်းများစွာရဲ့ မြစ်ဖျားခံရာဖြစ်လို့ ရေနဲ့ပတ်သက်လို့ ဗိုလ်ကျတဲ့နိုင်ငံ (Water Hegemony) ရယ်လို့ အမည်တွင်နေတယ်ဆိုတာကိုလည်း သိခဲ့ရပါတယ်။

ရေအားနဲ့ နိုင်ငံရေးအကြောင်း ပြောကြရာမှာ နိုင်ငံရေးဆိုတာ တကယ်တော့ ပြည်တွင်းရေးပါ။ ပြီးတော့ ဆုံးဖြတ်ချက်တွေကို ချမှတ်တာဟာ နိုင်ငံတွေက ချမှတ်တာ မဟုတ်ဘူး။ လူတွေက ချမှတ်တာလို့လည်း ဆိုသွားပါသေးတယ်။ လူတွေဟာ ပြဿနာတစ်ခုနဲ့ တွေ့ပြီဆိုရင် အဲဒီပြဿနာတွေ ကြီးအောင် လုပ်ရင်လည်း လုပ်တတ်ကြသလို သေးသွားအောင် လုပ်ရင်လည်း လုပ်တတ်ကြတယ်။ ဒီခေတ်မှာ လျှို့ဝှက်ချက်ဆိုတာ မရှိဘူး။ မြစ်ရေ ဘယ်လောက် စီးဝင် စီးထွက်နေတယ်ဆိုတာ ဂြိုလ်တုကနေ အားလုံး သိနိုင်နေကြတဲ့ ကိစ္စဖြစ်တယ်။

ပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာ လက်ရှိအဖွဲ့အစည်းတွေ စည်းမျဉ်း စည်းကမ်းတွေအတိုင်း ဖြေရှင်းနိုင်သလား။ အဲဒီအဖွဲ့အစည်းတွေဟာ ဘယ်လောက် ပုံစံတကျ ဖြစ်နေသလဲ။ ပြီးတော့ ကိုယ့်ဖာသာ တစ်ဖက်သတ် လုပ်ခွင့်ရှိသလား၊ တစ်စိတ်တစ်ဒေသ ဒါမှမဟုတ်၊ အပြည့်အဝ ပူးပေါင်း ဆောင်ရွက်လေ့ရှိသလား ဆိုတာတွေကို မေးခွန်းထုတ်စရာ ရှိပါတယ်။

မြန်မာမှာ 'ရေကိုသားလို့၊ အကြားမထင်' ဆိုတဲ့ စကားရှိတယ်။ အခုတော့ ရေဟာ အငြင်းပွားစရာ ကိစ္စတစ်ခုဖြစ်လို့ လာခဲ့ပါပြီ။ ရေကိုတွေ့ရင် လူတွေဆို ပျော်တတ်ကြတယ်။ ဒါကိုပဲ ရေစိတ်ဓာတ်လို့ ခေါ်ချင်ခေါ်နိုင်မယ်။ ဒီစိတ်ဓာတ်ကို မမေ့ဖို့လိုမယ်။ ပြီးတော့ ရေအကြောင်းကို လူတွေက စွဲစွဲလမ်းလမ်း ပြောဆိုချင်ကြတယ်။ ပြောရင်လည်း နာမည်ကြီးသွား တတ်ကြတယ်။ ဒါကြောင့် နိုင်ငံတကာက နာမည်ကြီး ကုမ္ပဏီကြီးတွေဟာ ရေနဲ့ ပတ်သက်တဲ့ သုတေသနတွေ၊ လုပ်ငန်းတွေကို ဆောင်ရွက်လာကြတာ ဖြစ်တယ်လို့ သိရပါတယ်။

ထူးထူးခြားခြား ရေအကြောင်းကို ဘာသာရေးနဲ့ ယှဉ်ပြီး ဆွေးနွေးသွားတာ တစ်ခုကိုလည်း တွေ့ရပါသေးတယ်။ ရေဟာ တရားမျှတခြင်း၊ သနားခြင်း၊ ကြင်နာခြင်းတို့နဲ့လည်း ဆက်စပ်နေသလို၊ တစ်ဖက်မှာ အမုန်းတရားနဲ့လည်း ဆက်နွယ်နေပါသတဲ့။ အရှေ့တိုင်းမှာ ပြောလေ့ရှိကြတဲ့ ဓာတ်ကြီးလေးပါးတို့၊ အဖိုအမတို့ဆိုတာတွေနဲ့လည်း ပတ်သက်တယ်။ စီးပွားရေးသဘောအရ သူ့အကျိုး ဘယ်လောက်အများဆုံး ဆောင်ရွက်နိုင်မလဲဆိုတဲ့ ကစားကွက်တစ်ခုနဲ့လည်း တူပါတယ်။ တစ်ခါတစ်ခါ ရေနဲ့ပတ်သက်လို့ အငြင်းပွားကြရာမှာ ဘာသာရေးနယ်ပယ်က ပုဂ္ဂိုလ်တွေဟာ စေ့စပ်ညှိနှိုင်းရေးသမားတွေအဖြစ် ဆောင်ရွက်လေ့ရှိကြတယ်။ ပြန်လည် သင့်မြတ်ရေးဆိုတာ သူ့အခွင့်အရေး၊ ကိုယ့်အခွင့်အရေးကို လေးစား၊ အပြန်အလှန် တန်ဖိုးထားကြလို့ ပဋိပက္ခတွေ၊ ရန်လိုမှုတွေ ချုပ်သိမ်းသွားတာကို ခေါ်သတဲ့။

အိန္ဒိယပညာရှင်တစ်ဦးကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်ဆံကြရာမှာ ရေကို အကြောင်းပြုလို့ (၁) ထိပ်တိုက်ရင်ဆိုင်တဲ့နည်း၊ (၂) တစ်ဖက်သားကို ထိန်းချုပ်တဲ့နည်း (၃) ညှိနှိုင်း တိုင်ပင်တဲ့နည်းနှင့် (၄) ပူးပေါင်း ဆောင်ရွက်တဲ့ နည်းရယ်လို့ လေးမျိုးသော ဆက်ဆံနည်းတွေ ရှိတဲ့အကြောင်း၊ ရေအရေး-ရေကိစ္စဟာ တစ်နိုင်ငံတည်း ဆောင်ရွက်လို့ရတဲ့ အရေးမျိုးမဟုတ်ဘဲ ပူးပေါင်း ဆောင်ရွက်ရမယ့်အရေးဖြစ်ကြောင်း ဆွေးနွေး သွားခဲ့ပါတယ်။ သယံဇာတအရေးဟာ အမျိုးသားရေးတစ်ရပ် (Resource Nationalism) အဖြစ်နဲ့ပဲ ရပ်တည်နေလို့ မရပါဘူးတဲ့။

အမေရိကန်ပညာရှင်က ဆွေးနွေးရာမှာ ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးရီးယားမှာ ပြည်တွင်းရေး ပြဿနာတွေ ဖြစ်ရတာ တကယ်တော့ ရေရဲ့ပြဿနာဖြစ်ပါသတဲ့။ မိုးခေါင် ရေရှားလို့ လယ်သမားတွေ ဆန္ဒပြရာကနေ ပြဿနာတွေ ကြီးလာခဲ့ရသတဲ့။ ဆီးရီးယား ပြဿနာကြောင့် ဒုက္ခသည်တွေ၊ ရွှေ့ပြောင်းသူတွေ များလာလေတော့ ဗြိတိန်ဟာ ဥရောပသမဂ္ဂက ထွက်ရရော၊ ဒါကြောင့်လည်း အမေရိကန် ရေတပ်ဗိုလ်ချုပ်တစ်ဦးက အကြီးမားဆုံး ရန်သူဟာ ရာသီဥတုပြောင်းလဲမှုပဲ ဖြစ်တယ်လို့ ဆိုခဲ့တာပါ။ အခုဆိုရင် ရေကြီးတာတို့၊ မိုးခေါင်တာတို့ဆိုတာ တစ်ခါတစ်ရံမှ ဖြစ်တတ်တာမျိုး မဟုတ်တော့ဘဲ မကြာမကြာ ခပ်စိပ်စိပ်လေး ဖြစ်လာတာကို သူက ရည်ညွှန်းပုံရပါတယ်။ တစ်နေရာ ရေကြီးနေပေမယ့် နောက်တစ်နေရာမှာ မိုးခေါင်တာမျိုးကလည်း တစ်ပြိုင်တည်း ဖြစ်နေပြန်ရော။ အစဉ်အလာအားဖြင့် ရေကိုအားကိုးပြီး အလုပ်လုပ်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းဟာ ရေရှားပါးတာကြောင့် ပြဿနာဖြစ်လာရပြန်တယ်။

လောလောဆယ်မှာ ကမ္ဘာနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ဆုံးဖြတ်ချက် ချမှတ်ပုံတွေဟာ ခေတ်မမီတော့သလို ဆည်မြောင်းတွေဟာ ရေကြီးရေလျှံမှုကို တားဆီးရာမှာ မထိရောက် စွမ်းအင်ထုတ်လုပ်ဖို့မှာလည်း စရိတ်ကြီးမားနေလေတော့ တီထွင်ဆန်းသစ်တဲ့ နည်းပညာတွေ၊ ပုံသဏ္ဍာန်တွေ လိုအပ်နေကြောင်း ဆွေးနွေးသွားခဲ့ကြပါတယ်။



|ခင်မောင်ညို (ဘောဂဗေဒ)|

# ကရင်ပြည်နယ်တွင် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၂/၂၀၁၆) သင်တန်းဖွင့်လှစ်

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ဩဂုတ်လ ၂၉ ရက်မှ ၃၀ ရက်အထိ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၂/၂၀၁၆) ကို ဩဂုတ်လ ၂၉ ရက်က ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနရုံး ဘားအံစားသုံးသူရေးရာ ဦးစီးဌာနတွင် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါသင်တန်းသို့ ဘားအံပြည်နယ်ရုံး၊ မြဝတီခရိုင်ရုံးနှင့်ကော့ကရိတ်မြို့နယ်ရုံးတို့မှ ဝန်ထမ်းစုစုပေါင်း ၄၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာ မြင့်ခဲ့ကြောင်း သိရှိရပါတယ်။

ယင်းသင်တန်းကိုစားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများ အနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်စေရန် ရည်ရွယ် ၍ ဖွင့်လှစ်ပေးခဲ့တာ ဖြစ်ပါတယ်။

သင်တန်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုများ၊ အကောက်ခွန်ဦးစီးဌာနရဲ့ ဆောင်ရွက်မှုများ၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှုများ၊ ကောင်းမွန် ထိရောက်သော စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲတစ်ရပ် ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်း၊ သုတေသနပြုခြင်းနှင့် အစီရင်ခံခြင်း၊ မြန်မာနိုင်ငံအတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်မှုများနှင့် အာဆီယံဒေသများတွင် ဆောင်ရွက်နေမှု အခြေအနေများ၊ စနစ်ကျသော ရုံးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထိရောက်သော စာတမ်းဖတ်ကြား တင်ပြမှုများ၏ အဓိကကျသော လုပ်ဆောင်မှု အညွှန်းကိန်းများစသည့် ဘာသာရပ်များကို သက်ဆိုင်ရာ သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်တန်းသား၊ သူများအား ပို့ချသင်ကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

ခင်ကြည်
(ကရင်ပြည်နယ်)
■

# ခတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ် တန်ချိန် ၃၀၀၀ နီးပါးဝင်

ဩဂုတ် ၂၁ရက်မှ ၂၇ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၈ ဒသမ ၆၆၅ တန်ဖိုးရှိဒီဇယ် ၂၁၃၁ ဒသမ ၈၆၂ တန်နဲ့ ကန်ဒေါ်လာ ၃၂ဒသမ ၁၇၆ သန်းတန်ဖိုးရှိ ခတ်ဆီ ၇၁၄ ဒသမ ၁၂၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စုစုပေါင်းတန်ချိန်မှာ ၂၈၄၅ဒသမ၉၉၀တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ခတ်ဆီအဝင်မှာ ၂၉၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၄၁၀ ကျော် ပိုမိုတင်သွင်းနိုင်သလို ယခင်သီတင်းပတ် ဒီဇယ်အဝင်မှာ တန်ချိန် ၁၄၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၉၈၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်နယ်စခန်းများဖြစ်တဲ့ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ၅၄၂၄၆၈ တန်ဖိုးရှိဒီဇယ် ၁၂၆၁ တန်နဲ့ ကန်ဒေါ်လာ ၃၉၆၃၈၉ တန်ဖိုးရှိ ခတ်ဆီ၈၂၅တန် တင်သွင်းခဲ့သလို မြိတ်စခန်းမှ ကန်ဒေါ်လာ၃၂၇၄ တန်ဖိုးရှိ အင်ဂျင်ဝိုင်၂ဒသမ ၄၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာရောင်းချနေတဲ့ ဒီဇယ်ဈေးနဲ့ 95 ဈေး အနည်းငယ်မြင့်တက်ခဲ့သော်လည်း 92နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၅၄၀ ကျပ်၊ အောက်တိန်း (92) ၅၄၀ ကျပ်၊ အောက်တိန်း (95) ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ်၅၇၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဩဂုတ် ၂၉ရက်မှာဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၉၀၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်သော်လည်း ဩဂုတ် ၃၁ ရက်မှစပြီး ဝယ်ဈေး ၁၀၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီပီပါဈေးမှာ ဩဂုတ် ၂၉ ရက်တွင် ဝယ်ဈေး၁၂၀၀၀၀ကျပ်၊ ရောင်းဈေး၁၂၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ် လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီ ဈေးငြိမ်နေပေမယ့် ဒီဇယ်ဝယ်ဈေး ၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာမပြောင်းပဲ ဒီဇယ်ရောခတ်ဆီပါ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ၊ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ခတ်ဆီ တစ်လီတာ ၆၄၅ ကျပ်၊ ဒီဇယ် ၅၃၈ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၈၀ ကျပ်၊အောက်တိန်း (92) ၅၈၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၂၉ ရက်က ဒီဇယ်ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဩဂုတ် ၃၁ ရက်မှစပြီး ဝယ်ဈေး၊ရောင်းဈေး ၁၀၀၀ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဩဂုတ် ၂၉ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာဒီဇယ် ၂၆၀၀ကျပ်၊ ခတ်ဆီ ၃၀၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ ၊ ဒီဇယ်မှာ ယခင်တစ်ပတ်နဲ့ယှဉ်ရင် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာ ခတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန်၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ခတ်ဆီ၊ ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ကျပ် ၊အောက်တိန်း တစ်ဂါလန် ၂၄၇၅ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊အောက်တိန်း တစ်ဂါလန် ၂၅၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း အမေရိကန်ဒေါ်လာနှင့် လဲလှယ်နှုန်းများ မြင့်တက်ခဲ့သဖြင့် မြန်မာနိုင်ငံတွင်လည်း ငွေလဲနှုန်းများ မြင့်တက်နေရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်တစ်ပတ်က ငွေလဲနှုန်း များမြင့်တက်ခဲ့သော်လည်း ဈေးပိတ် ရက်တွင် ပြန်လည်ကျဆင်းခဲ့သည်။ သို့သော် ဈေးကွက်ပြန်လည်ဖွင့်ချိန်တွင် ဈေးပြန်လည်မြင့်တက်ခဲ့ကာ ၁၂၁၂ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သည်။ ထို့နောက် နေ့စဉ်ဈေးမြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁ ရက်တွင် ဈေးပြန်လည်ကျဆင်းခဲ့သည်။

"တစ်ကမ္ဘာလုံးမှာရှိတဲ့နိုင်ငံတွေရဲ့ ငွေကြေးတွေရဲ့ ဖလှယ်နှုန်းတွေမြင့်တက်နေတဲ့အတွက် ဒီမှာလည်းမြင့်တက်နေတာပါ။ အမေရိကန်ဗဟိုဘဏ်က ဒီလထဲမှာ ဘဏ်တိုးနှုန်းကို မြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့သတင်းတွေကလည်း ငွေလဲလှယ်နှုန်းကို မြင့်တက်စေပါတယ်။ ဒါကြောင့် အခုလိုငွေလဲနှုန်းတွေ မြင့်တက်နေရတာပါ" ဟု ပြင်ပငွေလဲစင်တာတွင် အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။ ပြင်ပငွေလဲစင်တာများတွင် ဩဂုတ် ၂၉ ရက်က ရောင်းဈေး ၁၂၁၂ ကျပ်၊ ဝယ်ဈေး ၁၂၁၀ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ရောင်းဈေး ၁၂၂၂ ကျပ်၊ ဝယ်ဈေး ၁၂၁၈ ကျပ်သို့ မြင့်တက်ခဲ့သည်။

သို့သော် စက်တင်ဘာ ၁ ရက်တွင် ဈေးပြန်လည်ကျဆင်းခဲ့ရာ ရောင်းဈေး ၁၂၁၅ ကျပ်၊ ဝယ်ဈေး ၁၂၁၂ ကျပ်ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင်လည်း ထိုဈေးအတိုင်းပင် အရောင်းအဝယ်ပြုလျက်ရှိသည်။ မြန်မာနိုင်ငံဗဟိုဘဏ်က ထုတ်ပြန်သည့် ရည်ညွှန်းငွေလဲနှုန်းမှာ ဩဂုတ် ၂၉ ရက်က ၁၂၀၄ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် ၁၂၀၈ ကျပ်သို့မြင့်တက်ခဲ့သည်။ စက်တင်ဘာ ၁ ရက်တွင် ၁၂၁၀ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး အကျနေးပြီး ကျပ် ရှစ်သိန်းခွဲဖြင့် အရောင်းအဝယ်အေးနေ

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးများသည် အကျနှေးနေပြီး ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးသည်လည်း အကျ နှေးနေသကဲ့သို့ ငွေလဲနှုန်းများ မြင့်တက်နေခြင်းသည်လည်း ပြည်တွင်းရွှေဈေးအကျနှေးခြင်းကို အထောက်အကူပြုစေခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

"ပြည်တွင်းရွှေဈေးကွက်ထဲမှာ ဈေးမြင့်တက်နေတော့ အရောင်းအဝယ်က မရှိသလောက်ပဲ။ တချို့မဖြစ်မနေ ဝယ်ရမယ်ဆိုတဲ့သူတွေလောက်ပဲ ဝယ် ကြတာများတယ်။ ဝယ်ရောင်းသမားတွေကလည်း အရင်လို အရောင်း အဝယ်မလုပ်ကြတော့ဘူး။ ဈေးကွက်ကို စောင့်ကြည့်နေကြတာကများနေတယ်။ ဈေးရုတ်ခြည်းကျသွားမှာကို စိုးရိမ်နေကြတာပါ။ တကယ်လို့ အမေရိကန်ဗဟိုဘဏ်က သူ့ရဲ့အတိုးနှုန်းကို ရုတ်တရက် မြှင့်တင်လိုက်မယ်ဆိုရင် ကမ္ဘာ့ရွှေဈေးကွက်မှာ အခြေအနေက ပြောင်းသွားနိုင်တယ်။ ဒါကြောင့် ဈေးကွက်ထဲမှာ အရောင်းအဝယ်က အေးနေတာပါ။ ဈေးပြန်ကျဖို့မျှော်နေကြတယ်"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၂၉ ရက်က ကျပ် ၈၅၄၀၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် ကျပ် ၈၅၀၀၀၀ သို့ အနည်းငယ်သာ ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၂၉ ရက်က ၁၃၁၇ ဒေါ်လာရှိခဲ့သော်လည်း စက်တင်ဘာ ၂ ရက်တွင် ၁၃၁၃ ဒေါ်လာသို့ အနည်းငယ်သာကျဆင်းခဲ့သည်။ **မယ်သီတာ**

## မြန်မာနိုင်ငံသားများဘဏ်၏ရှယ်ယာဈေးနှုန်းများ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၃၅၀၀ သို့မြင့်တက်

ပြီးခဲ့သည့်တစ်ပတ်က ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့သည့် မြန်မာနိုင်ငံသားများဘဏ်၏ ရှယ်ယာဈေးနှုန်းမှာ ယခုတစ်ပတ်တွင် အမြင့်ဆုံးဈေးနှုန်းအဖြစ် ကျပ် ၁၃၅၀၀ သို့ မြင့်တက်ခဲ့ကြောင်းရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံသားများဘဏ်၏ရှယ်ယာဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ကျန်စာရင်းဝင် ကုမ္ပဏီနှစ်ခု၏ ရှယ်ယာ ဈေးနှုန်းများမှာမူ အတက်အကျ အနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသားများဘဏ်သည် စာရင်းစတင်ဝင်သည့် တစ်ပတ်က မူရင်းဈေးထက် ကျပ်တစ်ထောင်ခန့်သာ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ် ဩဂုတ် ၃၀ ရက်တွင် ကျပ် ၉၈၀၀ သို့ မြင့်တက်ခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် ကျပ် ၁၁၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

စက်တင်ဘာ ၁ ရက်တွင် ဆက်လက်မြင့်တက်ခဲ့ပြီး ကျပ် ၁၃၅၀၀ သို့ ရောက်ရှိခဲ့သော်လည်း စက်တင်ဘာ ၂ ရက်တွင် ကျပ် ၉၆၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

September 2, 2016
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 78.08 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.68 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.84 |
| I DR | Indonesia Rupiahs | 13253.09 |
| JPY | Japan Yen | 103.67 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 104.46 |
| PHP | Philippines Pesos | 46.71 |
| RUB | Russia Rubles | 65.81 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1117.76 |
| LKR | Sri Lanka Rupe | 144.78 |
| THB | Thailand Baht | 34.62 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22236.09 |

Source : xe.com

## World Gold Price

August, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1314 | 1316 | 1318 |
| 30 | 1318 | 1320 | 1319 |
| 31 | 1310 | 1313 | 1313 |
| 1 | 1310 | 1307 | 1307 |
| 2 | 1307 | 1309 | 1310 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29 -8- 2016 | 852.50 | 852.10 |
| 30 -8- 2016 | 856.50 | 857.00 |
| 31 -8-2016 | 853.00 | 852.60 |
| 1-9- 2016 | 849.00 | 849.20 |
| 2 -9- 2016 | 850.50 | 849.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6 .68 | 34.64 | 78.40 | 67.19 |
| 30 | 6. 68 | 34.58 | 79.01 | 67.09 |
| 31 | 6 69 | 34.64 | 79.01 | 66.99 |
| 1 | 6 .68 | 34.61 | 78.27 | 66.81 |
| 2 | 6.68 | 34.62 | 78.08 | 66.84 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29- August | 18.50 | 2367.01 | 1655.81 | 4679.14 | 1072.00 |
| 30- August | 18.68 | 2339.01 | 1650.21 | 4690.34 | 1072.00 |
| 31-August | 18.69 | 2347.74 | 1638.11 | 4679.36 | 1054.00 |
| 1 - September | 18.63 | 2373.06 | 1626.46 | 4704.22 | 1049.00 |
| 2 - September | 18.59 | 2387.62 | 1623.10 | 4712.06 | 1044.00 |

Source:kitco.com

## Energy NYMEX 2-9-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 43.51 | 0.35 | 0.81 |
| Brent Crude Futr (USD/bbl) | 45.75 | 0.30 | 0.66 |
| Gasoline Rbob Fut (Cent/gal) | 28.08 | 0.84 | 0.66 |
| Natural Gas Futr (USD/MMBtu) | 2.80 | 0.01 | 0.18 |
| Heating Oil Futr (Cent/gal) | 139.10 | 0.91 | 0.66 |

## ဘိလပ်မြေ

### ဒီတစ်ပတ်လည်း ဘိလပ်မြေအဝင်နည်း

ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၆၄၉၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၅၈၁၁ဒသမ ၂၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့ပြီးစိန်တံဆိပ်တစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၉၄၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၃၆၈၀ ကျော်တင်သွင်းမှုလျော့ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ်လအတွင်း ဘိလပ်မြေတင်သွင်းမှု တော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

ဩဂုတ်၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၈၁၁ တန် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၉၄၉၅ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၆၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၁၇၉၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၄၅၀၆ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ အဝင်လျော့ကျခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ် မိုးရွာပေမယ့်လည်း တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်နေကြတာကြောင့် အရောင်းအဝယ်လိုက်ပေမယ့် ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင် ၅၂၂၅ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၈၅၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၂၂၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ပြည်တွင်းဘိလပ်မြေ အဝယ်လိုက်ပေမယ့် ဒီတစ်ပတ်မှာ ဘိလပ်မြေဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ၄၆၀၀ ကျပ်၊ မြန်မာဆင် ၄၃၀၀ကျပ်၊ ဆင်(ထိုင်း) ၆၆၀၀ကျပ်၊ စိန်(ထိုင်း)၆၆၀၀ကျပ်၊ ဆင်မင်း (ကျောက်ဆည်)၄၂၀၀ကျပ် ၊ကျားခေါင်း ၄၂၀၀ ကျပ်၊ မြင်းခေါင်း၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ပုံမှန်ရှိပေမယ့် ဘိလပ်မြေဈေးများကျလာတယ်လို့ သိရပါတယ်။ အရင်နှစ်တွေမှာလည်း ဒီလိုပဲ၊ မိုးကာလမှာဈေးကျတယ်။ ဈေးကွက်ထဲ ပစ္စည်းအဝင်နည်းတယ်။ ဒါပေမယ့် အဝင်နဲ့ အရောင်းက မျှပါတယ်။ ဒီရက်ပိုင်း ဈေးကွက်ထဲမှာဘိလပ်မြေဈေးက အကျဘက်မှာ ရှိနေတယ်လို့ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဒီတစ်ပတ်ဆင်နဲ့ စိန်က ၂၀၀ ကျပ်မှ ၃၀၀ ကျပ်၊ ကြံ့နှစ်ကောင်က ၅၀၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၆၀၀ ကျပ်၊ စိန် ၅၂၀၀ ကျပ်၊ ကြံ့နှစ်ကောင် (နီ)၄၈၀၀ကျပ်၊ ကြံ့နှစ်ကောင်(စိမ်း) ၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာ ဆက်လက်ဝင်အားကောင်း

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဩဂုတ်၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၃၇၁၂၄၀ တန်ဖိုးရှိ မြေဩဇာ ၁၄၉၃၆ ဒသမ ၈၃၃ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ပိုတက်ဆီယမ်၊ နိုက်ထြိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း စတဲ့ မြေဆီများတင်သွင်း ခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ နိုင်ငံနဲ့ တန်ချိန်များမှာ တရုတ်နိုင်ငံမှ ၉၄၃၁ဒသမ၃၃၃တန်၊ ဂျာမနီမှ တန်ချိန် ၁၀၀၀၊ အိန္ဒိယမှ ၁၆ တန်၊ မလေးရှားမှ တန်ချိန် ၇၇၀၊ ဘီလာရုစ် မှ ၅၂၂ ဒသမ ၅၀ တန်၊ စင်ကာပူမှ ၁၄၇ တန်၊ ထိုင်းမှ ၁၆၂၀ တန်နဲ့ ဗီယက်နမ်မှ ၁၄၃၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာတင်သွင်းမှုမှာ ၁၄၇၉၀ တန်ချိန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် တန်ချိန် ၁၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ်လ ပထမသီတင်းပတ်မှစပြီး မြေဩဇာတင်သွင်းမှုအား ဆက်တိုက်ဆိုသလို ကောင်းလာတာတွေ့ရပါတယ်။

### မြေဆီဈေးကွက် အရောင်းအဝယ်အေး

ဩဂုတ်၂၁ ရက်မှ ၂၇ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၄၉၃၆ တန်ကျော်အဝင်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်က ၁၄၇၉၀ တန်ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင်မှာ ၂၆၈၈၆ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၃၁၄၆၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှမြေဩဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်)၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၄၅၀၀ကျပ်၊ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်)၂၁၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ နယ်ဘက် အဝယ်ဆင်းတာကြောင့် အရောင်းအဝယ်လိုက်ပေမယ့် ဈေးကတော့ ယခင်တစ်ပတ်ဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၇၈၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၂၀၀ ကျပ်၊ တီစူပါ(၄၆%-တရုတ်) ၁၈၇၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၉၀၀ကျပ်၊ မြားသီးစုံ ၁၄၄၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၉၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာများက ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ကမ္ဘာလုံး၊ ရွှေတောင်-တရုတ်) ၁၈၃၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၄၀၀ ကျပ်၊ တီစူပါ၂၀% (တရုတ်) ၁၂၀၀၀ကျပ်၊ ပိုးသတ်ဆေး ၁၉၀၀ကျပ်၊တီစူပါ ၁၅ ပတ်လည်(တရုတ်) ၃၆၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၅၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၅၀၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၄၀၀၀ကျပ်၊ယူရီးယား (ယူအေအီး) ၁၈၅၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာအရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြေဩဇာဈေးများက ယခင်တစ်ပတ်ဈေးထက်နည်းနည်း မြင့်လာတယ်လို့ သိရပါတယ်။ ဈေးမြင့်ရတာလည်း ဝယ်ဈေးမြင့်လာလို့ မြင့်ရတယ်လို့ သိရပါတယ်။ မြားကမ္ဘာ ၁၂း၁၃ က ၆၀၀ကျပ်၊ ဆင် ၁၀း၁၀း၅က ၅၀၀ ကျပ်၊ သီးစုံက ၆၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၇၀၀ ကျပ်၊ တောင်သူမ က ၅၀၀ ကျပ်ဈေးမြင့်လာခဲ့ပြီး အာမို ၁၅ပတ်လည်နဲ့ အာမို ၁၆း၁၆း၈ က ၁၅၀၀ ကျပ် ဈေးကျလာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်း အဝယ်ဖြစ်တဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ ၁၅၆၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၁၅၆၀၀ကျပ်၊ အာမို ၁၅ ပတ်လည် ၃၅၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၃၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၁၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၈၇၀၀ကျပ်၊ တီစူပါ ၁၉၅၀၀ ကျပ်၊ တောင်သူမ ၁၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့မှုန့်

### နို့ဆီတန်ချိန် ၅၀၀ နီးပါးနဲ့ နို့မှုန့်တန် ၂၀၀ နီးပါးတင်သွင်း

ဩဂုတ် ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၇၃၀၂၈ တန်ဖိုးရှိ နို့ဆီ ၄၈၄ ဒသမ ၉၉၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်း၊ မာရီဂိုးနဲ့ အခြားတံဆိပ်များဝင်လာတယ်လို့သိရပါတယ်။ယခင်တစ်ပတ်က တင်သွင်းမှုမရှိခဲ့တဲ့ နို့ဆီက ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၉၁၀၇၁၇ တန်ဖိုးရှိ နို့မှုန့် ၁၇၂ ဒသမ ၈၃ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒိန်းမတ်မှ ၁၁ ဒသမ ၀၅၅ တန်၊ စင်ကာပူမှ သုည ဒသမ ၀၄၈ တန်၊ ထိုင်းမှ ၁၂ ဒသမ ၃၂၈တန်၊ မလေးရှားမှ ၂၃ဒသမ ၄၀တန်၊ အိုင်ယာလန်မှ တန်ချိန် ၁၁၀ နဲ့ နယူးဇီလန်မှ ၁၆တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်တင်သွင်းမှုမှာ တန်ချိန် ၂၆၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ ယှဉ်ရင် တန်ချိန် ၉၀ ကျော်တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၈ မှ ၂၆/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၈ မှ ၁၉/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၆၇·၇၅ | ၉၃၈·၅၀ | (+) | ၂၉·၂၅ |
| ၂။ | လွယ်ဂျယ် | ၈၇၀·၀၀ | ၆၉၀·၀၀ | (+) | ၁၈၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၆၄၁·၅၀ | ၂၅၉၆·၀၀ | (+) | ၄၅·၅၀ |
| ၅။ | တာချီလိတ် | ၁၃၅၀၀·၀၀ | ၅၅၀၀·၀၀ | (+) | ၈၀၀၀·၀၀ |
| ၆။ | မြဝတီ | ၁၁၇၆·၉၂ | ၅၂၅·၄၀ | (+) | ၆၅၁·၅၂ |
| ၇။ | ကော့သောင်း | ၅၃၅၀·၀၀ | ၁၃၀၀·၀၀ | (+) | ၄၀၅၀·၀၀ |
| ၈။ | မြိတ် | - | ၂၅၀·၀၀ | (-) | ၂၅၀·၀၀ |
| | စုစုပေါင်း | ၂၄၅၀၆·၁၇ | ၁၁၇၉၉·၉၀ | (+) | ၁၂၇၀၆·၂၇ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၈ မှ ၂၆/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၈ မှ ၁၉/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၂၁၆·၆၀၀ | ၂၅၂၉၅·၅၅၀ | (-) | ၇၀၇၈·၉၅ |
| ၂။ | လွယ်ဂျယ် | ၆၄၅ ၅၀၀ | ၅၀၂·၀၅၀ | (+) | ၁၄၃·၄၅၀ |
| ၃။ | ချင်းရွှေဟော် | ၅၇၈၈·၅၀၀ | ၂၈၄၂·၀၀၀ | (+) | ၂၉၄၆·၅၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၆၃·၈၀၀ | - | (+) | ၃၆၃·၈၀၀ |
| ၅။ | မြဝတီ | ၁၄၄၆·၇၆၆ | ၈၄၅·၁၀၀ | (+) | ၆၀၁·၆၆၆ |
| ၆။ | ကော့သောင်း | ၇၅·၀၀၀ | ၆၀·၀၀၀ | (+) | ၁၅·၀၀၀ |
| ၇။ | မြိတ် | ၅၀·၀၀၀ | ၂၇၀·၀၀၀ | (-) | ၂၂၀·၀၀ |
| ၈။ | ရိုဒ် | ၃၀၀·၀၀၀ | ၁၆၅၀·၀၀၀ | (-) | ၁၃၅၀·၀၀ |
| | စုစုပေါင်း | ၂၆၈၈၆·၁၆၆ | ၃၁၄၆၄·၇၀၀ | (-) | ၄၅၇၈·၅၃၉ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ဩဂုတ် လကုန်ပတ်မုံရွာ ဆီထွက်သီးနှံဈေးကွက် မြေပဲနဲ့ နှမ်းဈေးအေးသလို ဆီဈေးပါကျလာ

ဩဂုတ် လကုန်ပတ် မုံရွာကုန်စည်ဒိုင် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်နဲ့ နှမ်းမျိုးစုံပါ ဈေးဆက်လက်ကျဆင်းသွားခဲ့လို့ ဆီဈေးပါ လိုက်လံကျ ဆင်းခဲ့တာတွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း မြေပဲဆန် ဈေးကွက်မှာ လုံးဆန် (နီ)တစ်ပိဿာ ၂၁၅၀ ကျပ်နဲ့ လုံးဆန် (ဖြူ) တစ်ပိဿာ ကျပ် ၂၀၀၀၊ ၁၉၅၀ ကျပ်အထိ အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပြီး ဆီဆန်(အသစ်)မှာလည်း တစ်ပိဿာ ၁၈၂၅ ကျပ်အထိ ဈေးကျခဲ့တာ တွေ့ရပါတယ်။ လုံးဆန်နဲ့ ဆီဆန်ဈေးကျတဲ့အတွက် ဩဂုတ်လဆန်းက တစ်ပိဿာ ကျပ် ၄၄၀၀ ဈေးပေါက်ခဲ့တဲ့ ပဲဆီဟာတစ်ပိဿာ ကျပ် ၃၉၀၀ အထိ ဈေးကျသွားခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် နှမ်းမျိုးစုံ ဈေးကွက် မှာတော့ မိုးဦးနှမ်းတွေ စတင်ဝင်လာနေပေမယ့် ပြည်ပဝယ်လက် အနုတ်လေးနေလို့ ဈေးဆက်လက် အေးခဲ့ရာ နှမ်းညို (သစ်)တစ်တင်း ကျပ် ၂၄၀၀၀၊ နှမ်းဝါ တစ်တင်းကျပ် ၂၃၀၀၀၊ နှမ်းနီတစ်တင်း ကျပ် ၂၄၅၀၀၊ နှမ်းဖြူတစ်တင်း ကျပ် ၂၇၀၀၀ - ကျပ် ၂၉၀၀၀ နဲ့ နှမ်းနက် တစ်တင်း ၄၇၀၀၀ ကျပ်အထိ ဈေးအသီးသီး အနိမ့်ဆုံးပေါက်ခဲ့တာတွေ့ရပါတယ်။ နှမ်းဈေးအေးသလို နှမ်းဆီ ဈေးလည်း လဆန်းပိုင်းက တစ်ပိဿာ ကျပ် ၃၃၀၀ ပေါက်ခဲ့ရာမှ ယခု ကျပ် ၃၁၀၀ ဈေးအထိ ကျဆင်းသွားခဲ့တာ တွေ့ရပါတယ်။ စားအုန်းဆီ ဈေးကတော့ တဖြည်းဖြည်း ဈေးမာလာခဲ့ကာ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၈၆၀ အထိ အမြင့်ဆုံးပေါက်ဈေး ဖြစ်ပေါ်ခဲ့တယ်လို့ မုံရွာ ကုန်စည်ဒိုင်ရပ်ကွက်က သိရှိရပါတယ်။ **ထွန်းလှိုင်(မုံရွာ)**

### ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျလာ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ပြည်အောင်လံကြားရှိ ကျေးရွာများနဲ့ ရွှေတောင်ဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၆၀၀ ခန့်သာ ဝင်လာ တာတွေ့ရပါတယ်။ ပေါက်ခေါင်းဘက်ရှိ ကျေးရွာများတွင် မြေပဲတောင့်များ ထွက်ပေါ်နေသော်လည်း ကုန်သည်များက အဝယ်မရဲသေးတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ လုံးဆန် တစ်ပိဿာလျှင် ၂၂၅၀ ကျပ်ဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးအနည်း ငယ်ကျလာတာတွေ့ရပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ကျပ် ၅၀၀၀ အထိ ဈေးမြင့်နေတာ တွေ့ရ ပါတယ်။ **ဝေဝေမင်း**

### ပြည်ဈေးကွက်တွင် နှမ်းနက် အဝင်များ၍ ဈေးကျလာ

ပြည်ဈေးကွက်သို့ ယခုတစ်ပတ်တွင် နတ်တလင်းနှင့် မြန်အောင်မြို့တို့မှ တစ်နေ့လျှင် နှမ်းအိတ် ၁၀၀၀ ခန့် ဝင်ရောက်လာသဖြင့် နှမ်းဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ နှမ်းနက်ကို မန္တလေးဝယ်လက်များက အဝယ်ရှိသဖြင့် တစ်နေ့လျှင် အိတ် ၇၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်အဝင်များလာသဖြင့် ဈေးအနည်းငယ်ကျလာ တာတွေ့ရပါတယ်။ နှမ်းနီကို မြို့တွင်းဆီစက်များက အဝယ်ရှိနေသော်လည်း ဈေးငြိမ်နေတာတွေ့ရပါတယ်။ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၆၆၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၆၆၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၆၆၀၀ ဖြင့် ယခုတစ်ပတ် ပြည်ဈေးကွက်၌ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဆီဈေးမှာ နှမ်းဦးဆီတစ်ပိဿာလျှင် ကျပ် ၄၈၀၀၊ နှမ်းဆီရိုးရိုး တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ဖြင့်အရောင်း အဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## စားအုန်းဆီ

### ပဲပုပ်ဆီဈေးကျဆင်းမှုနဲ့ ရောင်းလိုအား မြင့်တက်မှုကြောင့် စားအုန်းဆီဈေး ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးအထိကျဆင်း

စားအုန်းဆီကဲ့သို့ ဟင်းရွက်ဆီ အမျိုးအစားဝင် တစ်မျိုးဖြစ်တဲ့ ပဲပုပ်ဆီဈေးတွေ စက်တင်ဘာ ၁ ရက်မှာ ကျဆင်းခဲ့ပါတယ်။ အလားတူပဲ မလေးရှားစားအုန်းဆီကြိုရောင်းဈေးကလည်း တစ်ဟုန်ထိုး ကျဆင်းခဲ့ရာ ရက်သတ္တပတ်သုံးပတ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့များက ထုတ်ပြန်တဲ့စာရင်းများအရ ပို့ကုန်ကိန်းဂဏန်းများ ခိုင်မာမြင့်တက်လျက်ရှိနေပေမယ့် ဈေးကွက်မှာရောင်းလိုအားကောင်းလာတဲ့အတွက် စားအုန်းဆီဈေးတွေ ကျဆင်းတာဖြစ်ကြောင်း၊ အရောင်းတာဝန်ခံတွေက ပြောပါတယ်။

"ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့မှာလည်း အခြေအနေ မကောင်းပါဘူး။ တစ်ချိန်တည်းမှာ ဝယ်လက်တွေမှာလိုသလောက်ပြည့်စုံသွားပြီဖြစ်တဲ့အတွက် သိုလှောင်ကုန်ကို ဝယ်ယူတဲ့အထိ ဖြစ်မလာတော့ပါဘူး"လို့ ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ရဲ့ အခြေအနေကိုရည်ညွှန်းပြီး ကွာလာလမ်ပူ အခြေစိုက် အရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ သီးနှံရိတ်သိမ်းမှုက စံချိန်တင်မြင့်တက်မယ့် အလားအလာရှိတဲ့အတွက် ပဲပုပ်ဆီဈေးက ကျဆင်းလာခဲ့ပါတယ်။ ချီကာဂို ကုန်သွယ်ရေးအဖွဲ့မှာ ဒီဇင်ဘာအတွက် စာချုပ်ချုပ်ဆိုတဲ့ ပဲပုပ်ဆီဈေးက သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်မှာ ဆီအမျိုးအစားနှစ်ခုစလုံးက ဈေးကွက်ဝေစုရရှိရေးအတွက် ယှဉ်ပြိုင်နေရတာကြောင့် ပဲပုပ်ဆီဈေးက စားအုန်းဆီဈေးအပေါ်မှာ အကျိုးသက်ရောက်မှုရှိတတ်ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ နိုဝင်ဘာအတွက် ရောင်းချတဲ့ စားအုန်းဆီ ကြိုရောင်းဈေးက သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၅၂၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၉ ) နှုန်းရှိခဲ့ပါတယ်။ တစ်ရက်အတွင်း အနိမ့်ဆုံးဈေးအဖြစ် တစ်တန်ကို ၂၄၈၇ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ ဩဂုတ် ၁၂ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

ရောင်းချမှုပမာဏမှာ စက်တင်ဘာ ၁ ရက်ညနေပိုင်းက ၂၅ တန်ရှိ အတွဲ ၄၁၇၇၅ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း ပျမ်းမျှ ရောင်းချနှုန်းဖြစ်တဲ့ ၄၄၆၀၀ တွဲအောက် ကျဆင်းနေတာတွေ့ရပါတယ်။ စားအုန်းဆီဈေးက စောစောပိုင်းက ရက်သတ္တ သုံးပတ်ဆက်တိုက် မြင့်တက်ခဲ့ပြီးနောက် ဒုတိယမြောက်ရက်သတ္တပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ပါတယ်။

အိန္ဒိယရဲ့ ဝယ်လိုအားမြင့်တက်ခဲ့တဲ့အတွက် စားအုန်းဆီထုတ်ကုန်များ တင်ပို့မှုက ဩဂုတ်မှာ ၂၆ ရာခိုင်နှုန်းမှ ၂၇ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့တွေဖြစ်တဲ့ Intertek Testing Services နဲ့ Societe Generale de Surveillance တို့ရဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။

စားအုန်းဆီနောက်ဆုံး ကျဆင်းနိုင်တဲ့ဈေးက တစ်တန်ကို ၂၅၁၁ ရင်းဂစ်နှုန်းဖြစ်နိုင်ပါတယ်။ ဒီထက်ကျဆင်းလာမယ်ဆိုရင် တစ်တန်ကို ၂၄၇၇ ရင်းဂစ်နှုန်းအထိ ရောက်ရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောပါတယ်။

အခြားဟင်းရွက်ဆီဖြစ်တဲ့ ပဲပုပ်ဆီရဲ့ ဇန်နဝါရီအတွက် ကြိုရောင်းဈေးက ဒါလီယံကုန်စည်ဒိုင်မှာ သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ **ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂-၉-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၁၉၅၀ | ▽ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၇၄၅ | ၁၆၉၀ | ▽ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၆၀ | ၁၈၀၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၈၆၀ | ၁၈၃၀ | ▽ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၅၀၀ | ၃၅၀၀ | □ | ၁၉၅၀ | ၁၈၅၀ | ▽ |
| မုံရွာ | ၄၀၀၀ | ၃၉၀၀ | ▽ | ၃၂၀၀ | ၃၁၀၀ | ▽ | ၁၈၈၀ | ၁၈၄၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

Source: mirt




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂-၉-၂၀၁၆ US$/Ton

| အမျိုးအစား | ဩဂုတ်လစတုတ္ထပတ် | စက်တင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၂၇.၅၀ | ၇၃၀.၅၀ | △ |
| RBD P.Olein | ၇၄၅.၀၀ | ၇၄၁.၅၀ | ▽ |
| RBD P.Strarin | ၇၀၃.၀၀ | ၆၈၆.၀၀ | ▽ |

Source: econ.mpob

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂- ၉ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၁၂.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၁၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၃.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၆၃.၉၅၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂-၉-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၆၅ ဒေါ်လာနှင့် USD ဈေး ၁၂၁၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၂-၉-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၁၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# လေးလအတွင်းကုန်သွယ်မှု ဘာတွေတိုးလာသလဲ ဘာတွေလျော့ကျသွားသလဲ

| ရှင်မင်းအံ့ (DOT) |

မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှု အခြေအနေဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လ တတိယပတ်အထိ ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၀၇၃၀ သန်းကျော် ရှိပြီး ယခင်နှစ် ကာလ တူထက် အမေရိကန်ဒေါ်လာ ၇၅ သန်းနီးပါး လျော့နည်းနေတာကို တွေ့ရပါတယ်။ ယခင်နှစ် ကာလတူထက် လျော့ နည်းတာကတော့ ပို့ကုန်မှာ အမေရိကန် ဒေါ်လာ သန်း ၃၂၀ ပိုမိုတင်ပို့ခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး လျော့နည်း သွားခဲ့ပါတယ်။ ပို့ကုန် ပိုမို ခဲ့တာကတော့ ပဲမျိုးစုံ တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၁၇၀နီးပါး၊ CMP ချုပ်ပြီး အထည် တင်ပို့မှု က အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါးနဲ့ Re-export စနစ်နဲ့ တင်ပို့တဲ့ သကြားက အမေရိကန် ဒေါ်လာ သန်း ၄၅၀ ကျော်၊ ယခင်နှစ်ကထက် ပိုမို တင်ပို့နိုင်လို့သာ ပို့ကုန်က အမေရိကန်ဒေါ်လာ သန်း ၃၂၀ ကျော် ပိုမိုခဲ့တာဖြစ်ပါတယ်။ ပို့ကုန်မှာ အဓိက လျော့နည်းသွားတာကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့မှုကို ထိန်းချုပ်နေသဖြင့် သစ်နှင့် သစ်တောထွက် ပစ္စည်းများ တင်ပို့မှု လျော့နည်းနေကြောင်းနှင့် ကျောက်စိမ်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ထိန်းသိမ်းဆောင်ရွက်နေခြင်းများကြောင့် သတ္တုကဏ္ဍတွင် သဘာဝ သယံဇာတ ပစ္စည်းတွေဖြစ်တဲ့ ကျောက်စိမ်း၊ သတ္တုနှင့် သတ္တုတွင်းထွက်ပစ္စည်းတွေ အမေရိကန်ဒေါ်လာ သန်း ၂၈၀ ကျော် လျော့နည်းကြောင်း တွေ့ရ ပါတယ်။ သဘာဝဓာတ်ငွေ့က အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါးနဲ့ လယ်ယာထွက်ကုန်ပစ္စည်းများအနက် ဆန်နှင့်ဆန်ကွဲတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၈၀နဲ့ ပြောင်းတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀ လောက် တင်ပို့မှုလျော့နည်းသွားတာ ဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်ရေး စခန်း ၁၅ ခုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လ တတိယပတ်ထိ ကုန်သွယ်မှုဟာ အမေရိကန် ဒေါ်လာ သန်း ၂၈၂၀ နီးပါးရှိပြီး ယခင်နှစ် ကာလ တူထက် အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော် ပိုမိုနေတာ တွေ့ရပါ တယ်။ ပို့ကုန်တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၃ သန်း ပိုမိုနေတာ ဖြစ်ပါ တယ်။ ယခုနှစ် ပိုမိုတင်ပို့နိုင်တဲ့ ပစ္စည်းတွေကတော့ ပဲမျိုးစုံ အမေရိကန် ဒေါ်လာ သန်း ၈၀ နီးပါး၊ Re-export သကြား အမေရိကန် ဒေါ်လာ သန်း ၄၅၀ ကျော် တင်ပို့နိုင်တာ တွေ့ရပါတယ်။ နယ်စပ် ပို့ကုန်တင်ပို့မှု လျော့နည်းတဲ့ အဓိက ပို့ကုန်တွေကတော့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုတန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၈၀၊ ပြောင်းတင်ပို့မှု တန်ဖိုး အမေရိကန် ဒေါ်လာ ၅၂ သန်း၊ ကျောက်စိမ်း တင်ပို့မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၉၇ သန်း၊ သဘာဝဓာတ်ငွေ့တင်ပို့မှု အမေရိကန် ဒေါ်လာ ၂၈၇ သန်း လျော့နည်းနေတာကြောင့် ဖြစ်ပါတယ်။ ယခင်နှစ်ထက်တင်ပို့မှု လျော့နည်းတဲ့ စခန်းတွေကတော့ ကျိုင်းတုံ၊ တာချီလိတ်၊ ကော့သောင်း စခန်းတို့ဖြစ်ပြီး ပိုမိုတင်ပို့နိုင်တဲ့ စခန်းတွေကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ တမူး၊ ကန်ပိုက်တီး စခန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဆန်တင်ပို့မှု လျော့နည်းရတဲ့ အကြောင်းရင်းကတော့ ဆန်အဓိက တင်ပို့တဲ့နိုင်ငံဟာ တရုတ်နိုင်ငံဖြစ်ပြီး ညှိမထဆန်သစ်များကို ပင်လယ်ရေကြောင်းမှ ပြည်ပတင်ပို့ရာတွင် ဆန် ဈေးနှုန်းအနေဖြင့် ဆန်တစ်တန် FOB ဈေးနှုန်းနှင့် ကုန်သည်ကြီးများ၊ Exporter များအနေဖြင့် တွက်ခြေကိုက်မှု မရှိသဖြင့် တင်ပို့မှု လျော့နည်းရကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့ရာတွင် FOB ကျသင့်ဈေးနှုန်းနှင့် ကုန်သည်ကြီး၊ Exporter တို့မှာ တွက်ခြေကိုက်သဖြင့် နယ်စပ်စခန်းများမှ တင်ပို့လျက်ရှိသော်လည်း ဆန်ဈေးနှုန်းအနေဖြင့် ယခုကာလတွင် ပြည်တွင်းဈေးနှုန်းလည်း အနည်းငယ်တက်လာသလို တစ်ဖက်နိုင်ငံတွင်လည်း ဈေးနှုန်း အနည်းငယ်တက်လာခြင်းကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း စုံစမ်း သိရှိရပါတယ်။

ပြောင်းတင်ပို့မှု အခြေအနေမှာ လက်ရှိ ပြည်တွင်း ဈေးကွက်တွင် ပြောင်းဈေးနှုန်း အနည်းငယ် ကျဆင်းလျက်ရှိသော်လည်း တစ်ဖက်နိုင်ငံ ဈေးနှုန်းမှာ အနည်းငယ် ဈေးတက်လျက်ရှိသဖြင့် မန္တလေးနှင့် လားရှိုးမှထွက်ရှိတဲ့ ပြောင်းများသည် ကုန်သည် Exporter များ တွက်ခြေကိုက်၍ တင်ပို့နိုင်သော်လည်း တောင်ကြီးမှ ထွက်ရှိတဲ့ ပြောင်းများမှာ သယ်ယူစရိတ် ကြီးမြင့်မှုကြောင့် တွက်ခြေမကိုက်၍ တင်ပို့မှုမရှိကြောင်း စုံစမ်းသိရှိ ရပါတယ်။

တရုတ်ပြည်တစ်ဝန်းတွင် ဇူလိုင်လဆန်းမှ စ၍ ရေကြီးရေလျှံခဲ့ခြင်း၊ နီပါတက် အင်အားပြင်း တိုင်ဖုန်းမုန်တိုင်းကြောင့် ပြောင်းစိုက်ဧရိယာများ လည်း ပါဝင်သွားပြီး စိုက်ပျိုးသီးနှံများ ပျက်စီးခဲ့ကြောင်း သိရှိရပါတယ်။ တရုတ်နိုင်ငံတွင် ပြောင်းဖူးစေ့ကို အသုံးပြု၍ မုန့်မျိုးစုံနဲ့ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်သည့် အသေးစားစက်မှုလုပ်ငန်းများ ပုံမှန် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများစွာ လိုအပ်လျက်ရှိသဖြင့် ပြောင်းဝယ်လိုအား မြင့်မားလာမည်ဖြစ်၍ ပြောင်းဈေး ကောင်းလာနိုင်ကြောင်း သုံးသပ်ရပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ Re-export စနစ်ဖြင့် သကြားများအား တင်ပို့မှုများပြားလာကြောင်း တွေ့ရှိရပါတယ်။

သွင်းကုန်မှာ အဓိက လျော့နည်းတာကတော့ ယခင်နှစ် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းကတင်သွင်းတဲ့ ရေနံတွင်းတူးစက်ပစ္စည်းက အမေရိကန် ဒေါ်လာ သန်း ၇၀၀ နီးပါး၊ ရေနံထွက်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၇၀၊ စက်နဲ့ စက်ပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၁၅၀ နဲ့ စားအုန်းဆီ တင်သွင်းမှုက အမေ ရိကန် ဒေါ်လာ သန်း ၅၀၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းက အမေရိကန်ဒေါ်လာ ၃၅ သန်း လျော့နည်း တင်သွင်းခဲ့ပါတယ်။ ယခင်နှစ်ထက် ပိုမိုတင်သွင်းတာကတော့ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းက အမေရိကန် ဒေါ်လာ ၄၅ သန်း၊ ဓာတ်မြေဩဇာက အမေရိကန် ဒေါ်လာ ၅၂ သန်း၊ အခြား လုပ်ငန်းသုံးပစ္စည်းတွေက အမေရိကန် ဒေါ်လာ သန်း ၁၂၀ နီးပါးနဲ့ အခြား လူသုံးကုန်ပစ္စည်းတွေက အမေရိကန်ဒေါ်လာ သန်း ၃၂၀ ပိုမို တင်သွင်းတာ တွေ့ရပါတယ်။

နယ်စပ်စခန်းများမှ သွင်းကုန် တင်သွင်းမှုအနေဖြင့် ယခုနှစ်ကာလတူထက် အမေရိကန် ဒေါ်လာ သန်း ၉၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ပိုမိုတင်သွင်းနိုင်တဲ့ စခန်းတွေကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီ ကုန်သွယ်ရေးဇုန်၊ မြိတ်၊ တမူးနှင့် လွယ်ဂျယ်စခန်းတို့ ဖြစ်ပါ တယ်။

နယ်စပ်ဒေသများရှိ လုပ်ငန်းရှင်ငယ်များ တရားဝင်ကုန်သွယ်မှု ဆောင်ရွက်လာစေရေး ကြိုးပမ်းရာတွင် အထူးသဖြင့် တရုတ်နယ်စပ်မှ ပြည်တွင်းဝယ်လိုအားရှိသည့် ဆိုင်ကယ်တင်သွင်းမှုနှင့် ပတ်သက်၍ တစ်ဖက်နိုင်ငံမှ ဆိုင်ကယ် တရားမဝင် သယ်ယူမှုများရှိသဖြင့် တရားဝင် လမ်းကြောင်းပေါ်မှ ဆောင်ရွက်လာ စေရေးအတွက် ITC မှတ်ပုံတင်ကတ် ဆောင်ရွက်သူတစ်ဦးလျှင် တစ်ရက်ဆိုင်ကယ် တစ်စီးနှုန်းဖြင့် ရက်သတ္တတစ်ပတ်အတွက် ဆိုင်ကယ် ငါးစီး တင်သွင်းခွင့် ပြုထားကြောင်း သိရှိရပါတယ်။

ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် သွင်းကုန် လိုင်စင် လျှောက်ထားရန် လိုအပ်သည့် Negative List HS Code လိုင်း ၄၄၀၅ လိုင်း အနက်မှ ကုန်စည်လိုင်း ၂၆၇ လိုင်း အား သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုသော ကုန်စည်လိုင်းများ အဖြစ် ဖြေလျှော့ ထုတ်ပြန်ခဲ့ပြီးဖြစ်၍ HS လိုင်း ၄၁၃၈ လိုင်း သာ ကျန်ရှိပြီး ကျန်ကုန်စည်လိုင်းများအား ခေတ်နှင့် လျော်ညီစွာ အဆင့်ဆင့်ဖြေလျှော့သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ပြည်ပသို့ တင်ပို့ရန် ကန့်သတ်ထားသော ပို့ကုန် ၁၂ မျိုးအနက်မှ ပန်းနှမ်းဆီ၊ မုန်ညင်းစေ့၊ မုန်ညင်းဆီ၊ နေကြာစေ့၊ နေကြာဆီ၊ ဆီကြိတ်ဖတ် အားလုံး၊ ပုစွန်ဖွဲ့စသည့် ကုန်ပစ္စည်း ငါးမျိုးအား ဖြေလျှော့ ၍ ပြည်ပသို့တင်ပို့ ခွင့်ပြုကြောင်း ထပ်မံ သိရှိရပါတယ်။

Re-export ကုန်သွယ်မှု တိုးတက် ဖြစ်ထွန်း ဆောင်ရွက်နိုင်မှု အပေါ် မူတည်၍ ကန့်သတ် ပိတ်ပင်ထားတဲ့ အမယ်များ၊ လက်နက်၊ မူးယစ်ဆေးဝါးကဲ့သို့သော အမယ်များမှအပ ကျန်ကုန်ပစ္စည်းများ အပေါ် ပြည်ပဈေးကွက် ဝယ်လိုအားနှင့် ပြည်တွင်း ထုတ်လုပ် နိုင်မှု အခြေအနေတို့အရ Re-export စနစ်ဖြင့် လိုင်စင် လျှောက်ထားလာမှုများအား ဆက်လက် ခွင့်ပြုသွားမည် ဖြစ်ကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်ပမာဏ သုံးဆတိုး မြှင့်နိုင်ရန်အတွက် အလားအလာကောင်းများ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

# စားအုန်းဆီဈေးနှုန်းဘာကြောင့် တက်သလဲ

| ရှင်မင်းအံ့ (တန့်ဆည်) |

ဩဂုတ်လအတွင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် စားအုန်းဆီ တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ခန့်ရှိခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ရင် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ၃၀၀ ကျပ်ခန့် မြင့်တက်ခဲ့ပြီး ရန်ကုန်တွင် ၃၅၀ ကျပ်ခန့်မြင့်တက်ခဲ့ပါတယ်။ ယခင်နှစ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်တွင် ၄၀၀ ကျပ်ခန့်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ၅၀၀ ကျပ်ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ဈေးကွက်တွင် ဖြစ်ပေါ်ခဲ့သော စားသုံးဆီ ဈေးနှုန်းများကို လေ့လာကြည့်ပါက ပဲဆီတစ်ပိဿာကို နေပြည်တော်တွင် ၅၈၀၀ကျပ်၊ ရန်ကုန်တွင် ၆၀၀၀ ကျပ်၊ မန္တလေးတွင် ၅၂၀၀ ကျပ် ဈေးနှုန်းအသီးသီးဖြစ်ပေါ်ခဲ့၍ ယခင် တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း စားသုံးဆီ ထုတ်လုပ်မှုဟာ ပြည်တွင်း စားသုံးမှုအတွက် မလုံလောက်တာကြောင့် ပြည်တွင်း ဆီဈေးနှုန်း မြင့်တက်ပြီး ဝင်ငွေနည်းပါးတဲ့ ပြည်သူများ စားသုံးရန် အခက်အခဲမရှိစေဖို့ ပြည်ပမှ စားအုန်းဆီများ တင်သွင်းခွင့် ပြုထားကြောင်း သိရပါတယ်။ စားအုန်းဆီ တင်သွင်းမှုအနေဖြင့် ယခင်နှစ်တွေက ကုမ္ပဏီ အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုခဲ့ရာမှ ၂၀၁၁ ခုနှစ်မှစ၍ ပြည်သူလူထု၏ စားသုံးမှု ဖူလုံစေရန်အတွက် အမေရိကန်ဒေါ်လာငွေကြေး လက်ဝယ်ရှိသည့် မည်သည့်ကုမ္ပဏီကိုမဆို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ လွတ်လပ်စွာ တင်သွင်းခွင့် ပြုထားကြောင်း သိရ ပါတယ်။

ပြည်ပမှ တင်သွင်းသော စားအုန်းဆီဈေးနှုန်းမှာ ယခုတစ်ပတ် CIF တန်ဖိုးမှာ အမေရိကန် ဒေါ်လာ၇၇၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်က ၇၈၅ ဒေါ်လာဖြစ်၍ ယခင်တစ်ပတ်ထက် ဈေးနှုန်း အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ငွေလွှဲနှုန်းမှာ ယခု တစ်ပတ် တစ်ဒေါ်လာလျှင် ၁၂၀၄ ကျပ် ဖြစ်ပြီး ယခင် တစ်ပတ်ထက် ၁၄ ကျပ်ခန့် ဈေးမြင့်တက် ခဲ့၍ စားအုန်းဆီ အရင်းဈေးနှင့် ဖြန့်ဖြူး ဈေးမြင့်တက်မှု အနည်းငယ်သာ ကျဆင်းခဲ့ကြောင်း စုံစမ်းသိရှိရပါတယ်။

နိုင်ငံတကာအနေနဲ့ အဓိက ဆီစားသုံးနိုင်ငံများဖြစ်တဲ့ တရုတ်၊ အိန္ဒိယနိုင်ငံများ၏ ဝယ်လိုအားကြောင့် ယခုလတွင် သင်္ဘောတင်ပို့မှု မြင့်တက်ခဲ့၍ ဆီတင်ပို့မှု ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ထိပ်တန်းဆီ ထုတ်လုပ်သည့် နိုင်ငံများဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများတွေမှာ စားအုန်းဆီ အထွက်နှုန်း ကျဆင်းခဲ့ကြောင်း၊ ရောင်းလိုအား ကျဆင်းခဲ့ပြီး စားအုန်းဆီဈေးမှာ အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါတယ်။ ကမ္ဘာ့စားသုံးဆီ ဈေးကွက်နှင့် ချိတ်ဆက် လျှက်ရှိသော ပြည်တွင်း စားအုန်းဆီ လက်ကား ဈေးကွက်မှာ ကမ္ဘာ့ဈေးနှုန်း မြင့်တက်လာခြင်းကြောင့် မိမိပြည်တွင်း လက်ကားဈေးနှုန်းများလည်း လိုက်ပါ မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားအစိုးရက အမေရိကန်သွင်းကုန်စည်းမျဉ်းများကို တုံ့ပြန်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံအစိုးရအနေဖြင့် ဖြစ်နိုင်ချေရှိသည့် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ၎င်း၏အသုံးစရိတ်ကို တိုးချဲ့သွားမည်ဖြစ်သည်။ ယင်းကဲ့သို့ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ပရှိကိုရီးယားစီးပွားရေးလုပ်ငန်းများကို ကူညီနိုင်ရန်ရည်ရွယ်၍ ပြည်ပပြန်လည် တုံ့ပြန်ရေးအဖွဲ့များကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ကိုရီးယားနိုင်ငံကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့မှ ထုတ်ပြန်သည့် အချက်အလက်များအရ ပြီးခဲ့သည့်ဇူလိုင်လကုန်ပိုင်းအထိ ၁၇၉ မျိုးသော ကိုရီးယားထုတ်ကုန်ပစ္စည်းများမှာ နိုင်ငံပေါင်း ၃၁ နိုင်ငံရှိသွင်းကုန်ဆိုင်ရာ ထိန်းချုပ်မှုရှိသည့်ပစ္စည်းများဖြစ်သည်ဟု သိရှိရသည်။

အစိုးရအနေဖြင့် ကိုရီးယားစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပြည်ပအစိုးရများ၏ သွင်းကုန်စည်းမျဉ်းများအား ပြန်လည်တုံ့ပြန်နိုင်ရေး ထောက်ပံ့ရန် ဆုံးဖြတ်ထားသည်။ ပထမဦးစွာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များကို ချိုးဖောက်သည်ဟုဆိုကာ အခွန်မြင့်မားစွာပေးဆောင်ရန် စွပ်စွဲခံထားရသည့်ကိုရီးယားကုမ္ပဏီများကိုထောက်ပံ့ကူညီရန်အတွက် ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သုံးစွဲငွေကို တိုးချဲ့ရန် မျှော်လင့် ထားသည်။

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့အနေဖြင့်လည်း နိုင်ငံရပ်ခြားတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကိုရီးယားကုမ္ပဏီများအတွက် အကြံပေးသည့်ဝန်ဆောင်မှုကိုထောက်ပံ့ပေးနိုင်ရန် ကုန်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်နိုင်ငံတကာဥပဒေပညာရှင်များ ပါဝင်သည့် အကြံပေးအဖွဲ့ကို လည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်ပအစိုးရများ၏ သွင်းကုန် စည်းမျဉ်းများနှင့်ပတ်သက်၍ လစဉ် အစီရင်ခံစာများကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့်လည်း ဆက်စပ်စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်စုဆောင်းရန်နှင့် ပြည်ပနိုင်ငံရှိ အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်၍ အမေရိကန်၊ တရုတ်၊ အိန္ဒိယအပါအဝင် အဓိက ကုန်သွယ်ဖက်နိုင်ငံများတွင် ပြည်ပအထူးအဖွဲ့များ တွဲဖက်ထားရှိသွားရန်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံချက်များသည် ၎င်းတို့၏ ပြည်တွင်း ထုတ်လုပ်မှုနှင့်အလုပ်အကိုင်ဈေးကွက်ကို အကာအကွယ်ပေးလိုသည့် ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အကျပ်အတည်းတွေ့ကြုံရမှုများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ကြသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်အစိုးရအနေဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့်POSCO Daewoo ကုမ္ပဏီ၏ စတီးထုတ်ကုန်ပစ္စည်းများ အမေရိကန်သို့တင်ပို့မှုနှင့် ပတ်သက်၍ ၅၇ ဒသမ ၀၄ ရာခိုင်နှုန်း အခွန်စည်းကြပ်ကောက်ခံရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ အစီအစဉ်မှာ အမေရိကန် စတီးထုတ်လုပ်မှုလုပ်ငန်းကို ကာကွယ်ရန်အတွက် Anti-dumping ဆိုင်ရာ အစီအမံအား ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ကိုရီးယားစတီးထုတ်လုပ်သူများကို သိသာထင်ရှားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

## တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပမှတင်သွင်းသည့် မော်တော်ကားများ ရောင်းအားကျဆင်း

ပြည်ပမှတင်သွင်းသည့် မော်တော်ကားများ၏ ရောင်းအားသည် ပြီးခဲ့သည့်လက ခုနစ်နှစ်တာကာလအတွင်း အကြီးမားဆုံးကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်လက မှတ်ပုံတင်ထား သည့် ပြည်ပမှတင်သွင်းသည့် ကားစုစုပေါင်း ၁၅,၇၃၀ စီးရှိခဲ့ပြီး ယမန်နှစ် ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်း လျော့နည်းကျဆင်းခဲ့သည်ဟု ကိုရီးယားနိုင်ငံ မော်တော်ကားတင်သွင်းဖြန့်ချိသူများအသင်းမှ စာရင်းများအရ သိရှိရသည်။ အဆိုပါကျဆင်းမှုသည် ၂၀၀၉ ခုနှစ် ဇူလိုင်လမှ ယခုအချိန်အတွင်း အကြီးမားဆုံးကျဆင်းမှုဖြစ်သည်ဟု သိရှိရသည်။ အဓိက အကြောင်းအရင်းဖြစ်သည့် အခွန်လျှော့ချမှု အစီအစဉ်အား အဆုံးသတ်လိုက်ခြင်းနှင့်အတူ ပြည်ပမှတင်သွင်းသည့် မော်တော်ကားရောင်းချမှုသည် ဇွန်လတွင် ၃၂ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြည်ပမှတင်သွင်းသည့်ယာဉ်များသည် ယမန်နှစ် ဒီဇင်ဘာလတွင် ၂၄၃၆၆ စီးရှိခဲ့ပြီး အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။ ပြည်တွင်းထုတ် မော်တော်ကားများ ရောင်းချမှုသည်လည်း ပြီးခဲ့သည့်လတွင် ကျဆင်းခဲ့သည်။ သို့သော်လည်း နိုင်ငံခြားဖြစ်ကားများ ရောင်းချမှုသည် ပိုမိုလျော့ကျခဲ့သည်။ အကြောင်းအရင်းမှာ အငြင်းပွားဖွယ်ရာ၊ သံသယဖြစ်ဖွယ်ရာ အင်ဂျင်များဖြင့် တပ်ဆင်အသုံးပြုထားသည့် Volkswagen ကားများ ဈေးကွက်တွင်းရောင်းချမှု ရပ်တန့်ခဲ့ရခြင်းကြောင့်ဖြစ်သည်။ ယမန်နှစ် ဇူလိုင်လက Volkswagen ကား စုစုပေါင်း ၂၉၉၈ စီးရောင်းချခဲ့ရပြီး ဈေးကွက်တွင် တတိယနေရာကို ယူခဲ့ သည်။ သို့သော်လည်း ပြီးခဲ့သည့်လက ၄၂၅ စီးသာ ရောင်းချခဲ့ရသည်ကို တွေ့ ရှိရသည်။ Audi ကားများ ရောင်းချရမှုသည် ပြီးခဲ့သည့်လက ၁၅၀၄ စီးရှိခဲ့ပြီး ၄၂ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောင်းအားကျဆင်းခဲ့ သည်ကို တွေ့ရသည်။ ဂျာမန်ကားထုတ်လုပ်သူများအနေဖြင့် တောင်ကိုရီးယားနိုင်ငံ မော်တော်ကားဈေးကွက်တွင် ၅၀ ရာခိုင်နှုန်းခန့် နေရာယူထားလျက်ရှိသည်။ ဂျပန်ကားများအနေဖြင့် ၁၅ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိပြီး၊ ဗြိတိန်နိုင်ငံထုတ် ကားများသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် အမေရိကန် ထုတ်ကားများမှာ ၉ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးနေရာယူထားလျက်ရှိသည်။ ဒီဇယ်ကားများရောင်းချမှု သည်လည်း အဆိုးရွားဆုံးကျဆင်းခဲ့သော်လည်း ဖက်စပ်ထုတ်မော်တော်ယာဉ်များ ရောင်းချမှုမှာ ပြန်လည်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## တီထွင်ထားသော ထုတ်ကုန်များစမ်းသပ်မည့် ဓာတ်ခွဲခန်း ဖွင့်လှစ်မှုအား ဒေသတွင်းလုပ်ငန်းသစ် ၅၀ က ကြိုဆို

အမေရိကန်နိုင်ငံ စာရင်းဝင်အီလက်ထရောနစ်အစိတ်အပိုင်းများ ဖြန့်ချိရေးကုမ္ပဏီဖြစ်သည့် Arrow မှ တီထွင်လိုက်သော ထုတ်ကုန်များ စမ်းသပ်ရန်အတွက် ဈေးကြီးသည့် စက်ကိရိယာများကို ကိုယ်ပိုင်ဝယ်ယူရန် မတတ်နိုင်သော Hardware များ တီထွင်ထုတ်လုပ်သည့်လုပ်ငန်းသစ်များအတွက် ရည်ရွယ်၍ ဟောင်ကောင်တွင် ဇွန် ၃၀ ရက်နေ့က ဖွင့်လှစ်ခဲ့သော ဓာတ်ခွဲခန်း အသစ် တည်ထောင်မှုအား ဒေသတွင်း အသေးစားနှင့် အလတ်စား လုပ်ငန်းသစ်များမှ အားပေးထောက်ခံခဲ့ကြသည်။

ဓာတ်ခွဲခန်းအား အသုံးပြုရန် ကုမ္ပဏီ ၅၀ ရှိ အင်ဂျင်နီယာပေါင်း ၁၂၀ က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ဓာတ်ခွဲခန်းအကျယ်အဝန်းမှာ စတုရန်းပေ ၃၀၀၀ ရှိပြီး ဒေသခံ အင်ဂျင်နီယာလေးဦးနှင့်အတူ ဒေသခံ ကုမ္ပဏီများက တီထွင်ထုတ်လုပ်သော wearable devices ကဲ့သို့ ထုတ်ကုန်များ စမ်းသပ်မှုအတွက် ကူညီရန် စက်ကိရိယာတန်ဖိုးဟောင်ကောင်ဒေါ်လာ ၁၀ သန်းမတည်၍ the next big thing ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ဒေသတွင်း စွန့်ဦးတီထွင် ကုမ္ပဏီသစ်များအား ပြုစုပျိုးထောင်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ဒုတိယဥက္ကဋ္ဌ Es-mond Wong မှ ပြောကြားခဲ့သည်။

Arrow ကုမ္ပဏီက ၎င်း၏ ဓာတ်ခွဲခန်းအား အသုံးပြုသော လုပ်ငန်းများအား ၎င်း၏တည်ရှိပြီး ကွန်ရက်ချိတ်ဆက်မှုဖြင့် ရှန်းကျန့် အတွင်း ထုတ်လုပ်သူများနှင့် ရောင်းချပေးမည့် ဖောက်သည်များအား ရှာဖွေချိတ်ဆက်ပေးနိုင်ကြောင်း ပြောကြားခဲ့ သည်။

LED မီးသီးများ၊ စက်မှုဆိုင်ရာ application များ၊ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် ထုတ်ကုန်များစသည့် Internet of thing basket ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများအား ကူညီပေးရေး အာရုံစိုက်သွားမည်ဖြစ်ကြောင်း၊ Internet of thing အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွင် တန်ဖိုးအားဖြင့် ၂၀၁၄ တွင် အမေရိကန် ဒေါ်လာ ၆၆၅ ဒသမ ၈ ဘီလီယံမှ ၂၀၂၀ တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံအထိ ရှိမည်ဖြစ်ကြောင်း မဟာဗျူဟာ ရေးဆွဲရေးအဖွဲ့၏ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပြောကြားခဲ့သည်။

အင်ဂျင်နီယာများအနေဖြင့် ၎င်းစက်ပစ္စည်းအား အသုံးပြု၍ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီး၊ လုပ်ငန်းသစ်များအတွက် လက်လှမ်းမီသော နေရာဖြစ် ခဲ့ကြောင်း၊ ဤ Arrow ကုမ္ပဏီသာ မရှိပါက ထုတ်ကုန်အတွက် အဖြေရရှိစေရန် များစွာသော အီးလ်မေးများပေးပို့ မေးမြန်းခြင်း၊ လိုအပ်လျှင် ပြည်ပသို့ ကိုယ်တိုင်သွားရောက် ရမည်ဖြစ်ကြောင်း၊ ၎င်းကုမ္ပဏီရှိခြင်းဖြင့် အချိန်ကုန်၊ ငွေကုန် အလွန်သက်သာသည့် အစီအစဉ်ဖြစ်ကြောင်း လုပ်ငန်းရှင် တစ်ဦးက ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## ထိုင်းနိုင်ငံ၏ ဖရန်ချိုက်စ်လုပ်ငန်း ၃၃ ခုက မြန်မာနှင့် ဖိလစ်ပိုင်နိုင်ငံသို့ ချိတ်ဆက်ဆောင်ရွက်မည်

ထိုင်းနိုင်ငံရှိFranchises လုပ်ငန်းများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် ယမန်နှစ်က ဘတ် ၂၅၀ ဘီလီယံရှိရာမှ ယခုနှစ်တွင် ဘတ် ၂၇၀ ဘီလီယံသို့ တိုးတက်လာမည်ဟု ခန့်မှန်းထားပါသည်။ ထိုင်း Franchises လုပ်ငန်းများအနေဖြင့် ပြည်ပနိုင်ငံများသို့ တိုးချဲ့လုပ်ကိုင်ကြရန်လည်း အစိုးရက တွန်းအား ပေးဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ် ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်း Franchises လုပ်ငန်းများပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါပြပွဲမှ တစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်နိုင်ငံတို့နှင့် ချိတ်ဆက်နိုင်မည့် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ပါသည်။

ထိုင်း Franchises လုပ်ငန်း ၂၂ ခုသည် နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း၊ မုန့်ဖုတ်လုပ်ငန်း၊ အလှပြင်လုပ်ငန်းနှင့် ပညာရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွင်း စုစုပေါင်းဝင်ငွေ ဘတ် ၈၀ ဘီလီယံခန့် ရရှိနိုင်ပါသည်။ ထိုင်း Franchises လုပ်ငန်း ၂၀၉ ခုသည် နိုင်ငံခြားသို့ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ တိုးချဲ့လုပ်ကိုင်မည့် ထိုင်း Franchises လုပ်ငန်း ၃၃ ခုရှိ ကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် Franchises လုပ်ငန်းစုစုပေါင်း ၁၅၁၉ ခုရှိရာ ၃၈ ရာခိုင်နှုန်းသည် လက်လီရောင်းချသည့်လုပ်ငန်း၊ ၂၈ ရာခိုင်နှုန်းသည် အစား အသောက်လုပ်ငန်း၊ ၂၃ ရာခိုင်နှုန်းသည် ဝန်ဆောင်မှုလုပ်ငန်း၊ ခြောက် ရာခိုင်နှုန်းသည် ပညာရေးလုပ်ငန်းနှင့်ငါးရာခိုင်နှုန်းသည် အလှပြင်လုပ်ငန်း များကို လုပ်ကိုင်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း Franchises လုပ်ငန်းပေါင်း ၁၈၀၀ ခန့်အထိ တိုးတက်လာနိုင်ကြောင်း ခန့်မှန်းထားပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၅–၉–၂၀၁၆)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်မြင့်တက်

ဒီတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအနည်းငယ် တက်ခဲ့ပါတယ်။ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ်နဲ့ ဆက်တိုက်ဈေးငြိမ်ခဲ့တဲ့ ပြောင်းဈေးဟာ ယခုတစ်ပတ်မှာ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၈ယွမ်(တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၆၀ ယွမ်) အထိ ဈေးမြင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ တန်ချိန် ၉၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တာမို့ ဈေးနှုန်းတက်လာသလို အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်း

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်မှာ တစ်ပိဿာ ၃၇၅ ကျပ်ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၆၀ ကျပ် (တစ်တန်ကို ၂၂၀၄၆၀ ကျပ်)နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ဈေးနှုန်း ဆက်လက်ကျဆင်းခဲ့ပါတယ်။ ဝယ်လက်အနေနဲ့ ရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေက ဝယ်ယူခဲ့တာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ၅၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျဆင်းခဲ့

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ ယခင် တစ်ပတ်က ဈေးကျခဲ့ပြီး တစ်ပိဿာ ၂၂၃၀ ကျပ်ဖြစ်ခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၃၅ ကျပ်(တစ်တန်ကို ၁၂၄၆၂၁၃ ကျပ်) နဲ့ဈေးဖွင့်ခဲ့တာမို့ ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၃၈၀ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၆၅ ကျပ်(တစ်တန်ကို ၂၂၃၅၂၂ ကျပ်) နဲ့ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးနှုန်း ကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့သိပ္ပံနှမ်းဈေးမြင့်တက်

ဒီတစ်ပတ်အောင်လံဈေးကွက်မှာ ပဲတီစိမ်းနဲ့ သိပ္ပံနှမ်းဈေး အနည်းငယ် မြင့်တက်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၂၅ ကျပ်ရှိခဲ့တဲ့ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၅၀ ကျပ်(တစ်တန်ကို ၇၀၄၂၄၈ ကျပ်)နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးဆက်မြင့်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၃၃၈၀ ကျပ်သာရှိခဲ့တဲ့ သိပ္ပံနှမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၄၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် နှမ်းနီ ဈေးကျပြီး တစ်ပိဿာ ၁၈၄၅ကျပ်၊ နှမ်းနက်ရိုးရိုးကတော့ ဈေးငြိမ်ခဲ့ပြီး တစ်ပိဿာ ၂၂၂၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၁၁၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်ကျပြီး ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးဈေးမြင့်တက်ခဲ့

ယခုတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီနဲ့ကုလားပဲဖြူလုံးကြီးကတော့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၅၀ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၀၀ ကျပ် (တစ်တန်ကို ၇၃၄၈၆၈ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး တစ်ပိဿာ ၁၅၇၀ ကျပ်(တစ်တန်ကို ၉၆၁၄၅၂ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၃၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ ဖြူလုံးကြီးကလည်း တစ်ပိဿာ ၁၈၉၅ ကျပ်(တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) နဲ့ ယခင်တစ်ပတ်ထက် ဈေးမြင့်ကာ ဈေးဖွင့်ခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၄၈၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းပြီး ပဲတီစိမ်းဈေး မြင့်တက်ခဲ့

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ကဈေးကျပြီး တစ်ပိဿာကျပ် ၂၄၀၀ ရှိခဲ့တဲ့ မတ်ပဲက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၈၃ ကျပ်(တစ်တန်ကို ၁၂၇၅၆၀၈ ကျပ်) နဲ့သာ ဈေးဖွင့်ခဲ့တာကြောင့် ဈေး ဆက်လက်ကျဆင်းခဲ့ပါတယ်။ တစ်နေ့ကို သုံးတင်းအိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြည်ပအတွက် ရန်ကုန်ဝယ်လက်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၅၆ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၈၇ ကျပ် (တစ်တန်ကို ၈၄၉၃၈၄ ကျပ်) ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ပါတယ်။ တစ်နေ့ကို သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေး အနည်းငယ်ကျသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီတစ်ပတ်ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးအနည်းငယ်ကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၃၇၀ ကျပ်ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၆၀ ကျပ် (တစ်တန်ကို ၂၂၀၄၆၀ ကျပ်) နဲ့ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်အောက်ဈေးကျခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တာမို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီး ဈေးမြင့်တက်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ဈေးပြန်တက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ၁၂၁၀ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၆၃ ကျပ် (တစ်တန်ကို ၇၇၃၄၄၈ ကျပ်)၊ ပဲစင်းငုံနီက ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၁၀ ကျပ်မှယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၂၅ ကျပ် (တစ်တန်ကို ၉၉၅၁၃၃ ကျပ်) ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၀၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဖြစ်ခဲ့တာမို့ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီဈေးပြန်လည် မြင့်တက်

ဒီတစ်ပတ်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းပြီး ပဲစင်းငုံနီဈေးကတော့ပြန်လည်မြင့်တက်လာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို ကျပ် ၁၄၀၀၀၀၀၊ မတ်ပဲ SQ တစ်တန်ကို ၁၄၃၀၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာ မတ်ပဲ FAQ တစ်တန်ကို ၁၃၃၄၀၀၀ ကျပ်၊ မတ်ပဲ SQ တစ်တန်ကို ၁၃၈၄၀၀၀ ကျပ်နဲ့သာ ဈေးဖွင့်ခဲ့တာမို့ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ FAQ ကတော့ ယခင်တစ်ပတ်က တစ်တန်ကို ၁၀၂၃၀၀၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကို ၁၀၆၅၀၀၀ ကျပ်နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ရှိ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး အတက်အကျမရှိဘဲ ဆက်လက်ဈေးငြိမ်ခဲ့ပြီး တစ်ပိဿာကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ ကျပ်)နဲ့ တရုတ်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန် ၃၂၉၁၀၀ ပိဿာခန့် ရှိခဲ့တာမို့ အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျပြီး ပဲစင်းငုံနီဈေးမြင့်တက်

ဒီတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီဈေးကတော့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးက ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၂၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၀၀ ကျပ်(တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းပြီး တစ်နေ့ကို အိတ် ၁၀၀ မှ ၂၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၂၅ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၂၅ ကျပ်(တစ်တန်ကို ၉၉၅၁၃၃ ကျပ်) နဲ့ ဈေးဖွင့်ခဲ့တာကြောင့် ယခင် တစ်ပတ်ထက်ဈေးမြင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းပြီး ပဲတီစိမ်းဈေးတက်ခဲ့

ဒီတစ်ပတ်မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဈေးကျခဲ့ပြီး တစ်ပိဿာ ၁၅၁၅ ကျပ်ရှိခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၀၀ ကျပ်(တစ်တန်ကို ၉၁၈၅၈၅ ကျပ်)နဲ့ သာဈေးဖွင့်ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ တစ်နေ့ကို ပဲစင်းငုံနီ အိတ် ၆၃၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး တစ်ပိဿာ ၁၁၀၅ ကျပ်(တစ်တန်ကို ၆၇၆၆၉၀ ကျပ်)နဲ့ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၁၁၈၅ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်ဈေးတက်ခဲ့ပြီး နှမ်းဖြူနဲ့ နှမ်းနက်စမုံကတော့ ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနက် တစ်ပိဿာ ၂၆၉၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၁၈၀၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၃၄၆၅ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို နှမ်းမျိုးစုံ အိတ် ၂၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

# မြန်မာနိုင်ငံကုန်သွယ်ရေးကောလိပ်တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁ ရက်က မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်မှာ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်းကောလိပ်မှ မော်ကွန်းထိန်း ဦးသောင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်၊ ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သင်းသင်းနိုင်တို့က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေး၊ စားသုံးသူများ အနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး/ သုံးစွဲရာတွင် ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့လျှင် ဆက်သွယ်တိုင်ကြားနိုင်မည့် အခြေအနေ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ စားသုံးသူများ၏ တိုင်ကြားမှုများကို ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရအောင် ဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည် တွင်း/ ပြည်ပမှ ထုတ်လုပ်တင်သွင်းလာသည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ စံချိန်စံညွှန်းနှင့် အရည်အသွေးကောင်းမွန်စေရန် ထောက်ခံချက်ထုတ်ပေးလျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ စားသုံးမှုကြောင့် ကူးစက်တတ်သော ရောဂါများ ဖြစ်ပွားလျက်ရှိသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကုန်သွယ်ရေးကြောင်းကောလိပ်မှ မော်ကွန်းထိန်း၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြများ၊ ပထမနှစ်၊ ဒုတိယနှစ် (ရေကြောင်း/ အင်ဂျင်နီယာ) အရာရှိလောင်းများ စုစုပေါင်း ၂၉၅ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဩဂုတ်လ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ မြောက်ပိုင်းခရိုင်တွင် ခြောက်နေရာတို့၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

# ကယားပြည်နယ်အတွင်း အားကောင်းသည့် ခရီးသွားလုပ်ငန်း စာရင်းဇယားစနစ် ဖြစ်ပေါ်လာစေရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကမ္ဘာ့ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ UNWTO နှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) တို့ပူးပေါင်း ကယားပြည်နယ် (ဗဟို) အားလုံး ပါဝင်သော ခရီးသွားလုပ်ငန်း စီမံကိန်းအောက်တွင် အားကောင်းသည့် ခရီးသွားလုပ်ငန်း စာရင်းဇယားစနစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ဖြင့် UNWTO မှ ကျွမ်းကျင်သူများ လာရောက်၍ ကယားပြည်နယ် လွိုင်ကော်မြို့ (ITC) ရုံး၌ ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

အလုပ်ရုံ ဆွေးနွေးပွဲသို့ ကယားပြည်နယ် အစိုးရအဖွဲ့မှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဟိုတယ် လုပ်ငန်းရှင်များအသင်း၊ လေကြောင်းညွှန်ကြားမှု ဦးစီးဌာနမှ ဝန်ထမ်းများ၊ အဝေးပြေး ယာဉ်လိုင်းအသင်းမှ တာဝန်ရှိသူများ စုစုပေါင်း ၂၅ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားသား ခရီးသွားဧည့်သည် အဝင်အထွက် စာရင်းအင်းကောက်ယူမှု၊ ခရီးသွားလုပ်ငန်းအပေါ် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မှု၊ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဟိုတယ်နှင့် စပ်လျဉ်းသည့် စီးပွားရေး လုပ်ငန်းများအပေါ် စစ်တမ်းကောက်ယူ လေ့လာမှုဆိုင်ရာ စာရင်းဇယား ကောက်ယူမှု နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဗညားထက် (လွိုင်ကော်)**

# အချိုပေါ်ကို သကာလောင်းစေချင်

မြန်မာစကားပုံများတွင် အကောင်း နှစ်ဆင့်ရှိတဲ့ အလှတွင် အယဉ်ဆင့်၊ အချိုပေါ် သကာ လောင်း အစရှိတဲ့ စကားပုံတွေရှိသလို နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း၊ မြေနိမ့်ရာ လှံစိုက် စတဲ့ အဆိုး နှစ်ဆင့် စကားပုံတွေလည်း ရှိပါတယ်။

ကျွန်တော်တို့မှာ အသက်အရွယ် နည်းနည်း ရလာတယ်ဆိုရင်ပဲ နှလုံးက ဘာဖြစ်လို့၊ အသည်း က အဆီဖုံးလို့ စတဲ့ စတဲ့ ရောဂါတွေ ရလာကြတယ်။ ဒါတွေဟာ စားသုံးဆီတွေကြောင့်ပေ့ါ။ စားသုံး ဆီတွေနဲ့ ပတ်သက်ပြီး ပြည့်ဝဆီနှင့် ပြည့်ဝဆီ မဟုတ်သော ဆီဆိုပြီး နှစ်မျိုးရှိရာမှာ စားသုံးမှုလွန်ကဲပါက ကျန်းမာရေး ထိခိုက်နိုင်သော ပြည့်ဝ ဆီများမှာ တိရစ္ဆာန်မှ ရတဲ့အဆီ၊ ထောပတ်၊ အုန်းဆီ၊ စားအုန်းဆီတို့ ဖြစ်ပါတယ်။ အဲဒီအထဲမှာ စားအုန်းဆီဟာဖြင့် လူတွေ အများဆုံး စားသုံးတဲ့ အစားအစာ ဖြစ်ပါတယ်။

သူက အေးရင်ခဲတယ်။ နောက်ကျိတယ်။ ဒါဆိုရင် အန္တရာယ်ရှိတယ်ဆိုတာ အားလုံးသိကြ တယ်။ အဲဒီတော့ စီးပွားရေးသမားတွေက မခဲအောင် ဆပ်ပြာမှုန့် ထည့်ကြတယ်။ အဲဒါဆိုရင် ကြည်သွားရောတဲ့။ သွားပါရော။ အစကတည်းကမှ စားလျှင် အန္တရာယ်ရှိနိုင်တဲ့ဆီကို ထပ်ပြီး ဆပ်ပြာမှုန့် ထည့်တယ်တဲ့ဗျာ။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်က နယ်တစ်နယ်က ငရုတ်စိုက်ပျိုး ထွက်ရှိတဲ့ ရွာက ငရုတ်သီးအကြမ်းမှုန့် ထောင်းပြီး တစ်တင်းခွဲဝင် ပီနန်အိတ်နှင့် ထည့်ပြီး မြို့ကို ရထားနှင့် တင်ရောင်းတယ်။ တစ်နေ့ အကြောင်းမညီညွတ်လို့ မတင်ဖြစ်တော့ ဘူတာအနီး အိမ်တစ်အိမ်မှာ ခေတ္တထပ်ထားလိုက်တာ နှစ်လလောက် ကြာသွားတယ်။ ကာလကလည်း မိုးတွင်းဖြစ်တယ်။ တစ်နေ့တော့ မြို့ကိုတင်ဖို့အတွက် အိတ်တွေပြင်ဆင်ဖို့ဆိုပြီး အမျိုးသမီးလေးဦးနဲ့ အမျိုးသားတစ်ဦး ရောက်လာတယ်။ လက်ထဲမှာလည်း အနီရောင်အရည်ထုပ်တွေနဲ့ ဆားတွေနဲ့ပါ။ တစ်အိတ်ဖောက်လိုက်တာနဲ့ အနားမှာ ဘယ်သူမှ မနေနိုင်ကြဘူး။ ငရုတ်သီးမှုန့်လို့ တောင်မထင်ရဘူး။ အစိမ်းနုရောင်မှို အထပ်လိုက်၊ အတောင့်လိုက် ဘေးကိုလည်း လေနဲ့အတူ ပြန့်သွားတယ်။ အဲဒါကို မွှေမယ့် အမျိုးသမီးတွေက ပုဆိုးတွေနဲ့ မျက်စေ့ပေါ်ရုံ အုပ်စီးထားတယ်။ အမျိုးသမီးတွေက လက်နဲ့မွှေပေးတယ်။ အမျိုးသားတစ်ဦးက ဆားနဲ့ ပက်တယ်။ အနီရောင်အရည်တွေနဲ့ ပက်တယ်။ အနီရောင် အရည်တွေက ဘာလဲဆိုတော့ အထည်ဆိုးဆေးတွေပါ။ ဒီဆေးကို ဖွဲနုနဲ့ ရောပြီးထားတဲ့ ကျွပ်ကျွပ်အိတ် (၁၂×၇)လက်မတစ်အိတ်ကို အဲဒီအချိန်က ၅၀၀ ကျပ်တဲ့။ အဲဒီ တစ်တင်းခွဲဝင် တစ်အိတ်ကို ဆားတစ်ပိဿာနှင့် ဆိုးဆေးရည် တစ်အိတ်ပက်ပြီး ရောမွှေလိုက်တာ တစ်ခါတည်း အရောင် တောက်ပနေတဲ့ အကြမ်းမှုန့် ဖြစ်သွားတယ်ဗျာ။ အဲဒါကို ကျပ်ငါးဆယ်သားအိတ်နှင့် ချိန်ပြီး အထုပ်ထုပ်ကာ မြို့ကိုပို့တယ်ဗျာ။ အင်မတန်မှ ကြောက်ဖို့ကောင်းတဲ့ မှိုအထပ်လိုက်ကို အထည်ဆိုးဆေး ထပ်အုပ်ပြီး ရောင်းတယ်ဗျာ။

အဲဒီအချက်နှစ်ခုကိုပဲ ကြည့်ဗျာ။ အန္တရာယ် ပေးနိုင်တဲ့ အစားအသောက်ကို အန္တရာယ်ရှိတဲ့ ပစ္စည်းတွေနဲ့ မွမ်းမံလိုက်ပြီး အန္တရာယ် မရှိတဲ့ပုံစံမျိုးနဲ့ ပြည်သူတွေ စားသောက်ကြတယ်ဆိုရင် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း၊ မြေနိမ့်ရာ လှံစိုက်ဆိုတဲ့ စကားပုံတွေလို နှစ်ထပ်အဆိုး မဖြစ်ကြပေဘူးလား ခင်ဗျာ။ အဲဒီလိုမဟုတ်ဘဲ အကောင်းဘက်ကို ပြောင်းလဲ ဆောင်ရွက်ရင်း အချိုပေါ်ကို သကာလောင်းလိုက်စေချင် . . . . ။

**မောင်ကြည်ဟန် (ဟသ်ာတ)**

# မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်ရေးသင်တန်း ဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနနဲ့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ထုတ်ကုန်များ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့်ကျေးရွာများရှိ စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား 'သစ်သီးဝလံ အခြေခံ စားသောက်ကုန် ထုတ်လုပ်မှုသင်တန်း'ကို မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ၂၀၁၆ ခုနှစ် စက်တင်ဘာနောက်ဆုံးပတ်တွင် ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်။

အဆိုပါသင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများရှိ စားသောက်ကုန် လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြပြီး လူဦးရေကန့်သတ်ထားခြင်းမရှိကြောင်း သိရပါတယ်။

စားသုံးသူများအနေဖြင့် သစ်သီးဝလံများမှ ထုတ်လုပ်သည့် အစားအသောက်များအား စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စားသောက်ကုန်ထုတ်လုပ်သူ လုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရန် အရည်အသွေးပြည့်ဝသည့် စားသောက်ကုန်များအား ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်သို့ဝင်ရောက်ထိုးဖောက်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ရတာဖြစ်ကြောင်း သိရပါတယ်။

**စိုးအောင် (မန္တလေး)**

■

# ယခုတစ်ပတ်ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော်ရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၉၀၆ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၆၇ ဒသမ ၆၁၁ သန်း ဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၁၀ ဒသမ ၅၁၇ သန်း ဖြစ်ပါတယ်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇၀၅ သန်း ဖြစ်ပြီး လိုငွေပြရခြင်းမှာ ချုပ်ပြီး အထည်နဲ့ ပဲတီစိမ်းတင်ပို့မှု လျော့နည်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ယခုတစ်ပတ်အတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆၀၁ သန်းနဲ့ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၄၅၉ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈၆ ဒသမ ၀၆၀ သန်းနဲ့ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၈၅၈ သန်းဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၃၀၅ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၅၂ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၄ ဒသမ ၄၅၇ သန်း ဖြစ်ပြီး၊ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၁၅၃ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးအနေနဲ့ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၇၀၅ သန်းရှိနေပါတယ်။

**ယဉ်ယဉ်အေး**

# ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သွယ်ရေးစခန်းများမှ ပြည်ပသို့ တင်ပို့ရန် သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများ၌ပင် လိုင်စင်လျှောက်ထားနိုင်

ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သွယ်ရေးစခန်းများမှ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် ပို့ကုန်လိုင်စင်များကို သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများ၌ပင် လိုင်စင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ကော့သောင်းကုန် သွယ်ရေးစခန်းတွင် ဩဂုတ်လ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် ကုန်သွယ်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ ပြည်တွင်းမှထွက်ရှိသည့် ကြက်သွန်နီများကို ပြည်ပသို့တင်ပို့ရန် ပို့ကုန် လိုင်စင်လျှောက်ထားရာတွင် လိုင်စင်တစ်စောင်လျှင် တန် ၁၀၀ ထက်မပိုဘဲ သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများတွင် တိုက်ရိုက်လက်ခံစိစစ်ပြီး ခွင့်ပြုပေးသွားရန် ညွှန်ကြားထားကြောင်း သိရသည်။

သွင်းကုန်ပစ္စည်းများအနေနဲ့ ယခင်က စားသုံးဆီကို နေပြည်တော်နှင့် ရန်ကုန်တို့တွင်သာ သွင်းကုန်လိုင်စင် ခွင့်ပြုထုတ်ပေးရာမှ ယခုအခါ မူဆယ်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ မြိတ်တို့တွင်ပါ သွင်းကုန်လိုင်စင် လျှောက်ထားခွင့်ပြုထားကြောင်းတို့ကိုလည်း ကုန်သည်လုပ်ငန်းရှင်များ သိရှိအောင် စခန်းတာဝန်ခံက ဖြည့်စွက် ဆွေးနွေး ပြောကြားသွားတယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါး တန် ၈၀ ကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ဩဂုတ်လ ၂၀ မှ ၂၆ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၇ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း ၈၄ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည် တင်ပို့နိုင်တာ တွေ့ရပါတယ်။

ဩဂုတ်လဆန်းပိုင်းမှစပြီး စတုတ္ထပတ်အထိ အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၇ သန်း တန်ဖိုးရှိ ရေချိုငါး ၂၃၈ တန်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့ပြီးဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်တွင် စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးအပြင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၃ သန်းတန်ဖိုးရှိ ဆီးသီးခြောက်၊ ဆီးယိုထုပ်၊ ဆီးဖတ် ၁၁၃ တန်ကိုလည်းကောင်း၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၁ သန်းတန်ဖိုး ရှိမန်ကျည်းစေ့ ၁၉၇ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၆ သန်း တန်ဖိုးရှိ နနွင်းတက် ၄ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၄ သန်းတန်ဖိုးရှိ ချင်းအစို ၃၂ တန်၊ အမေ ရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်း တန်ဖိုးရှိ သစ်ခေါက် ၁၃ တန်ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေး စခန်းမှ ဩဂုတ်လ ၂၀ မှ ၂၆ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၂ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၃၉၀ ခန့်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၂ တန်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၆၇ တန်ခွဲ ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

ယခုကဲ့သို့ ပိုမိုရခြင်းမှာ ကော့သောင်း ကုန်သွယ်ရေး စခန်းမှ ငါးမျိုးစုံ၊ ကင်းမွန်နဲ့ ကဏန်း ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ကော့သောင်း ကုန်သွယ်ရေး စခန်းမှ ရေထွက်ကုန်များကို ပိုမို တင်ပို့နိုင်သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှာ ရေထွက်ကုန် တင်ပို့မှု လျော့ကျတာ တွေ့ရပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ငါးမျိုးစုံနဲ့ ကဏန်းတင်ပို့မှု လျော့နည်းခြင်းကြောင့်ဖြစ်ပြီး ကော့သောင်းကုန်သွယ်ရေးစခန်းမှ ငါးမှုန့် ပိုမိုတင်ပို့နိုင်သော်လည်း ငါးမျိုးစုံ၊ အေးခဲပုစွန်၊ ရေငန်ပုစွန်၊ အေးခဲကဏန်းပျော့၊ ကင်းမွန်တင်ပို့မှုလျော့နည်းခြင်းကြောင့် ရေထွက်ပို့ကုန် လျော့နည်းရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်ကုန်သွယ်ရေးဇုန်မှရေထွက်ကုန်ပစ္စည်းတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်သီတင်းပတ်တွင် ကဏန်း၊ ငါးရှဉ့်၊ ရေခဲငါး၊ ငါးလေး ခြောက်၊ ငါးဆားနယ်၊ ငါးစီဖောင်း၊ ငါးပေါက်အရှင်နဲ့ ပုစွန်ခြောက်မှုန့်တို့ တင်ပို့ခဲ့ရာ တန်ချိန်အားဖြင့် ၇၉၈ တန်ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၀၇ သန်းတန်ဖိုး တင်ပို့ခဲ့ပါတယ်။ ငါးရှဉ့်၊ ငါးဆားနယ်၊ ငါးလေးခြောက်နဲ့ ရေငန်ပုစွန်တင်ပို့မှုမှာ ယခင်တစ်ပတ်ထက်လျော့နည်း တင်ပို့ခဲ့တာကြောင့် ရေထွက်ကုန်ပစ္စည်း တင်ပို့မှု လျော့နည်းရခြင်းဖြစ်ပြီးနဲ့ တစ်ဖက်နိုင်ငံ ဈေးအနေဖြင့် ငါးရှဉ့် တစ်တန်လျှင် ၂၀၀၀၀ ယွမ်နဲ့ ကဏန်းတစ် တန်လျှင် ၅၀၅၂၀ ယွမ်ဈေးရရှိခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနိုင်ငံသို့ ပြည်တွင်းမှထွက်ရှိသည့် ကွမ်းသီး တန် ၄၀၀ ကျော် ပိုမိုတင်ပို့

အိန္ဒိယ နယ်စပ်မှ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၃သန်း တန်ဖိုးရှိ ကွမ်းသီး ၁၂၂၃တန်ကို တစ်ဘက်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၅၃တန်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၄၇၀ခန့် ပိုမို တင်ပို့နိုင်တာ တွေ့ရပါတယ်။

တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၂၉ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၈၂၀ နဲ့ ရိဒ် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၃၇၄ သန်း တန်ဖိုး ရှိကွမ်းသီး ၄၀၃ တန်ကို အိန္ဒိယသို့ တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေး စခန်းမှ ကွမ်းသီးအပြင် နမ့်ဖာလုံ အမယ်စုံနဲ့ စီးကရက်ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၅သန်းဖိုးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ မုန့်မျိုးစုံ၊ ပလပ်စတစ်အိတ်၊ ကလေးဝမ်းဆက်၊ ကလေးဝတ်တီရှပ်၊ ကလေးဝတ် အနွေးထည်၊ မအတွင်းခံဘောင်းဘီတို့ကိုအမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၈ သန်းဖိုး တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဩဂုတ်လနောက်ဆုံးပတ်အတွင်း နယ်စပ်ဒေသများမှ ဆိုင်ကယ်တင်သွင်းမှု လျော့ကျ

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနိုင်ငံများမှ အမေရိကန်ဒေါ်လာ ၄ဒသမ ၈၁၅ သန်း တန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၀၆၁၇ စီးကို ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ တင်သွင်းခဲ့ပါတယ်။ ဩဂုတ် တတိယပတ်အတွင်း ၁၁၁၇၉ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၆၂ စီး လျော့ကျ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းအလိုက် တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ဒသမ ၁၆၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၄၆၁ စီး၊ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၆၀ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာတစ်ဒသမ ၅၈၄သန်း တန်ဖိုးရှိ ဆိုင်ကယ် ၉၈၇ စီး၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၀ တန်ဖိုးရှိ ဆိုင်ကယ် ၉ စီးကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဩဂုတ် နောက်ဆုံးပတ်အတွင်း လွယ်ဂျယ် ကုန်သွယ်ရေးစခန်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ တမူး ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ဝင်ရောက်မှု မရှိဘူးလို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်နဲ့ ထိုင်းနယ်စပ်များမှ ဒညင်းသီးတင်ပို့

မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၉၉၄၇ တန်ဖိုးရှိဒညင်းသီး ၁၁၅ တန်ကိုလည်းကောင်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၀၁၆ တန်ဖိုးရှိ ဒညင်းသီး ၁၀ တန်ကိုလည်းကောင်း တင်ပို့ခဲ့ကြပါတယ်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ဒညင်းသီးကို ဩဂုတ်လဆန်းပိုင်းကတည်းက တင်ပို့ခဲ့တာဖြစ်ပြီး တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ယခုတစ်ပတ်မှ စတင် တင်ပို့ခဲ့တာဖြစ်ပါတယ်။ မောင်တော ကုန်သွယ်ရေးစခန်းမှာ ဒညင်းသီးတစ်တန်ကို လိုင်စင်ဈေး (ငွေလဲနှုန်းအရ) အမေရိကန်ဒေါ်လာ ၂၆၀ ရှိပြီး တာချီလိတ်မှာ အမေရိကန်ဒေါ်လာ ၂၁၀ခန့် ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ချင်းခြောက်တင်ပို့ပြီး စစ်တွေနဲ့ မောင်တောမှ ချင်းစိုပို့

ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်တာကာလတွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၆၄၀၂ တန်ဖိုးရှိ ချင်းခြောက် ၁၇ တန်ကျော်ကိုလည်းကောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၄၃၂၀ တန်ဖိုးရှိ ချင်းစို ၃၂ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၅၁၃၇၂ တန်ဖိုးရှိ ချင်းစို ၁၄၂ တန်ခွဲကို လည်းကောင်း တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က မူဆယ်မှ ချင်းခြောက်တန် ၄၀ ကျော်၊ စစ်တွေမှ ချင်းစို ၃ တန်၊ မောင်တောမှ ချင်းစို တန် ၁၅၀ တင်ပို့ခဲ့တာပါ။

မူဆယ်မှာ ဩဂုတ် ၂၀ မှ ၂၆ အတွင်း ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိ ဖက်ပေါက်ဈေး ၁၈၄၈၁၄၀ ကျပ်ရှိပြီး စစ်တွေ၊ မောင်တောမှာတော့ ချင်းစိုတစ်တန်ကို ၉၀၂၁၂၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# လူထုအားကို အများကြီး လိုသည်

|မြင့်ဦး (ပခုက္ကူ)|

နိုင်ငံတော်အတွက် ဘယ်အလုပ်ကိုပဲ လုပ်ကိုင်ဆောင်ရွက် ဦးဆောင်သူအစိုးရ၊ တာဝန်ပေးအပ်ခံရတဲ့ ဝန်ကြီးဌာန၊ အောက်ခြေမှာ လှုပ်ရှားနေကြရတဲ့ ဝန်ထမ်းများ ဘယ်လောက်ပဲ ကြိုးစားကြိုးစား လူထုအားဆိုတာ အမြဲတမ်း လိုအပ်ပါတယ်။

မိခင်ဌာန တစ်ခုတည်းရဲ့ အတွေ့အကြုံကိုပဲ တင်ပြ ပါရစေ။ မိမိဌာနအနေနဲ့ "စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ"များကို နယ်တွေမှာ ကွင်းဆင်း ဆောင်ရွက်ကြရာမှာ မျိုးစုံတွေ့ကြုံကြရပါတယ်။ ကျောင်းဖွင့်တဲ့ ရာသီဆိုတော့ ကျောင်းတွေကို အဓိကထား ကျောင်းသား၊ ကျောင်းသူတွေကို ဟောကြပြောကြရပါတယ်။ ဘယ်လိုကျောင်းမျိုးလဲ။ အ. မ. က၊ အ. မ. ကခွဲ၊ အ. လ. က၊ အ. လ. က(တွဲ)(ခွဲ)၊ အ. ထ. က၊အ. ထ. က(တွဲ)(ခွဲ) ဆိုတာတွေ။ အချို့ မြို့နယ်တွေက အဖိတ်နေ့၊ ဥပုသ်နေ့ ပိတ်တယ်။ အချို့က တနင်္ဂနွေ၊ ဥပုသ်နေ့ပိတ်တယ်၊ ဒီမှာတွေ့ရတာက တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်တော တစ်ကြက်ဖတွန် ဆိုတာလိုမျိုး အမျိုးမျိုး တွေ့ရပါတယ်။ တစ်ခါ အ. ထ. က၊ အ. ထ. က(တွဲ) (ခွဲ)မှာနဲ့ အ. လ. က၊ အ. လ. က (တွဲ) (ခွဲ) မှာ ဟောပြောကြတော့ အရွယ်ရောက်ပြီ၊ သိတတ်ပြီ၊ နားလည်ပြီ၊ မှတ်သားတတ်ပြီဖြစ်တဲ့ အထက်တန်း ကျောင်းသား (၈၊၉၊၁၀)တန်း၊ အလယ်တန်း ကျောင်းသား (၅၊၆၊၇)တန်းတွေကို ပြောလို့ဟောလို့ ကောင်းသေးပါတယ်။

အ. မ. ကနဲ့ အ. မ. ကခွဲတွေ ဟောကြ ပြောကြရပြီ၊ အကြီးဆုံး စတုတ္ထတန်းကလေးက ကိုးနှစ်၊ ဆယ်နှစ်၊ အငယ်ဆုံး ကလေးက မူကြို (KG) လေးနှစ်၊ ငါးနှစ် တစ်ကျောင်းလုံးပေါင်းမှ ကျောင်းသား ဦးရေက (၂၀)ကျော် (၃၀)ကျော်၊ ဘာပြောရမှာလဲ၊ ဘာဟောရမှာလဲ၊ ကင်ဆာအကြောင်း စိတ်ဝင်စားမှာလား၊ ဆိုးဆေးအကြောင်း၊ ခဲဆိပ်အကြောင်း၊ ဟင်းချိုမှုန့်အကြောင်း၊ ဓာတုပစ္စည်းအကြောင်း ဟောရမှာလား၊ စိတ်ရောဝင်စားမှာလား၊ မှတ်ရောမှတ်နိုင်ပါ့မလား၊ ဘာပြောမှာလဲ။ နောက်ဆုံး ဒီလိုအစားအစာတွေ မစားနဲ့ စားရင် ဆရာကြီးတွေ၊ ဆရာမကြီးတွေက ရိုက်လိမ့်မယ်။ ဒါနဲ့ ပြီးခဲ့ရတဲ့ ပွဲတွေရှိရဲ့။ ဒီတော့ ဒီလို အ. မ. က၊ အ. မ. ကခွဲ တွေဆိုရင် ဆရာကြီး၊ ဆရာမကြီးတွေကို ကျောင်းသားမိဘတွေပါ တက်ရောက်အောင် မေတ္တာရပ်ခံ အကူအညီ တောင်းရပါတော့တယ်။

> ”
> 50 usyfwefrkifwnfcGy
> uav;awG&Gsmf&ifyJ&m?
> ae&ifyJ&m? ypvGf
> cspfrm ra&mufbJ ESpfma&muf aewJh
> talumif;ajymawmh

ဆရာကြီး၊ ဆရာမကြီးတွေလည်း အညာကိုင်ရတော့တာပေ့ါ။ နောက်နေ့ ဘယ်အချိန်မှာ ပခုက္ကူခရိုင် စားသုံး သူရေးရာ ဦးစီးဌာနက တာဝန်ရှိသူတွေ လာရောက်ပြီး "စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ"လုပ်ကြမယ်၊ ကျောင်းသားတစ်ယောက် မိဘတစ်ဦး ခေါ်ခဲ့၊ ကလေးတွေဆိုတော့ မိဘကိုရအောင် ခေါ်ကြပါတယ်၊ ကြောက်တာကိုး။


ဒါတောင် စာရေးသူ သွားရောက် ဟောခဲ့တဲ့ ပခုက္ကူမြို့ နယ် တင်းဂုတ်ကျေးရွာ အ. မ. ကလည်း ရောက်ရော ရွာမှာ ဘုရားပွဲနဲ့ ကြုံရ၊ ဘုရားဆွမ်းချ တရားနာ ရေစက်ချ အမျှဝေ လုပ်နေကြတယ်၊ ဆရာတော်ကလည်း စေတနာ အပြည့်အဝနဲ့ တရားရှည်ရှည်ဟော၊ ကလေးတွေကလည်း မိဘမပါတော့ ကျောင်းမသွားဘဲ တဂျီဂျီ တွယ်ကပ်ခေါ်၊ တော်တော်ဂွကျတဲ့ အဖြစ်ပေ့ါဗျာ၊ ဒါနဲ့ တရားနာ ရေစက်ချ အမျှဝေပြီး ဟောပြောပွဲလုပ်မည့် ကျောင်းထဲ တဘက်ကလေး ခေါင်းပေါ်၊ ပခုံး ပေါ်တင် ကသုတ်ကယက် လာကြ၊ တောင်းပန်ကြ၊ ဒါနဲ့ ဟောပြောပွဲစ၊ မေးလိုက် ဟောလိုက်၊ ဟောလိုက် မေးလိုက်၊ အတည်ဟောလိုက်၊ အသောထည့်လိုက်နဲ့၊ တဝါးဝါး တဟားဟားနဲ့ စိတ်ဝင်စားလာကြပြီ၊ မျက်လုံးတွေ အရောင် တောက်လာပြီး တကယ်အရေးကြီးမှန်း သိလာကြပြီ၊ ကိုယ့် ကလေး၊ ကိုယ့်ရင်သွေးကို တကယ်ချစ်ရဲ့လား၊ အဟုတ် ချစ်ရဲ့လား၊ နှလုံးသားထဲကပါ တကယ်ချစ်သလား၊ ချစ်ပါတယ်၊ တကယ်ပြောတာပါဆရာရဲ့၊ တကယ်ချစ်ပါတယ် ဖြစ်ကုန်ရော၊ သွေးမတော် သားမစပ်တဲ့ ကျွန်တော်တို့ ကိုယ်တိုင်တောင် ဟောဒီရွာမှာရှိတဲ့ ကလေးတွေ နောင်ရေး မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် စိတ်စေတနာနှစ်ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောလုပ်ကိုင်နေရင်း ကိုယ့် သားရင်းသမီးရင်းတွေကို တကယ်ချစ်ရင် ဘယ်ကထုတ်လုပ်မှန်း မသိတဲ့၊ ဘယ်နေ့က ထုတ်မှန်း မသိတဲ့၊ ဘာတွေပါမှန်းမသိတဲ့၊ အရောင်တွေ ပါနေတဲ့၊ တာရှည်ခံအောင် ပြုလုပ်ထားတဲ့ ၅၀ ကျပ်တန် မုန့်တွေနဲ့ ကလေးတွေ ပျော်ရင်ပြီးရော၊ နေရင်ပြီးရော၊ ပြီးစလွယ် ချစ်ရာမရောက်ဘဲ နှစ်ရာ ရောက်နေတဲ့ အကြောင်းပြောတော့ မသိလို့ပါ ဆရာရယ်။ ဒါတွေ တကယ် မသိပါဘူး။ ဒီလိုမှန်း မသိလို့ပါ၊ နောင် မကျွေးတော့ပါဘူး၊ မြန်မာ့ ရိုးရာ မြန်မာအစားအစာ မြန်မာမုန့်တွေပဲ ကျွေးပါတော့မယ် ဖြစ်ကုန်ရော။ ဒီလို ဟောပြော အသိဉာဏ်ပေးလို့ ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောပါတယ်။ (ကိုယ့်စေတနာ ကိုယ်ပြန် အကျိုးပေးပါတယ်။)

ပြီးတော့ ရွာမှာ ဘုရားပွဲရှိလို့ဆိုပြီး ထမင်းဟင်း ထုးမချက်ရပါဘူး။ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ်၊ အိမ်မှာ ဖြစ်ဖြစ် ထမင်းစားလိုက်ကြပါဦး ဖိတ်ကြရော ဟောပြောပွဲ အောင်မြင်မှု ပီတိရသတွေပါ။

တစ်ခါ ဆောနယ်ထဲက 'ငါလွန်း'ဆိုတဲ့ ရွာကလေးကို သွားဟောတုန်းက အ. မ. က ကျောင်းငယ်လေးပါ၊ ကျောင်းသား၊ ကျောင်းသူ အားလုံးပေါင်းမှ ၃၅ ယောက်တည်းပါ၊ ဒါပေမဲ့ လူကြီးမိဘ ရွာလုံးကျွတ် ကျောင်းနဲ့တောင် မဆန့်ပါဘူး။ "ဟ တက်ကြွလှချည်လားဆိုတော့ မဟုတ်ဘူး ဆရာရဲ့၊ ရွာမှာ အစည်းဝေး ဟောပြောပွဲရှိရင် တစ်အိမ်တစ်ယောက် တက်ရတယ်၊ မတက်ရင် ဒဏ်ငွေကျပ် ၁၅၀၀ ဆောင်ရတယ် ဆိုပါလား။ ကောင်းရောဗျာ၊ ဒါပေမဲ့ ဟောပြောပွဲအပြီး ကျေးဇူးတင်လွန်းလွန်းလို့ ဒါတွေ မသိခဲ့ဘူး၊ ဆရာတို့လာမှ သိရတယ်၊ ရွာထဲမှာ ကျန်တဲ့လူတွေ မသိကြဘူး၊ နောက်တစ်ခါ ထပ်လာပြောပါ ဖြစ်ကုန်ရော။ ကိုယ့် စေတနာ ကိုယ်ပြန် အကျိုးပေးပါတယ်ဆို၊ ဒါလောက်ဆိုရင် လူထုအားကို အများကြီး လိုသည်ဆိုတာ လက်ခံကြရပါလိမ့်မယ်၊ နိုင်ငံတော် အစိုးရအနေနဲ့လည်း တတ်နိုင်သလောက်၊ ဖြည့်ဆည်းနိုင်သလောက် ကြိုးစား လုပ်ဆောင် ပေးနေကြရပါတယ်၊ သားသမီးများများ မွေးထားတဲ့ မိဘတွေလို မျှတအောင်၊ အဆင်ပြေအောင်၊ ကျေနပ်အောင် ခွဲခြမ်းစိတ်ဖြာ၊ စီမံခန့်ခွဲနေရတာဆိုတော့ နိုင်ငံတော်စိုးရ အချိုးချကူညီ လူထုအားကို အများကြီးလိုသည် ဆိုတာလို ဟုတ်ကဲ့ ဘယ်အလုပ်ကိုပဲ လုပ်လုပ်

"လူထုအားကို အများကြီးလိုပါသည်ခင်ဗျာ"။

## ကျောက်ဆည်တက္ကသိုလ်နှင့်ကျောက်ဆည်မြို့ဆူးလေကုန်းကျေးရွာ အ•ထ•က တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲများကျင်းပ



ကျောက်ဆည်ခရိုင် စားသုံးသူ ရေးရာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဟောပြောပွဲများကို ကျင်းပလျက်ရှိရာ ဩဂုတ်လ ၂၃ ရက်တွင် ကျောက်ဆည်မြို့နယ် ဆူးလေကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ဩဂုတ် လ ၂၆ ရက်တွင် ကျောက်ဆည် တက္ကသိုလ်၌ လည်းကောင်း ပြုလုပ်ခဲ့ပါ တယ်။

အဆိုပါ ဟောပြောပွဲများတွင် ကျောက်ဆည်ခရိုင် စားသုံးသူ ရေးရာ ဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီး မှူး၊ ဒုတိယခရိုင်ဦးစီးမှူးတို့က စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် စားသုံးသူရေးရာ ဦးစီး ဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောက်ဆည်တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်ဆရာ၊ ဆရာမများသည် တက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် မုန့်ဈေးတန်းအားလည်းကောင်း၊ ကျောက်ဆည်ခရိုင် မှ ဒုတိယခရိုင်ဦးစီးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများ၊ ဆူးလေကုန်းကျေးရွာ အ. ထ. ကမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများသည် ဆူးလေကုန်း အ. ထ. ကဝင်းအတွင်း ဖွင့်လှစ် ရောင်းချလျက်ရှိသည့် ကျောင်းမုန့်ဈေးတန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စားသောက်ရန်မသင့်သည့် ကုန်ပစ္စည်းများ၊ အန္တရာယ်ရှိမုန့်များ မရောင်းချရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ကုန်များကိုသာ ရောင်းချရန် ဆွေးနွေးခဲ့ပါတယ်။

ကျောက်ဆည်တက္ကသိုလ်တွင် ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲသို့ စုစုပေါင်းအင်အား ၁၀၃၂ ဦးတက်ရောက်ခဲ့ပြီး ဆူးလေကုန်းကျေးရွာမှာ ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲသို့ စုစုပေါင်း အင်အား ၃၀၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## သာယာဝတီခရိုင် လက်ပံတန်းမြို့မဈေးတွင် စားသုံးရန် မသင့်သော မုန့်များရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်း စစ်ဆေး

စားသုံးသူရေးရာဦးစီးဌာန၊ ပဲခူးတိုင်းဒေကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၉ ရက်က သာယာဝတီခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်သန်း၊ လက်ပံတန်းမြို့နယ် တာဝန်ခံ ဦးအောင်ဇော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေဖြိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးမိ၊ ဈေးဖများပူးပေါင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များအား စားသုံးသူပြည်သူများ ရယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ လက်ပံတန်းမြို့ စည်ပင်သာယာဈေးနှင့် နယ်နိမိတ်အတွင်း ရောင်းချနေ သော မုန့်ဆိုင်များအား လှည့်လည်ကာ စားသုံးရန်မသင့်သော မုန့်များ၊ ဓာတု ဆိုးဆေးပါဝင်သော မုန့်များဈေးကွက်အတွင်း ရောင်းချခြင်း ရှိ ၊ မရှိ ကွင်းဆင်း လှ့လာ စစ်ဆေးခဲ့ပါသည်။ ထို့ပြင် မုန့်မျိုးစုံ ရောင်းချသူများအား နိုင်ငံပိုင် သတင်းစာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးသူရန်မသင့်သော မုန့်များ၊ ထုတ်လုပ်ရက်၊ ကုန်ဆုံးရက် မပါသောမုန့်များ ရောင်းချခြင်းမပြုရန် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်ခိုင်ရီ (စားသုံးသူ)**

# ဖရဲ၊ သခွားကဏ္ဍမှ အစပြု၍

zBdwjvufqDV

ydkfwlwef í a&Gu pV

|မိုင်းယုသားဖိုးဇော်|



|ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူလုပ်ငန်းရှင်များ နှီးနှောဖလှယ်ပွဲ|

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သလို မြန်မာနိုင်ငံက စိုက်ပျိုး ထွက်ရှိတဲ့ဖရဲသီး၊ သခွားသီးစတဲ့ သစ်သီးဝလံ တွေကို နှစ်ခြိုက်စွာ ဝယ်ယူစားသုံးနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီလို ဝယ်ယူစားသုံးတဲ့ ပမာဏများပြားလာတာနဲ့အမျှ မြန်မာနိုင်ငံမှာရှိတဲ့ ဖရဲ၊ သခွားမွေးစိုက်ပျိုးကြတဲ့တောင်သူတွေဟာလည်း ဝင်ငွေတွေတိုးသည်ထက် တိုးလာတာ မျက်မြင်ကိုယ်တွေ့ပါပဲ။

ဒါပေမယ့်လည်း အကောင်းရှိလျှင် အဆိုးရှိစမြဲဆိုတဲ့ စကားလို ဖရဲ၊ သခွားမွေးတွေကို တရုတ်နိုင်ငံက ဈေးကောင်းပေးပြီး ဝယ်နေတယ်ဆိုတဲ့သတင်းစကားကြောင့် မြန်မာနိုင်ငံတွင်းက ဖရဲ၊ သခွားမွေးစိုက်ပျိုးကြတဲ့တောင်သူတွေဟာ သတင်းရင်းမြစ်ကိုသေချာ တိကျစွာ မစုံစမ်းကြဘဲ ဖရဲ၊ သခွားတွေကို အလုံးအရင်းနဲ့စိုက်ပျိုးလာခဲ့ကြပါတယ်။ ဒ့ါအပြင် တချို့သောတောင်သူတွေဟာ စိုက်နည်းမမှန်၊ ခူးဆွတ်ချိန်မတန်၊ မသမာတဲ့နည်းနဲ့တင်ပို့ စတဲ့မကောင်းတဲ့နည်းလမ်းတွေနဲ့ တင်ပို့ကြပါသေးတယ်၊ဈေးကောင်းရတယ်၊အဝယ်လိုက်တယ် စတဲ့သတင်းစကားတွေကြောင့် သူ့ထက်ငါ ဈေးကွက်ဦးအောင် အချိန်မတိုင်မီ ခူးဆွတ်ကာတင်ပို့ခဲ့ကြတဲ့အတွက် အကျိုးထက် အဆိုးသာ အများအပြားရခဲ့ကြတာကို ဖရဲ၊ သခွား စိုက်ပျိုးတင်ပို့ကြတဲ့ တောင်သူတိုင်းသိရှိကြလိမ့်မယ်လို့ ထင်ပါတယ်။

အဲဒါတွေရဲ့အကျိုးဆက်ကတော့ တစ်ဖက်နိုင်ငံက သစ်သီးကုန်သည်တွေ၊ သစ်သီးပွဲစားတွေရဲ့ဈေးနှိမ်မှု၊ တစ်ဖက်သတ်ဆန်မှုတွေကို မြန်မာနိုင်ငံက မှန်ကန်တဲ့ကုန်သည်တွေရော၊ မမှန်ကန်တဲ့သူတွေပါ မျှဝေခံစားနေကြရတာပါ။

ဒ့ါအပြင် သစ်သီးများရဲ့အရည်အသွေးမပြည့်ဝခြင်း၊ သစ်သီးကုန်တင်ကားအတွင်း သတ်မှတ်အလုံးရေထက်လျော့ပြီး တင်ဆောင်ထားခြင်း၊ သစ်သီးထည့်သွင်းတင်ဆောင်ပုံနည်းစနစ်မမှန်ခြင်း စတဲ့အချက်တွေကြောင့် သစ်သီးပျက်စီးခြင်းများနဲ့ ရင်ဆိုင်ခဲ့ကြရသလို တစ်ဖက်နိုင်ငံက ကုန်သည်တွေရဲ့ဈေးနှိမ်ဝယ်ယူခြင်းများနဲ့လည်း ကြုံတွေ့ခဲ့ကြရတာ သိကြမယ်လို့ထင်မိပါတယ်။

ပိုပြီးဆိုးတဲ့အချက်က တစ်ဖက်နိုင်ငံရဲ့ဈေးကွက်ကို မစုံစမ်းဘဲ အရမ်းကာရောစိုက်ပျိုးပြီး အရမ်းကာရော တင်ပို့နေကြတဲ့ ကိစ္စတွေပါပဲ။ တရုတ်နိုင်ငံဟာ ဆောင်းရာသီမှာ အရမ်းကိုအေးတဲ့နိုင်ငံတစ် နိုင်ငံဖြစ်ပါတယ်။ အဲဒီလို အေးတဲ့ရာသီမှာ သူတို့နိုင်ငံသားတွေဟာ ဖရဲသီး၊ သခွားသီးတွေကို သိပ်ပြီးမစားကြတော့ပါဘူး။ အဲဒီအချိန်ဟာ ဖရဲသီး၊ သခွားသီးတွေ တင်ပို့မှုနည်းပါးတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒီအချက်ကို မြန်မာနိုင်ငံက တချို့သောတောင်သူတွေဟာ မသိရှိကြတဲ့အတွက် အချိန်ရာသီကို မကြည့်ဘဲစိုက်ပျိုးကြတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေနဲ့သာ ကြုံနေကြရတာဖြစ်ပါတယ်။

အဲဒီလိုဖြစ်ရပ်တွေကြောင့် ပြီးခဲ့တဲ့ ဩဂုတ် ၂၄ ရက်က မူဆယ်မြို့ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ သစ်သီးဝလံကုန်စည်ဒိုင်မှာ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူ လုပ်ငန်းရှင်များနှင့် ပွဲရုံပိုင်ရှင်များရဲ့ နှီးနှောဖလှယ်ပွဲ (ဝါ)ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြပါတယ်။

အဲဒီဆွေးနွေးပွဲကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတွေအပြင်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ် လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် တာဝန်ရှိသူများ၊ Winrock International မှ တာဝန်ရှိသူများ၊ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ အကျိုးဆောင် ကိုယ်စားလှယ်များ၊ ကုန်သည်များ၊ မုံရွာ၊ စစ်ကိုင်း၊ ဘုတလင်၊ ချောင်းဦး၊ မြောင်၊ စဥ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ သပိတ်ကျင်း၊ တပ်ကုန်း၊ တောင်ငူ၊ ပဲခူး၊ ညောင်လေးပင် စသည့်မြို့နယ်တို့မှ ဖရဲသခွား စိုက်ပျိုးသူများ၊ ထုတ်လုပ်သူများ တက်ရောက်ခဲ့ကြပါတယ်။

အဲဒီနှီးနှောဖလှယ်ပွဲမှာ တက်ရောက်လာကြတဲ့ပုဂ္ဂိုလ်အသီးသီးက ကဏ္ဍအလိုက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒ့ါအပြင် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူ ၁၀ ဦးနဲ့ တင်ပို့ရောင်းချသူ ငါးဦးတို့က ဖရဲ၊ သခွားတင်ပို့ရောင်းချသူများအပေါ် ကြိုတင်ဝင်ငွေခွန် ကောက်ခံခြင်းသည် အမိန့်ညွှန်ကြားချက်အရ ကောက်ခံခြင်းဟုတ်၊ မဟုတ်နှင့် ပယ်ဖျက်ပေးရန်။

တောင်သူများ ဝင်ငွေခွန် ပေးဆောင်နေရသည့်အပေါ် ငွေဖြူအဖြစ် သတ်မှတ်ရရှိရန် ပွဲရုံများ၏ အကျိုးဆောင်ခကို လက်ရှိ ငါးရာခိုင်နှုန်း ပေးဆောင်နေရသည်မှ သုံးရာခိုင်နှုန်းအဖြစ် လျော့ချပေးရန်၊ ငွေလွှဲနှုန်း သတ်မှတ်ပေးရန်၊ စိုက်ပျိုးထုတ်လုပ်တင်ပို့သည့်တောင်သူ၊ ကုန်သည် ပွဲစားနှင့် ဝယ်သူများ၊ ဈေးနှုန်း ညှိနှိုင်း သတ်မှတ်မှု ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊ မူဆယ်(၁၀၅) မိုင်တွင် နှစ်ဖက်သဘောတူ ရောင်းဝယ်မှုအတိုင်း အပြောင်းအလဲမရှိ တစ်ဖက်နိုင်ငံတွင် ဆောင်ရွက်ရန်၊ ဖရဲ၊ သခွား တင်ပို့ရောင်းချမှုတွင် တစ်တန်လျှင် ကီလိုဂရမ် ၂၀ အပိုဆောင်းပေးရမှုကို ပယ်ဖျက်ပေးရန်၊ အရောင်းအဝယ်ပျက်ပြယ်ပါကစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ များစွာထိခိုက်ဆုံးရှုံးသဖြင့် နစ်နာကြေးအဖြစ် အရောင်းအဝယ်ဖြစ်ပြီး တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းပေးလျော်စေရန်၊ ကုန်ပစ္စည်းချိန်းပြောင်းသယ်ဆောင်မှု အချိန်သတ်မှတ်ချက် သုံးရက်မှ နှစ်ရက်သို့ လျော့ချပေးရန်၊ စံချိန်စံညွှန်းသတ်မှတ်၍ ရောင်းချကုန်သွယ်မှုမရှိသည့်အတွက် စံချိန် စံညွှန်းသတ်မှတ်ရန်၊ စံချိန်စံညွှန်းသတ်မှတ်မှု ပြီးစီးပါက ထိန်းသိမ်း ကြီးကြပ်မည့်အဖွဲ့အစည်း ထူထောင်ရန်၊ စံချိန်စံညွှန်းပြည့်မီသော လမ်းတံတားများ တည်ဆောက်ပေးနိုင်ရေး ဆောက်လုပ်ရေးဝန်ကြီး ဌာနသို့တင်ပြရန်၊ ဖရဲ၊ သခွား စိုက်ခင်းအတွင်း ရေသွင်းပြီး တစ်ရက် နှစ်ရက် အတွင်း ဆွတ်ခူးမှု ပြုလုပ်သဖြင့် မလိုလားအပ်ဘဲ ဖရဲအရည်အသွေး ပျက်စီးပါသဖြင့် အနည်းဆုံး လေးရက်ခန့် ကြာမြင့်မှသာ ဆွတ်ခူးမှုပြုလုပ်ရန်၊ သတ်မှတ်ရက်မပြည့်သည့် ဖရဲ၊ သခွားသီးအနုများအား ဆွတ်ခူးမှု ပြုလုပ်သဖြင့် ဖရဲဈေးကွက်ပျက်သည်အထိ တွေ့ကြုံရသဖြင့် သတ်မှတ်ရက်ပြည့်မှ ဆွတ်ခူးရန်။

ယာဉ်ပေါ်သို့ဖရဲ၊ သခွားသီးများ တင်ဆောင်ရာတွင် လိမ်ညာမှုမရှိဘဲ သမာသမတ်ကျကျ တင်ဆောင်ပေးရန်၊ ဖရဲ၊ သခွားသီးများ ဆွတ်ခူးရာတွင် အရည်အသွေးအရွယ်အစား တန်းတူဖြစ်စေရေး အထူး အလေးထား ဆွတ်ခူးရန်၊ ဖရဲသခွားအသီးများကို နေပူချိန်တွင် ဆွတ်ခူးပြီး ကားပေါ်တွင် မိုးကာအုပ်အလုံပိတ် သယ်ဆောင်ခြင်းဖြင့် အပူလောင်ကာ ကုန်ပစ္စည်းများ ပျက်စီးတတ်သဖြင့် နေ့လယ် ၁၁ နာရီအချိန် ဆွတ်ခူးပြီး ညအချိန်မှ ကုန်တင်ယာဉ်ပေါ်သို့ တင်ဆောင်ရန်၊ ရောင်းချရန် တာဝန်ယူထားသော ပွဲရုံများအနေဖြင့် တောင်သူများ အသီးဆွတ်ခူးရန် ပြောကြားရာတွင် ရက်ပြည့် မပြည့်၊ ရေသွင်းရက်၊ ရေဖြတ်ရက်၊ ခူးဆွတ်မည့် သစ်သီး အခြေအနေ၊ တင်ပို့လာမည့်လမ်းကြောင်း အနေအထားစသည် တို့အား အဆက်မပြတ် စုံစမ်းရန်။ တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများ ရောင်းချရာတွင် ပွဲရုံများမှ မိမိ၏ကုန်ပစ္စည်းအပေါ် အာမခံချက်ဖြင့် ရောင်းချရန်။

စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသည့် တောင်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ပွဲရုံများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်း၊ ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်း၊ ကုန်ဝယ်သည့်သူများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်း စသည်တို့ကို စနစ်တကျ ရေးဆွဲချမှတ်ရန်။

တစ်ဖက်နိုင်ငံမှ လာရောက် ဝယ်ယူသူများ အပေါ် ကုန်စည်ဒိုင်မှ စနစ်တကျ မှတ်တမ်း ထားရှိရမည်ဖြစ်ပြီး လာရောက် ဝယ်ယူသူများကို ကြိုတင် အာမခံကြေးငွေ သတ်မှတ်လက်ခံရန်၊ စိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် တောင်သူများ အတွက် နည်းပညာနှင့် လိုအပ်သော အထောက်အကူပစ္စည်းပံ့ပိုးပေးရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် စတဲ့အချက်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူ လုပ်ငန်းရှင်များရဲ့ မေးမြန်းတင်ပြချက်များကိုတက်ရောက်လာကြတဲ့ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူအသီးသီးက ပြန်လည်ဖြေကြားရာမှာ

သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူလုပ်ငန်းရှင်များရဲ့ မေးမြန်းချက်များကို မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိအရာထမ်းများ၊ သစ်သီးဝလံ ကုန်စည်ဒိုင်တို့မှ တာဝန်ရှိသူများက အောက်ပါအတိုင်း ပြန်လည်ဖြေကြားညှိနှိုင်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ညွှန်ကြားချက် ချမှတ်ထားသည့်အတိုင်းကောက်ခံခြင်းဖြစ်၍ ပယ်ဖျက်ပေးနိုင်ရန် သက်ဆိုင်ရာ အထက်အဆင့်ဆင့်သို့ တင်ပြတောင်းခံမည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းထားသော ဝင်ငွေခွန်များကို စာရင်းရုံးမှ နှစ်ချုပ်စာရင်း ပြုစု၍ ထည့်သွင်းဆောင်ရွက်မှသာ ငွေဖြူအဖြစ် သတ်မှတ်၍ ဖရဲ၊ သခွား တင်ပို့သူများအနေဖြင့် ကုမ္ပဏီ၏ အမည်ဖြင့်သာ ဝင်ငွေခွန်ပေးသွင်းခြင်း ဆောင်ရွက်နေသဖြင့် ငွေဖြူမရရှိနိုင်ကြောင်း၊ ဝင်ငွေခွန်ကောက်ခံရာတွင် အကောက်ခွန် ဦးစီးဌာန၊ ပို့ကုန်ကြေငြာလွှာ ပေါ်တွင်ရေးသားထားသည့်အမည်ကိုသာ ဝင်ငွေခွန် ကောက်ခံသဖြင့် စိုက်ပျိုးထုတ်လုပ် တင်ပို့သူများမှ ဝင်ငွေခွန်ပေးဆောင်ခြင်း စာရင်းမပေါ်သဖြင့် ဝင်ငွေမရရှိနိုင်ကြောင်း၊ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (Individual Trading Card)၊ ကျေးရွာအလိုက် (သို့) မြို့နယ်အစုအဖွဲ့အလိုက် သမဝါယမ အသင်းစုငယ်များ တည်ထောင်၍ ပို့ကုန် ကြေညာလွှာ ဖွင့်လှစ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်အား ကုမ္ပဏီကိုယ်စားလှယ်က ဆောင်ရွက်ပေးမည်။




မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး ဆွေးနွေးမှု

ပွဲရုံများ၏ အကျိုးဆောင်ခကိုလက်ရှိ အမြင့်ဆုံး ငါးရာခိုင်နှုန်း သတ်မှတ်ခြင်းဖြစ်ပြီး တင်ပို့ရောင်းချသူနှင့် ပွဲရုံအဆင်ပြေပါက သတ်မှတ်နှုန်း

စာမျက်နှာ ၂၂ သို့ ➲

# Hla Nann Co., Ltd.

## Inland Water Transportation Service

No.26(A), Khattar Street, Sanchaung Township, Yangon.
☎ 01-2304921-22, 09-5056056, 09-5107182 Email : foethu@gmail.com





**Crane Services**

*80 MT*
*50 MT*
*35 MT*
*30 MT*
*25 MT*





**Crawler Crane**





## N S NGWE TAIK SOE Co., LTD.

**U TIN HTUN**
*Managing Director*



No. 7-D, Ayetharyar Street,
Baukhtaw, Tarmwe Township,
Yangon Myanmar.
E-mail - ngwetaiksoecompany@gmail.com

Tel : 545599, 545672, 540338, 401285,
Fax : 553823, 09-6803364,
HP : 095018533

## MOS
# MAOU OAK SHAUNG
## INTERNATIONAL CO.,LTD.

**"We Bring Myanmar Quality & Safety Agriculture Produces to the World""**



MOS **MAOU OAK SHAUNG** International Co.,Ltd.
No. (48), 52nd Street, Botahtaung Tsp, Yangon, Myanmar.
Tel : 95-01-291634, 95-01-727217, 09-50-11253, Fax : 95-01-296125

## AM AUNG MYINT MARR CO.,LTD

**DAW AYE THANDAR HTUN**
***Managing Director***



No. 7-D, Ayetharyar Street,
Baukhtaw, Tarmwe Township,
Yangon Myanmar.
E-mail : aungmyintmarr@googlemail.com

Tel : 01-545599, 545672, 540338, 401285,
Fax : 553823, 09-6803364,
HP : 09-2006460

## ပြောင်း

### ပြောင်းတန်ချိန် တစ်သောင်းကျော်တင်ပို့

ဩဂုတ် ၂၀ ရက်မှ ၂၆ ရက်တာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၃၄ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့တန်ချိန် ၁၄၀၄၉ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေမှာ မူဆယ်မှ တန် ၈၇၀၀၊ လွယ်ဂျယ်မှ ၂၄၃ တန်၊ ချင်းရွှေဟော် မှ ၅၀၉၀ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၁၅ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းလေးခုမှ ပြောင်းတန်ချိန် ၈၃၃၇ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ချိန် ၅၇၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၁၉ရက်က ပြောင်းဖူးစေ့ တစ်တန်ကို မိမိဘက်ပေါက် ဈေး ၂၇၆၂၃၃ ကျပ် ရှိခဲ့ပြီး ဩဂုတ် ၂၆ ရက်မှာ ၂၇၆၄၈၁ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်လာခဲ့ပါတယ်။ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေပေမယ့် တရုတ်ဝယ်လက်ကတော့ ဝယ်လိုအားပုံမှန် ရှိနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### ချင်းရွှေဟော်မှ သကြား ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၂၀ ရက်မှ ၂၆ရက် သီတင်းပတ်တွင် အမေရိ ကန်ဒေါ်လာ ၃၄၃၈၀၀ တန်ဖိုးရှိ သကြား ၅၉၀ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ချင်းရွှေဟော်မှ သကြား ၅၇၄တန် ပိုမို တင်ပို့ ခဲ့တာ တွေ့ရပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန် ဒေါ်လာ ၈ဒသမ ၅၄၉သန်း တန်ဖိုးရှိ သကြား ၁၅၅၀၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် ကုန်သွယ်ရေးဇုန်မှ ယခင်တစ်ပတ်က ၂၀၉၁၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြားတင်ပို့မှု လျော့နည်းခဲ့ပါတယ်။ ယခု သီတင်းပတ်တွင်လည်း ပြည်တွင်း ၌ သကြားဈေး တစ်တန်လျှင် ခုနစ်သိန်း လေးသောင်းကျပ်ခန့်အထိ ရှိနေပြီး တစ်ဖက်နိုင်ငံတွင် ၅၀ကီလို တစ်အိတ်ကို ၂၃၂- ၂၃၃ ယွမ်ဈေးသာ ရှိတော့ကြောင်း သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၁၁၂၆၈၁၂ တန်ဖိုးရှိ သကြား ၂၀၄၈ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၈၄၁တန်ကျော် တင်သွင်းခဲ့လို့ မြဝတီဇုန်မှလည်း သကြားတင်သွင်းမှုလျော့နည်းခဲ့တာ တွေ့ရပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း

### ဝါဂွမ်းတင်ပို့မှု လျော့နည်း

ဩဂုတ် ၂၀ရက်မှ ၂၆ရက်တာ ကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃၁၁၃၀၀ တန်ဖိုးရှိ ငွေချည် - ၆ဝါ ၁၄၁တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၇၆တန်အထိ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ် ဝါတင်ပို့မှု ၃၄တန်ခွဲ လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။

ငွေချည်-၆ ဝါကို တောင်တွင်းကြီး၊ အောင်လံ၊ ပေါင်းတည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်နဲ့ ဝက်ထီးကန် ဒေသတွေမှာ အဓိက စိုက်ပျိုးပြီး တရုတ်နိုင်ငံ ဈေးကွက်သို့ ပုံမှန် တင်ပို့ ရောင်းချကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ဝဥ

### ဝဥခြောက် တန် ၃၀ ကျော်တင်ပို့

ဩဂုတ် ၂၀ မှ ၂၆ ရက်တာ ကာလအတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ဝ၆၀ သန်း တန်ဖိုးရှိတဲ့ ဝဥခြောက် ၃၂ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၇ တန် ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ငါးတန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ဝဥပင်ဟာ မြန်မာနိုင်ငံတောင်ပေါ်ဒေသများမှာ အလေ့ကျပေါက်တဲ့အပင်ဖြစ်ပြီး ဇွန်၊ ဇူလိုင်များမှ စတင်ပေါ်ကာ နိုဝင်ဘာနဲ့ ဒီဇင်ဘာလတွေမှာ ရာသီကုန်ပါတယ်။ ပြည်တွင်း မှာတော့ ဝဥကို တိုင်းရင်းဆေးဖော်စပ်ရာနဲ့ မာလာဟင်းချက်ရာမှာ သုံးကြသလို တရုတ်နိုင်ငံ မှာတော့ တရုတ်ရိုးရာ တိုင်းရင်းဆေးဖော်စပ်ဖို့ ကုန်ကြမ်းအနေနဲ့ရော၊ စားသောက်ကုန် လုပ်ငန်းတွေမှာပါ အသုံးပြုကြတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ပဲမျိုးစုံဈေးကွက်တွင် ကာလတူအချိန် ဖြစ်ပေါ်ခဲ့တဲ့ ပဲဈေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အဓိက အရောင်းအဝယ်ဖြစ်ခဲ့သော ပဲများရဲ့ ဈေးနှုန်းနှိုင်းယှဉ်မှု အခြေအနေများကိုလေ့လာရာ မတ်ပဲသီးနှံနဲ့ ကုလားပဲသီးနှံများ၏ ဈေးနှုန်းများသာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာပေမယ့် ပဲတီစိမ်းသီးနှံနဲ့ ပဲစင်းငုံသီးနှံ နှစ်မျိုးကတော့ ၂၀၁၅ ခုနှစ်တွင်သာ ယခင်နှစ်ထက် ဈေးကောင်းရခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ၎င်းပဲနှစ်မျိုးစလုံး ဈေးလျော့နည်း အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲကြီးသီးနှံမှာ မတ်ပဲ၊ ကုလားပဲ သီးနှံများကဲ့သို့ မဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ပုံမှန်ရောင်းဝယ်မှု ရှိခဲ့တာကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရပါတယ် -

**ရေတွက်ပုံ-တင်းဈေး(ကျပ်)**

| ပဲအမျိုးအစား | ၂၀၁၄ ဩဂုတ်လ | | ၂၀၁၅ ဩဂုတ်လ | | ၂၀၁၆ ဩဂုတ်လ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၇၃၀၀ | ၂၈၆၀၀ | ၄၁၀၀၀ | ၄၈၅၀၀ | ၄၄၀၀၀ | ၅၂၀၀၀ |
| ပဲတီစိမ်း | ၃၀၀၀၀ | ၃၂၉၀၀ | ၃၇၀၀၀ | ၄၀၀၀၀ | ၂၁၅၀၀ | ၂၅၅၀၀ |
| ပဲစင်းငုံ | ၂၁၉၀၀ | ၂၃၃၀၀ | ၄၂၅၀၀ | ၅၃၀၀၀ | ၃၁၀၀၀ | ၄၂၀၀၀ |
| ကုလားပဲ | ၁၄၁၀၀ | ၁၄၅၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၄၂၀၀၀ | ၄၃၅၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၄၉၀၀ | ၂၅၅၀၀ | ၂၇၅၀၀ | ၃၆၀၀၀ | ၂၇၅၀၀ | ၂၀၀၀၀ |
| ပဲကြီး(ကမ်းနား) | ၂၂၃၀၀ | ၂၂၅၀၀ | ၂၆၅၀၀ | ၃၃၀၀၀ | ၂၄၅၀၀ | ၂၅၅၀၀ |

မတ်ပဲသီးနှံမှာ ယခုလို ဩဂုတ်၊ စက်တင်ဘာလတို့တွင် ပဲအဝင်လည်း သိပ်မရှိတော့သလို လက်ကျန်ပဲလည်း အများကြီး မရှိတော့ပေမယ့် ရန်ကုန်ဝယ်လက်များကတော့ နေ့စဉ်ပုံမှန် ဝယ်ယူမှုရှိနေခဲ့ပါတယ်။ နှစ်စဉ် ဩဂုတ်လအတွင်းမှာ အရောင်းအဝယ် ဖြစ်ခဲ့တဲ့ ဈေးနှုန်းများအရ ၂၀၁၄ ခုနှစ်တွင် တစ်တင်း ကျပ် ၂၇၃၀၀နဲ့ ကျပ် ၂၈၆၀၀ အတွင်း ရောင်းဝယ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ ပဲဈေးနှုန်းဟာ ယခင်နှစ်ထက် တစ်တင်း ကျပ် နှစ်သောင်းနီးပါး သိသိသာသာ မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာတော့ ယခင်နှစ်ထက် ဈေးပိုသော်လည်း ထောင်ဂဏန်းလောက်သာ ပိုခဲ့လို့ တစ်တင်း ကျပ် ၄၄၀၀၀နဲ့ ကျပ် ၅၂၀၀၀ အတွင်းသာ အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။

ပဲတီစိမ်းသီးနှံ ဈေးများကတော့ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် ဈေးကောင်းရခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲဈေးနှုန်းဟာ ထက်ဝက်နီးပါး လျော့နည်းကျဆင်းသွားခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၄ ဩဂုတ်မှာ တစ်တင်း အနိမ့်ဈေး ကျပ် ၃၀၀၀၀နဲ့ အမြင့်ဆုံး ကျပ် ၃၂၉၀၀ ကျပ်၊ ၂၀၁၅ ခုနှစ် ဩဂုတ်လမှာ အနိမ့်ဈေး ၃၇၀၀၀ ကျပ်မှ အမြင့်ဈေးနှုန်း ကျပ် ၄၀၀၀၀ အထိ ရရှိပြီး ယခု ၂၀၁၆ ဈေးနှုန်းမှာတော့ ယခင်နှစ်ထက် ထက်ဝက်နီးပါး လျော့နည်းခဲ့လို့ တစ်တင်း ကျပ် ၂၁၅၀၀ မှ ကျပ် ၂၅၅၀၀ အတွင်းသာ ရရှိနေသလို မတ်ပဲဈေးထက်လည်း ထက်ဝက်ခန့်လောက်သာ ရရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသီးနှံကို တစ်နှစ်ပတ်လုံး ရောင်းဝယ်နိုင်ခြင်းမရှိဘဲ ပဲပေါ်ချိန်ကာလများတွင်သာ ရောင်းချခဲ့ပြီး မန္တလေးဝယ်လက်က အဝယ်ရှိကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံ၏ ဈေးနှုန်းများကတော့ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ဈေးကောင်းရခဲ့လို့ ကျပ် ငါးသောင်းကျော်အထိ ရရှိခဲ့တဲ့အတွက် ယင်းနှစ်တွင် မတ်ပဲသီးနှံဈေးထက်ပင် ဈေးပိုနေကြောင်း တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၅ ခုနှစ် ဩဂုတ်လများမှတော့ မတ်ပဲသီးနှံဈေးထက်ပင် ဈေးလျော့နည်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်တွင် တစ်တင်း ကျပ် ၂၁၉၀၀မှ ကျပ် ၂၃၃၀၀၊ ၂၀၁၆ ခုနှစ်တွင် ကျပ် ၃၁၀၀၀ မှ ကျပ် ၄၂၀၀၀ ဖြင့်သာ ရန်ကုန်ဝယ်လက်မှ ဈေးပေးဝယ်ယူ ခဲ့ကြပေမယ့် ယခုလို ကာလများတွင် လက်ကျန်သာရှိခဲ့လို့ နေ့စဉ် အရောင်းအဝယ်မဖြစ်ဘဲ ရက်ခြားသာ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံကတော့ တစ်နှစ်ထက်တစ်နှစ် ဈေးပိုလာတဲ့အတွက် ယခု ၂၀၁၆ ခုနှစ်မှာဆိုလျှင် ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံတို့ ကဲ့သို့ပင် ဈေးကောင်းရပြီး ပဲတီစိမ်း သီးနှံထက်လည်း ဈေးပိုနေခဲ့ပါတယ်။ ၂၀၁၄ ဩဂုတ်မှာ တစ်တင်း ကျပ် ၁၄၁၀၀နဲ့ ကျပ် ၁၄၅၀၀ ကြားသာ ရရှိလို့ ပဲဈေးကွက်ထဲမှာလည်း ဈေးနိမ့်နေခဲ့တဲ့ ပဲဖြစ်ပြီး ၂၀၁၅ ခုနှစ် ဩဂုတ်လ ဈေးကတော့ ယခင်နှစ်ထက် ဈေးပိုလာပြီး ကျပ်သုံးသောင်းဝန်းကျင် ရရှိနေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ကျပ်လေးသောင်းကျော်အထိ ရရှိလာခဲ့လို့ ပြည်တွင်းဝယ်လက် ပဲထဲမှာ ဈေးအမြင့်ဆုံး ရနေခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံအနေဖြင့် ၂၀၁၅ ခုနှစ်တွင်သာ ကျပ်သုံးသောင်းကျော် ရရှိပြီး ကျန်နှစ်များဖြစ်သော ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်များတွင် ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ပါတယ်။ ပဲကြီးသီးနှံအား ဒေသတွင်း ပဲလှော်ဖို လုပ်ငန်းသမားများမှ အဓိကထား ဝယ်ယူကြတာကြောင့် နေ့စဉ်ပုံမှန် အရောင်းအဝယ် ဖြစ်ခဲ့တဲ့ ပဲသီးနှံ ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ရော်ဘာ

### ရော်ဘာဈေးနှုန်းအတက်အကျအနည်းငယ်နဲ့ ဈေးငြိမ်လျက်ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ဩဂုတ်လ ၂၀ ရက်မှ ၂၆ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၁ သန်းတန်ဖိုးရှိ ရော်ဘာ ၁၃၁၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင်မှ RSS-3 ၈၇၉ တန်ကျော်၊ MSR -50 ၃၉ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ MSR-20 ၃၃၂ တန်ကျော်နဲ့ RSS 3 ၆၉ တန်တင်ပို့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ရော်ဘာ ၉၁၈ တန်ကျော်သာ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၄၀၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကို ၁၅၀၄၄၈၈ ကျပ်ဖြစ်တဲ့အတွက် ယခင်တစ်ပတ်ထက် တစ်တန်ကို ၁၃၄၉ ကျပ်ပိုမိုရရှိခဲ့တဲ့အတွက် ဈေးနှုန်း အတက်အကျ သိပ်မပြောင်းလဲဘူးလို့ ဆိုရပါမယ်။ ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS 3 တစ်တန်ကို ၁၄ ဒသမ ၁၅ ကျပ်သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၁ ဒသမ ၉၄ သိန်းရှိပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၂၁ မှ ၂၇ ရက်အထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၁ သန်းတန်ဖိုးရှိ ရော်ဘာတန် ၄၆၀ ခန့်တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS 3 တန် ၃၀၀၊ RSS 1 ၁၈ တန်နဲ့ MSR 3(L) ၂၁ တန်၊ ကိုရီးယားနိုင်ငံသို့ MSR 20 TSR ၁၀၁ တန်နီးပါး၊ အိန္ဒိယနိုင်ငံသို့ MSR 10 တန် ၂၀ ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၇၈၁ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာပေါက်ဈေး အတက်အကျအနည်းငယ်သာရှိပါတယ်။ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုး ထုတ် လုပ်သူများအသင်းက ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း ထုတ်ပြန်ထားပါတယ်။ ရော်ဘာဈေး အတက်အကျမကြမ်းဘဲ ဈေးငြိမ်နေတာ သုံးပတ်ခန့်ရှိနေပြီဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

➲ စာမျက်နှာ - ၁၈ - ဖရဲ၊ သခွားကဏ္ဍမှအစပြု၍ . . . မှ အဆက်

အောက် ကုန်သွယ်ဆောင်ရွက်ခွင့်ပြုမည်။ ငွေလွှဲနှုန်းအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် မြန်မာကျပ်ငွေ၊ တရုတ် ယွမ်ငွေ ဖြင့် ကုန်ပစ္စည်း တင်ပို့ရောင်းချသူ အလိုကျ ပွဲရုံများမှ စီစဉ်ဆောင်ရွက်ပေးမည်။ တစ်ဖက်နိုင်ငံ ဝယ်လက်များ၏ ပစ္စည်း လိုအပ်ချက် ရှိ၊ မရှိပေါ် မူတည်၍ ဈေးနှုန်း တည်ငြိမ်စွာ ဖွင့်လှစ်၍ ဝယ်ယူမှုမရှိခြင်း၊ ကုန်ပစ္စည်း အရည်အသွေး ပြောင်းလဲသဖြင့် ဈေးနှုန်း ပြောင်းလဲသွားခြင်းတို့ကြောင့် ပွင့်လင်းမြင်သာသောဈေးနှုန်းရရှိရန် ပူးပေါင်း၍ လိုအပ်ချက်များ အပြန်အလှန် ဆွေးနွေးဆောင်ရွက်သွားမည်။ တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်း ရောက်ရှိချိန် တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးပြောင်းလဲသွားခြင်း၊ ကုန်ပစ္စည်း အနာအဆာများ များပြားလာခြင်း၊ သတ်မှတ်တန်ချိန် လျော့နည်းသွားခြင်း၊ စီးပွားရေး ကျင့်ဝတ်ဖောက် ဖျက်မှုများရှိနေခြင်းတို့အား နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်။ ယခင်ရှေး အစဉ်အလာအရ ရောင်းသူဘက်မှ ဝယ်သူကို အပိုပေးရသည့် အလေ့အထရှိနေပါ၍ တစ်ဖက် တရုတ်နိုင်ငံတွင် ကျင်းပမည့် ဖရဲ၊ သခွား ဝယ်သူများနှင့် နှီးနှောဖလှယ်ပွဲတွင် အဆိုပါ ကိစ္စရပ်ကို ထည့်သွင်းဆွေးနွေးမည်။ အရောင်းအဝယ်ပျက်ပြယ်မှု နစ်နာကြေး ၅၀ ရာခိုင်နှုန်းရရှိရေးကို တစ်ဖက်တရုတ်နိုင်ငံတွင် ကျင်းပသည့် ဖရဲ၊ သခွား ဝယ်သူများနှင့် နှီးနှောဖလှယ်ပွဲတွင် အဆိုပါကိစ္စရပ်ကို ထည့်သွင်း ဆွေးနွေးမည်။ ကုန်ပစ္စည်း ချိန်ပြောင်းသယ်ဆောင်မှု အချိန်သတ်မှတ်ချက်သည် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဝမ်တိန်ကုန်ချကွင်းသို့ သွားရောက်သည့် ကြာမြင့်ချိန် တစ်ရက် ထည့်သွင်းသတ်မှတ်ခြင်း ဖြစ်၍ ယခုလုပ်ဆောင်မှု အတိုင်း ဆက်လက်ဆောင်ရွက်မည်။ Winrock International ၏ အကူအညီရယူပြီး အမေရိကန်မှ ပညာရှင်ကို ခေါ်ယူ၍ စံချိန်စံညွှန်း သတ်မှတ်ရန် ဆောင်ရွက်မည်။

စံချိန်စံညွှန်း ထိန်းသိမ်းကြီးကြပ်မည့် အဖွဲ့အစည်းအား စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်သည် ပွဲစား၊ ဝယ်ယူသူများမပါဝင်ဘဲ သမာသမတ် ကျစွာဖြေရှင်းနိုင်သော ပုဂ္ဂိုလ်များကို ထည့်သွင်း ဖွဲ့စည်းမည်။ စံချိန်စံညွှန်းပြည့်မီသော လမ်းတံတားများ တည်ဆောက်ပေးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့မူဆယ်(၁၀၅)မိုင် ကုန်စည်ဒိုင်က ဦးဆောင်၍ တင်ပြမည်။

ဖရဲ၊ သခွား ဆွတ်ခူးမှုဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများမှ အနည်းဆုံး လေးရက်ခန့်ကြာမြင့်မှသာ ဆွတ်ခူးမှုပြုလုပ်မည်။ သတ်မှတ်ရက်ပြည့်မှသာ ဖရဲ၊ သခွား ဆွတ်ခူးမှုပြုလုပ်မည်။ ယာဉ်ပေါ်သို့ ဖရဲ၊ သခွားသီးများ တင်ဆောင်ရာတွင် လိမ်ညာမှုမရှိဘဲ သမာသမတ်ကျကျ ဆောင် ရွက်မည်။ ဖရဲ၊ သခွားသီးများ ဆွတ်ခူးရာတွင် အရည်အသွေးအရွယ်အစား တန်းတူဖြစ်စေရေး အထူး အလေးထား ဆွတ်ခူးမည်။ ဖရဲ၊ သခွားသီးများကို နေ့လယ် ၁၁ နာရီအချိန် ဆွတ်ခူးပြီး ညအချိန်မှ ကုန်တင်ယာဉ်ပေါ်သို့တင်ဆောင်မည်။

ရောင်းချရန် တာဝန်ယူထားသော ပွဲရုံများအနေဖြင့် တောင်သူများ အသီးဆွတ်ခူးရန် ပြောကြားရာတွင် ရက်ပြည့်မပြည့်၊ ရေသွင်းရက်၊ ရေဖြတ်ရက်၊ ခူးဆွတ်မည့်သစ်သီး အခြေအနေ၊ တင်ပို့လာမည့်လမ်းကြောင်းအနေအထား အဆက်မပြတ် စုံစမ်းမည်။ တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းများရောင်းချရာတွင် ပွဲရုံများမှ မိမိ၏ကုန်ပစ္စည်းအပေါ် အာမခံချက်ဖြင့် ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်မည်။ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်တောင်သူများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း၊ ပွဲရုံများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်း၊ ကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်း၊ ကုန်ဝယ်သည့်သူများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းတို့ကို သစ်သီးကုန်စည်ဒိုင်မှ ရေးဆွဲထုတ်ပြန်ပေးမည်။ တစ်ဖက်နိုင်ငံမှ လာရောက်ဝယ်ယူသူများအပေါ် ကုန်စည်ဒိုင်မှ စနစ်တကျ မှတ်တမ်းထားရှိရမည်ဖြစ်ပြီး လာရောက်ဝယ်ယူသူများကို ကြိုတင် အာမခံကြေးငွေ သတ်မှတ်လက်ခံရန် ကုန်စည်ဒိုင်မှ ဆောင်ရွက်မည်။စိုက်ပျိုးထုတ်လုပ်တင်ပို့နေသည့် တောင်သူများအတွက် နည်းပညာနှင့် လိုအပ်သော အထောက် အကူပစ္စည်း ပံ့ပိုးနိုင်ရေးကို ကုန်စည်ဒိုင်မှ ဦးဆောင်၍ ဆောင်ရွက်ပေးမည်။ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အရှေ့မြောက်တံခါးကုမ္ပဏီမှ ကူညီဆောင်ရွက်ပေးမည်။



Winrock International မှ Mr.John Haydu ဆွေးနွေးမှု

ဩဂုတ် ၂၄ ရက်က ကျင်းပပြုလုပ်သည့် နှီးနှောဖလှယ်ပွဲသည် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်တွင် သစ်သီးဝလံဈေးကွက်ကြီးတစ်ခု ဖြစ်လာပြီး မိမိနိုင်ငံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အတွက် အကာအကွယ်ပေးနိုင်မည့်အပြင် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ပန်းတိုင်ဆီသို့ တွန်းပို့နိုင်သည့် အရွေ့တစ်ခုဖြစ်သည်ကို မြင်တွေ့နေရသကဲ့သို့ နှီးနှောဖလှယ်ပွဲ ဆွေးနွေးသည့်အချက်(၂၃)ချက်မှ တစ်ဖက်နိုင်ငံနှင့် နှီးနှောဖလှယ်ရန်ရှိသည့် အချက်များ၏ ရလဒ်ကို ဆက်လက်လေ့လာနိုင်ရန်အတွက် တရုတ်နိုင်ငံခရီးစဉ်သို့ ဆက်လက်လိုက်ပါခဲ့ပါတယ်။

တရုတ်နိုင်ငံ ရွှေလီမြို့ လက်လီ လက္ကားသစ်သီးကုန်စည်ဖြန့်ဖြူးရေး အရောင်းဆိုင်သို့ ရောက်ရှိခဲ့ရာ အရောင်းဆိုင်၏ အကျယ်အဝန်းသည် သုံးဧကကျော်ကျယ်ဝန်းပြီး မြန်မာ နိုင်ငံ၏ ဖရဲ၊ သခွားရာသီချိန်တွင် ဖရဲ၊ သခွားများကို အဓိက ရောင်းချပါတယ်။ သစ်သီးအရောင်းဆိုင် အနောက်ဘက်ခြမ်း၌ တစ်ခန်းလျှင် တန်ချိန် ၁၀၀ ခန့် သိုလှောင်ထားရှိနိုင်သော အအေးခန်း ခြောက်ခု ထည့်သွင်းဖွဲ့စည်းထားတာကို တွေ့ရပါတယ်။

ဝမ်တိန်မြို့ရှိ ဝမ်တိန်သစ်သီးကုန်စည်ချကွင်းအတွင်း တည်ဆောက်ထားတဲ့ ချန်ဟော်ကုမ္ပဏီမှ ပိုင်ဆိုင်သော ချန်ဟော်ဟိုတယ်သို့ ရောက်ရှိခဲ့ပါတယ်။

ဩဂုတ်လ ၂၅ ရက်တွင် တရုတ် နိုင်ငံ၊ ဝမ်တိန်မြို့၊ ချန်ဟော်ဟိုတယ် အစည်းအဝေးခန်းမမှာ မြန်မာ-တရုတ် ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များ နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါတယ်။

အဆိုပါနှီးနှောဖလှယ်ပွဲမှာ တရုတ် နိုင်ငံမှ ဝမ်တိန်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ မစ္စတာရန်အိုက်ကျင်း၊ ဝမ်တိန်မြို့ အုပ်ချုပ်ရေးဒုတိယဥက္ကဋ္ဌမစ္စတာ လီခမ်ကျုံး၊ ချန်ဟော်ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာ ထိန်ကျိရန်၊ ချိန်ဟော်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ မစ္စတာယန်ကွမ်း၊ ကုန်သွယ်ရေး ဌာနအကြီးအကဲ မစ္စတာဖန်ကျိယန်၊ ဖရဲ၊ သခွားဝယ်ယူသူကုန်သည်ပွဲစားများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်နှင့် အတွင်းရေးမှူးများ၊ မူဆယ် သစ်သီးဝလံကုန်စည်ဒိုင်မှ ဥက္ကဋ္ဌ ဦးစိုင်းမောင်ညွန့်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းမြင့်ဗိုလ်၊ အတွင်းရေးမှူး ဦးစိုင်းခင်မောင်နှင့် အဖွဲ့ဝင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ အကျိုးဆောင်ကိုယ်စားလှယ်များ၊ ကုန်သည်များနှင့် မုံရွာ၊ စစ်ကိုင်း၊ ဘုတလင်၊ ချောင်းဦး၊ မြောင်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ သပိတ်ကျင်း၊ တပ်ကုန်း၊ တောင်ငူ၊ ပဲခူး၊ ညောင်လေးပင်စသည့်မြို့နယ်တို့မှ ဖရဲသခွား အဓိက စိုက်ပျိုးထုတ်လုပ်သူများ တက်ရောက်ခဲ့ကြပါတယ်။

တရုတ်နိုင်ငံက ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံ ဆွေးနွေးကြရာမှာ တရုတ် ကိုယ်စားလှယ်တွေက ဝမ်တိန်-မက်မန် နယ်စပ်ထွက်ပေါက်ကို တရားဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်ရန်၊ ဝမ်တိန်မြို့တွင် တည်ဆောက်ထားရှိသော မော်တော်ကားစက်ရုံမှ မော်တော်ကားများ တင်သွင်းနိုင်ရေးဆောင်ရွက်ရန်၊ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် အရောင်းအဝယ်ဖြစ်ပြီး တရုတ်နိုင်ငံတွင် အရောင်းအဝယ်ပျက်သည့်အပေါ် ထိန်းကျောင်းပြုပြင်ပေးရန်၊ အမှန်တကယ် ပျက်စီးသွားသည့် ဖရဲ၊ သခွားများကို ပယ်သော်လည်း မပယ်သင့်သည်များကို မပယ်ရန်၊ အရောင်းအဝယ် ပျက်ပြယ်ခဲ့သည့် ရောင်းဝယ်မှုအပေါ် တွင် နစ်နာမှု ကို ၅၀ ရာခိုင်နှုန်း ပေးလျော်စေရန်၊ ကုန်ပစ္စည်းချိန်းပြောင်းချိန်ကို ၄၈နာရီ ဟု နှစ်ဖက် သဘောတူသတ်မှတ်ထားသော်လည်း ပိုမိုအချိန်ကြာမြင့်၍ ပြဿနာဖြစ်သည့်အပေါ် တာဝန်ယူဆောင်ရွက်ပေးရန်၊ ဖရဲ၊ သခွားသီးများရောင်းချရာတွင် တစ်တန်လျှင် ကီလိုဂရမ် ၂၀ အပို ဆောင်းပေးရမှုကို ဖြေလျှော့ပေးရန်၊ နှစ်ဖက်ပူးပေါင်း၍ ဖရဲ၊ သခွားကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် စည်း


တရုတ်နိုင်ငံတွင် ပြုလုပ်သည့် ဆွေးနွေးပွဲ

မျဉ်းစည်းကမ်းဥပဒေများ သတ်မှတ်ပေးရန်၊ တစ်ဖက်နိုင်ငံမှ ဝယ်လက်များအား ကြိုတင် အာမခံကြေးငွေ သတ်မှတ်ပေးရန် မိမိတို့နှစ်ဖက်သဘောတူညီမှုများအား စာဖြင့် တရားဝင်ထုတ်ပြန်ပေးရန်၊ ဖရဲ၊ သခွားကုန်သွယ်မှုဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသားများဖြစ်သည့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ အလုပ်သမားများ၊ ကိုယ်စားလှယ်များကို လုံခြုံမှုအပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ပေးရန်၊ တရုတ်နိုင်ငံမှ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးရာမှာ နှစ်ဦးနှစ်ဘက်အဆင်ပြေနိုင်စေဖို့ ညှိနှိုင်းဆောင်ရွက်ကြရာမှာ ဝမ်တိန်-မက်မန်နယ်စပ်ထွက်ပေါက် တရားဝင်ဖြစ်စေရေးအတွက် အထက်အဆင့်ဆင့်သို့ တင်ပြနိုင်ရေး ဆောင်ရွက်မည်။

ဝမ်တိန်မြို့တွင် တည်ဆောက်ထားသော မော်တော် ကားစက်ရုံမှ မော်တော်ကားများ တင်သွင်းနိုင်ရေး အထက် အဆင့်ဆင့်သို့ တင်ပြနိုင်ရေး ဆောင်ရွက်မည်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် အရောင်းအဝယ်ဖြစ်ပြီး တရုတ်နိုင်ငံတွင် အရောင်းအဝယ်ပျက်သည့်အပေါ် ထိန်းကျောင်း ပြုပြင်နိုင်ရေး ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်း စပ်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်။

အမှန်တကယ်ပျက်စီးသွားသည့် ဖရဲ၊ သခွားများကို ပယ်သော်လည်း မပယ်သင့်သည်များကို မပယ်ရန် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်။

အရောင်းအဝယ်ပျက်ပြယ်ခဲ့သည့် ရောင်းဝယ်မှုအပေါ်တွင် နစ်နာမှုကို ၅၀ ရာခိုင်နှုန်း ပေးလျော်စေရန် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်။

ကုန်ပစ္စည်းချိန်းပြောင်းချိန်ကို ၄၈ နာရီဟု နှစ်ဖက်သဘောတူသတ်မှတ် ထားသော်လည်း ပိုမိုအချိန်ကြာမြင့်၍ ပြဿနာဖြစ်သည့်အပေါ် တာဝန်ယူ ဆောင်ရွက်ပေးရန် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်မည်။

ဖရဲ၊ သခွားသီးများရောင်းချရာတွင် တစ်တန်လျှင် ကီလိုဂရမ် ၂၀ အပို ဆောင်းပေးရမှုသည် ရှေးအစဉ်အလာအရ ရောင်းသူမှ ဝယ်သူကို အားပေးကူညီခြင်းဖြစ်၍ ဆက်လက်ဆောင် ရွက်မည်။

နှစ်ဖက်ပူးပေါင်း၍ ဖရဲ၊ သခွား ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်း ဥပဒေများ သတ် မှတ်နိုင်ရေး အတူတကွ ကြိုးပမ်းဆောင်ရွက်မည်။

တစ်ဖက်နိုင်ငံမှ ဝယ်လက်များအား ကြိုတင် အာမခံကြေးငွေ သတ်မှတ် ပေးရန်ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်မည်။

နှစ်ဖက်သဘောတူညီမှုများအား စာဖြင့် တရားဝင်ထုတ်ပြန်ကြေညာမည်။

ဖရဲ၊သခွားကုန်သွယ်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများဖြစ်သည့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ အလုပ်သမားများ၊ ကိုယ်စားလှယ်များကို လုံခြုံမှုအပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးဆောင်ရွက် မည်။

တရုတ်နိုင်ငံ၊ ဝမ်တိန်တွင်ကျင်းပခဲ့ သည့် နှီးနှောဖလှယ်ပွဲသည် တရုတ်နိုင်ငံမှ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် သစ်သီးဝလံကုန်စည်ဒိုင်ကဲ့သို့ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း မရှိသဖြင့် ညှိနှိုင်းဆုံးဖြတ်သည့် အချက်အလက်များအား ပြတ်သားစွာ ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရပြီး တစ်ဖက်နိုင်ငံမှ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ် ဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဟု ကတိပြုသည့်အပေါ် ဆက်လက် တွန်းအားပေးဆောင်ရွက်ဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ ကုန်စည်ဒိုင်မှ တစ်ဖက်နိုင်ငံသို့ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ စပျစ်သီး၊ နာနတ်သီးတို့ကို တင်ပို့လျက်ရှိရာ သစ်သီးရာသီချိန်တွင် တစ်ရက်လျှင်

**စာမျက်နှာ ၃၀ သို့ ➲**

# ခရီးသွား မဖွံ့ဖြိုးသေးသည့် ဒေသများရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် Jovago က ယင်းဒေသများရှိ ဟိုတယ်များနှင့် ချိတ်ဆက်လုပ်ဆောင်

Jovago အွန်လိုင်းဟိုတယ်ဘွတ်ကင်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် မြန်မာနိုင်ငံ၏ဝေးလံပြီး ခရီးသွားဖွံ့ဖြိုးမှုအားနည်းနေဆဲဖြစ်သည့် ချင်းပြည်နယ်၊ကချင်ပြည်နယ်(ပူတာအို)၊ ကယား ပြည်နယ်၊ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးရှိဒေသများ၊ မိုးကုတ်ကဲ့သို့သော ဒေသများရှိ ဟိုတယ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း Jovago ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းဒေသများတွင် မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ် ယဉ်ကျေးမှု၊ သမိုင်း၊ သဘာဝအလှတရားများစွာရှိနေပြီး လေ့လာဖွယ်ရာများစွာရှိနေပါသည်။ သို့သော် အဆိုပါဒေသများသည် မြန်မာနိုင်ငံ၏ ဝေးလံသည့်နေရာများ၌ တည်ရှိနေခြင်းကြောင့်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်ခဲကြောင့်သော်လည်းကောင်း စသည့်အကြောင်းများကြောင့် ခရီးသွားလာမှုများ နည်းပါးလျက်ရှိရာ ဒေသဆိုင်ရာဖွံ့ဖြိုးမှုများမှာလည်း အတန်အသင့် အားနည်းလျက်ရှိသည်။

Jovago အနေဖြင့် အဆိုပါဒေသများရှိ ဟိုတယ်များနှင့် ယခုကဲ့သို့ချိတ်ဆက်လုပ်ဆောင်ခြင်းဖြင့် ယင်းဒေသတွင်း ခရီးသွားလာမှုမြင့်တက်လာပြီး ဒေသခံများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်း သိရသည်။

လက်ရှိတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့်လည်း ယင်းဒေသများတွင် သဘာဝအခြေခံ ခရီးသွားလာရေးကို ဖော်ဆောင်မြှင့်တင်လျက်ရှိခြင်းကြောင့် နှစ်အနည်းငယ်အတွင်း အဆိုပါဒေသများမှာ ခရီးသွားဝင်ရောက်မှုနှုန်းမြင့်မားသည့်ဒေသများ ဖြစ်လာတော့မည်ဖြစ်သည်။

ယင်းဒေသများတွင် ခရီးသွားမြင့်တက်လာခြင်းဖြင့် ဟိုတယ်လုပ်ငန်းများ၊ ယင်းနှင့် ဆက်နွယ်သည့်လုပ်ငန်းများ အပါအဝင် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ဒေသတွင်းပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးလာစေရုံသာမက ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပါရှိလာမည်ဖြစ်သည့်အတွက် Jovago အနေဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများတွင် ဟိုတယ်များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ခြင်းသည် ယင်းဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့တစ်ခုဖြစ်စေမည်ဟုယုံကြည်ပါသည်။

"Jovago အနေနဲ့ မြန်မာနိုင်ငံ တစ်ဝန်းမှာရှိတဲ့ဟိုတယ်ပေါင်း ၉၀၀ ကျော်နဲ့ချိတ်ဆက်ထားရာမှာ တချို့ဟိုတယ်တွေကတော့ ပူတာအို၊ တာချီလိတ်၊ မိုးကုတ်စတဲ့ဝေးလံတဲ့ဒေသတွေကဖြစ်ပါတယ်။ အဲဒီမြို့မှာရှိတဲ့ ဟိုတယ်တွေအနေနဲ့ ကိုယ်ထူကိုယ်ထစနစ်နဲ့ ဟိုတယ်တွေကို လူတွေပိုသိအောင်လုပ်ဖို့ဆိုတာလည်း မလွယ်လှပါဘူး။ ဟိုတယ်တွေအနေနဲ့ Jovago နဲ့ချိတ်ဆက်ခြင်းအားဖြင့် သူတို့ဆီမှာ ဟိုတယ်ငှားရမ်းမှုတွေများလာမယ်။ ခရီးသွားတွေများလာမယ်။ အကျိုးဆက်အနေနဲ့ အဲဒီဒေသတွေမှာရှိတဲ့ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေတိုးလာမယ်။ ဥပမာ-ခရီးသွားဝင်ရောက်မှုများလာရင် စားသောက်ဆိုင်တွေ၊ ရိုးရာလက်မှုလုပ်ငန်းတွေ၊ ဟိုတယ်၊ ခရီးသွားနဲ့ဆက်နွယ်တဲ့လုပ်ငန်းတွေ အားလုံးဝင်ငွေတိုးလာနိုင်ပြီး ဒေသခံတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ ပိုတိုးတက်လာနိုင်ပါတယ်"ဟု Jovago မှ အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သူ Mr. Hugo Schleicher က ပြောကြားခဲ့သည်။

လက်ရှိတွင် Jovago အနေဖြင့် မြန်မာနိုင်ငံ၏ဝေးလံဒေသများဖြစ်သည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းဒေသရှိ တာချီလိတ်၊ကျိုင်းတုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုး၊ သီပေါ၊ မူဆယ်၊ မိုးကုတ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတို့တွင် ဟိုတယ်အလုံးရေပေါင်း ၂၀၀ ခန့်နှင့်ချိတ်ဆက်ထားပြီး ဖြစ်ပါသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ချင်းပြည်နယ်သို့ခရီးသွားဝင်ရောက်မှုမှာ နိုင်ငံခြားခရီးသွားဧည့်သည် ၁၉၉၇ ဦးနှင့် ပြည်တွင်းခရီးသွားဦးရေ ၇၄၇၂ ဦးတို့ရှိခဲ့ကြောင်း သိရသည်။

Jovago သည် ပြင်သစ်အခြေစိုက်ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၅ စက်တင်ဘာတွင်မှ မြန်မာနိုင်ငံသို့စတင်ရောက်ရှိလာပြီး လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံးရှိ ဟိုတယ်ပေါင်း ၉၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး ခရီးသွားလာသူများအတွက်အဆင်ပြေစေရန်အတွက် ယခုလအတွင်းတွင် မန္တလာမင်းခရီးသည်ယာဉ်နှင့် အကျိုးတူပူးပေါင်းမှုများပြုလုပ်ခဲ့ပြီး ပူးပေါင်းမှုအရ Jovago တွင် ဟိုတယ်ဘွတ်ကင်တင်သူများ အနေဖြင့် မန္တလာမင်းတွင်ကားလက် မှတ် ဝယ်ယူပါက (၅)ရာခိုင်နှုန်းလျှော့ဈေးရရှိမည်ဖြစ်ပြီး မန္တလာမင်းတွင် လက်မှတ်ဝယ်ယူထားပြီး သူများအနေဖြင့် Jovago တွင် ဘွတ်ကင်ပြုလုပ်ပါက ၁၀ ရာခိုင်နှုန်း လျှော့ဈေးရရှိမည်ဖြစ်သည်။

မယ်သီတာ

# Golden City ရှိ အိမ်ရာများအား ကျပ်သိန်း ၆၀၀ ဈေးလျှော့ပြီး ရောင်းချပေးမည့် အထူးအိမ်ရာရောင်းချပွဲကြီး ကျင်းပမည်



Golden City ရှိ အိမ်ရာများအား ကျပ်သိန်း ၆၀၀ ဈေးလျှော့ပြီး အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည့် အထူးအိမ်ရာ အရောင်းပွဲတော်ကို အဆိုပါအိမ်ရာတွင် စက်တင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအ ထူးအိမ်ရာအရောင်းပွဲတွင် အိမ်ခန်း ၁၀ ခန်းကိုသာ ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ကျပ်သိန်း ၆၀၀ အထိ ဈေးလျှော့၍ ရောင်းချပေးမည်ဖြစ်သည်။ တိုက်ခန်းဝယ်ယူရရှိသူသည် Booking Fees အဖြစ် ကျပ် ၁၀ သိန်းသာ ပေးသွင်းရမည်ဖြစ်ပြီး ၄၈ လ အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိမ်ရာဝယ်ယူသူများအား ကျပ်သိန်း ၃၀ တန်ဖိုးရှိ Household Appliances များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

GOLDEN CITY သည် ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာ နေရာသစ်ဖြစ်သော ရန်ကင်းမြို့နယ်တွင် တည်ရှိပြီး ပတ်ဝန်းကျင် အားသာချက်များစွာရှိ၍ စီမံကိန်းအသစ်များလည်း စုဝေးလျက်ရှိသောနေရာတစ်နေရာ ဖြစ်သည်။

မယ်သီတာ

# ကားလေးများ ဈေးမြင့်လာပြီး အင်ဂျင်ပါဝါကြီးကားများ အဝယ်နည်းနေ

ရန်ကုန်ကားဈေးကွက်အတွင်း မူဝါဒနှင့်ပတ်သက်သည့် အကြား သတင်းများကြောင့် ဈေးတန်းမြင့်တက်ကာ ကားလေးများ အဝယ်ရှိနေပြီး၊ အင်ဂျင်ပါဝါကြီး ကားများမှာ ဈေးတန်းကြောင့် အဝယ်နည်းသွားကြောင်း သိရသည်။

ကားဈေးကွက်ထဲတွင် မော်ဒယ်ခုနှစ် သတ်မှတ်ချက်များ ယခင်ကထက် သုံးနှစ်ခန့် ခုန်ကျော်သတ်မှတ်မည်ဆိုသည့်သတင်းမှာ ပိုမိုကျယ်ပြန့်လာသဖြင့် အင်ဂျင်ပါဝါကြီး 1800 စီစီအထက်ကားများမှာ အမေးနည်း၊ အဝယ်နည်းလာကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ မူဝါဒအပြောင်းအလဲကိုစောင့်ကြည့်နေကြခြင်းဖြစ်သလို ယခင်ကနယ်ဝယ်လက်ကြိုက်သည့် ကားများမှာလည်း ယခုအခါ အဝယ်အေးသွားပြီး၊ နယ်ဒေသများတွင် ရေကြီးရေလျှံမှုများနှင့် မြေငလျင် လှုပ်ခတ်မှုများကြောင့်လည်း ဖြစ်နိုင်ကြောင်း ဝါရင့်ယာဉ်ရောင်းအကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ယခုကဲ့သို့ကားဈေးကွက်အခြေအနေ မမှန်းနိုင်ဖြစ်နေရခြင်းမှာ ကားလောကသားများ မျှော်လင့်နေသည့် မူဝါဒအပြောင်းအလဲများ ထွက်ပေါ်လာခြင်းမရှိသလို ရန်ကုန်ကား ဈေးကွက်ကိုသာ အခြေခံအရောင်းအဝယ်လုပ်ကြသဖြင့် ရန်ကုန်တွင် ဖရီးပါမစ်ကားလေးဈေးကွက် ယခုအချိန်အထိ ပီပီပြင်ပြင် မသတ်မှတ်နိုင်သေးသည့်အတွက် ရန်ကုန်ကားများ ဈေးကွက်အတွင်း ထွက်ပေါ်လာခြင်း မရှိသေးဘဲ ရန်ကုန်နှင့် အနီးစပ်ဆုံးနယ်ဒေသ (ပဲခူး၊ ဧရာဝတီ)များနှင့် မန္တလေးလိုင်စင်များသာ ထွက်ရှိနေပြီး ယင်းမှာလည်း ဇွန်၊ ဇူလိုင်လများခန့်ကသာ အများအပြား ဝယ်ယူစီးနင်းမှုများရှိနေပြီး ဒီဘက်ပိုင်းတွင် နောက်ထပ်အကြား သတင်းများကြောင့် နယ်လိုင်စင် ကားသစ်များ စီးနင်းမှု နည်းသွားပြီးရှိပြီးသား ရန်ကုန်လိုင်စင်ပေါက် အကွာရာဟောင်းများသာ ဈေးကွက်ပေါ်အောင် အရောင်းအဝယ်ဖြစ်လာကြောင်း ၎င်းမှ သုံးသပ်ပြသည်။

ထို့ပြင် ယခုကာလအတွင်း နိုင်ငံခြားငွေ(ဒေါ်လာ)ဈေးတက်လာသလို၊ မူလတင်သွင်းရာ ဂျပန်နိုင်ငံ၏ ယန်းငွေဈေးမှာလည်း မြင့်တက်နေသဖြင့် ယခင်နှစ်များကလို ကားဈေးကွက်အတွင်း ကားသစ်(တစ်ပတ်ရစ်)တင်သွင်းရန် မကြိုးစားဘဲ ရှိပြီးသား ဈေးကွက်တွင်းရောက် အကွာရာတန်းနိမ့် ရန်ကုန်လိုင်စင်ကားများသာ မူလဈေးထက် ရှစ်သိန်း၊ ကိုးသိန်း အမြင့်ဈေးဖြင့် ဝယ်ယူစီးနင်းမှု များလာကြောင်း သိရသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာဗစ် (၂၀၁၀) | 3J | ၁၁၀ သိန်း | ရန်ကုန် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၃၀ သိန်း | နယ်လိုင်စင် |
| ၃။ | စူဇူကီး/ပိုလီယို (၂၀၀၁) | ယာယီ | ၁၃၅ သိန်း | နယ်လိုင်စင် |
| ၄။ | ဘယ်လ်တာ (၂၀၀၁) | ယာယီ | ၁၃၅ သိန်း | နယ်လိုင်စင် |
| ၅။ | ပရိဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | နယ်လိုင်စင် |
| ၆။ | ပါဆို (၂၀၁၀) | 5G | ၇၅ သိန်း | ရန်ကုန် |
| ၇။ | မတ်(ခ်)တူး (၂၀၀၂) | ယာယီ | ၂၂၀ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | အာပီအာ (၂၀၁၀) | ယာယီ | ၃၀၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | နယ်လိုင်စင် |

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အဓိက အခြေခံလိုအပ်ချက်ဖြစ်တဲ့ စနစ်တကျ မျိုးစေ့ထုတ်လုပ်ငန်း (Seed Products) အရည်အသွေးပြည့်မီသော စပါးမျိုးစေ့ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ် ဖွံ့ဖြိုးရေး စီမံကိန်းကို တိုင်းဒေသကြီးအတွင်းရှိ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ရည်ရွယ်လျက် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဂျပန်နိုင်ငံ JICA အဖွဲ့တို့ ပူးပေါင်း၍ တိုင်းဒေသကြီးဦးစီးမှူးရုံးနဲ့ မြို့နယ်များတွင် မျိုးစေ့တာဝန်ခံများနဲ့ ဒေသခံတောင်သူများအား နည်းပညာပေး သင်တန်းအပြင် ကွင်းဆင်းလက်တွေ့ သရုပ်ပြခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

တောင်သူများရဲ့ စိုက်ပျိုးရေးထွက်ကုန်များ စံချိန်စံညွှန်းနဲ့ ကိုက်ညီမှုရှိစေရေး၊ စားသုံးမှုအရည်အသွေး ကောင်းမွန်၍ အထွက်နှုန်းကောင်းပြီး၊ ဈေးကွက်သေချာတဲ့ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအဆင့်တိုင်းတွင် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို စနစ်တကျ လိုက်နာကျင့်သုံးတတ်စေရန်သာမက ပြည်ပဈေးကွက်ဝေစု ကျယ်ပြန့်လာပြီး၊ တောင်သူအကျိုး၊ နိုင်ငံတော်အကျိုး စီးပွားနဲ့ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရေး၊ ကျေးလက်လူမှုဘဝမြင့်မားလာပြီး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်ပဝင်ငွေပိုမိုရရှိရေးတို့အပြင် မြန်မာနိုင်ငံရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ အရှိန်အဟုန် မြင့်မားလာစေရန်အတွက် ပြည်ပနိုင်ငံများနဲ့ ယခုလို ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်မြင့်က ပြောပါတယ်။

အရည်အသွေးပြည့်မီတဲ့ စပါးမျိုးစေ့ ထုတ်လုပ်မှုဆိုတာက မျိုးစေ့အဆင့်အလိုက် သတ်မှတ်ထားတဲ့ အရည်အသွေး၊ စံချိန်စံညွှန်းများနဲ့ကိုက်ညီတဲ့ သီးနှံရဲ့ မူလမျိုးရိုးဗီဇနဲ့ ရုပ်သွင်များ ထပ်တူထပ်မျှ ရရှိအောင် စနစ်တကျ ထိန်းသိမ်းထုတ်လုပ်၍ စားသုံးရန် ရည်ရွယ်ကာ ထုတ်လုပ်ရရှိတဲ့ သီးနှံကို ဆိုလိုတာဖြစ်ကြောင်း၊ မျိုးစေ့ကို ဆားရေစိမ်ခြင်း၊ အပင်ပေါက်နှုန်းစမ်းသပ်ခြင်း၊ စနစ်တကျ ပျိုးထောင်ခြင်းတို့အပြင် ကွင်းဆင်းစစ်ဆေးခြင်းရဲ့ အဓိပ္ပာယ်၊ အရေးပါမှု၊ ရည်ရွယ်ချက်များ အပြင် မျိုးကွဲအပင်များခွဲခြားရန်၊ ပေါင်းပင်များတွင် သတ်မှတ်ရောဂါကျရောက်တဲ့ အပင်များ၊ အခြားပြဿနာများကို ကွင်းဆင်းစစ်ဆေးမှ သိရှိနိုင်မည်ဖြစ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးခြင်းသည် မျိုးစေ့ထောက်ခံချက်ပေးသော စနစ်တွင် အရေးကြီးဆုံး လုပ်ငန်းတစ်ခုဖြစ်ပြီး သီးနှံမျိုးစေ့မှန်မှုကို ထိန်းသိမ်းရာတွင်လည်း အထောက်အကူပြု၍ ကွင်းဆင်းစစ်ဆေးခြင်းသည် မျိုးစေ့ထုတ်လုပ်ငန်းတွင် ပထမဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ မျိုးစေ့နမူနာယူခြင်း၊ မျိုးစေ့စစ်ခြင်း၊ မျိုးစေ့ထောက်ခံချက်ပေးခြင်းအပြင် အရည်အသွေးစစ်ဆေးခြင်းရဲ့ စံချိန်စံညွှန်းများ ကွင်းဆင်းစစ်ဆေးတဲ့ နမူနာပုံစံ၊ လိုအပ်တဲ့ ပစ္စည်းများ မှတ်တမ်းရယူခြင်းနဲ့ အစီရင်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ရာတွင် မြေနေရာရွေးချယ်ခြင်း၊ မျိုးစေ့ရွေးချယ်ခြင်း၊ မျိုးမှန်မြေမှန်ဖို့လည်း အဓိကလိုအပ်ကြောင်း ခရိုင် မန်နေဂျာ ဦးစိန်မောင်မြင့်က ထပ်မံပြောကြားပါတယ်။

အဆိုပါနည်းပညာပေး သင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရှိ မျိုးစေ့တာဝန်ခံ တိုင်းရုံးမှ ဝန်ထမ်းငါးဦး၊ ခရိုင်မှ ဝန်ထမ်း ခြောက်ဦး၊ မြို့နယ်မှ ၂၆ ဦး၊ မြို့နယ်ခွဲမှ ခြောက်ဦးကို တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် စာတွေနဲ့ သရက်ချောင်း စိုက်ပျိုးရေးမျိုးသန့်ခြံတွင် လက်တွေ့သင်ကြားပေးပြီး မြို့နယ်များရှိဒေသခံတောင်သူများကို ပြန်လည်ဆင့်ပွားသင်တန်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တစ်မြို့နယ်လျှင် ဧက ၅၀ တွင် စနစ်တကျ မျိုးစေ့ထုတ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ရွာသစ်ကုန်းကျေးရွာရှိ တောင်သူ ဦးအောင်သိန်းရဲ့ စီးပွားဖြစ် မျိုးစေ့ထုတ် ဆင်းသုခစပါး လေးဧက စိုက်ခင်းတွင် ပင်ပွားစုံချိန် ပထမအကြိမ် မျိုးကွဲပယ်ခြင်းကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လဆန်းပိုင်းက ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (မျိုးစေ့ဌာန) ရုံးချုပ်၊ နေပြည်တော်မှ ပညာရှင်များ၊ ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းမှ ဌာနေကိုယ်စားလှယ်များရဲ့ တိုင်းခရိုင်အတွင်းရှိ မျိုးစေ့တာဝန်ခံများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးထွန်းအောင်ကျော်၊ ဒုတိယတိုင်း ဦးစီးမှူး ဦးငွေးလွင်၊ ပုသိမ်ခရိုင် ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ပြီး၊ ဒုတိယအဆင့်နဲ့ တတိယအဆင့် မျိုးကွဲပယ်ခြင်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ပုသိမ်ခရိုင်နဲ့ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ထားရှိတဲ့ စီးပွားဖြစ်မျိုးသန့်မျိုးပွား စိုက်ခင်းများတွင်လည်း သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူး၊ မြို့နယ်မျိုးစေ့တာဝန်ခံများက ဒေသခံတောင်သူများနဲ့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

**ကျော်ဌေး (ဟင်္သာတ)**

## ဟိုပုံး(တစ်မိုးအောက်ညီနောင်များ) စမ်းသပ်ထုပ်ပိုးမှုစက်ရုံဖွင့်ပွဲကျင်းပ




ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့သစ်သီးဝလံပန်းမန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MF-VP,SS) ဟိုပုံး သရက်အစုအဖွဲ့နှင့် မြန်မာ - ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) တို့၏ ဟိုပုံး(တစ်မိုးအောက် ညီနောင်များ)စမ်းသပ် ထုပ်ပိုးမှုစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက်က ဟိုပုံးမြို့နယ် ဟိုပုံးလေး ကျေးရွာ (ဟိုပုံးမြင်းစီးကွင်း) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ကော်မတီဝင်များ၊ ပြည်နယ်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သီးနှံအစုအဖွဲ့ ဝင်များ၊ မြန်မာ - ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့(GIZ) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျေးရွာသူ၊ ကျေးရွာသား စုစုပေါင်းအင်အား ၃၀၀ ဦးခန့်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါစက်ရုံကို မြန်မာ - ဂျာမနီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(GIZ) က ကျပ်သိန်း ၂၀၀၊ ဟိုပုံးသရက် အစု အဖွဲ့နှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျပ် ၂၂၈ သိန်း၊ စုစုပေါင်း ကျပ် ၄၂၈ သိန်း အကုန်အကျခံ တည် ဆောက်ခဲ့ခြင်းဖြစ်သည်။ ဟိုပုံးမြို့နယ် အတွင်းရာသီအလိုက် စိုက်ပျိုးထွက် ရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ၎င်းစက်ရုံ၌ အဓိကထား၍ ထုပ်ပိုးပြီး ဈေးကွက်သို့တင်ပို့ရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဦးခွန်ကျော်ဌေးက ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းများလှုပ်ရှားဆောင်ရွက်မှုနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်းများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**အံ့ကျော်ပိုင် (တောင်ကြီး)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန့်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 16, No.33 Monday September 5 2016

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၅-၉-၂၀၁၆ မှ ၁၁-၉-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အစစအရာရာ အခက်အခဲများကြားမှ အဆင်ပြေမည်။ အကျိုးဆောင်လုပ်ငန်းများ အဆင်ပြေမည်။ မိသားစုပြဿနာများ ဖြေရှင်းနေရတတ်မည်။ ကြံ့စည်သမျှအထက်လူကြီး၊ မိဘဆရာသမားများက ကူညီရတတ်မည်။ ကျန်းမာရေး မျက်စိနှင့်ပတ်သက်ပြီး ဖြစ်တတ်မည်။ ပညာရေးသင်တန်းအသစ် တက်ရခြင်း၊ စာမေးပွဲအောင်မြင်ခြင်းများ ရရှိမည်။ အချစ်ရေးအဆင်ပြေမည်။ အလုပ်အသစ်ရတတ်မည်။ **ယတြာ။ ။အုန်းညွှန့် ၃ ညွှန့် ဘုရားတွင်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အနီးကပ်နေသောလူယုံဇနီးသားသမီးညီအစ်ကိုမောင်နှမများမှ ဒုက္ခပေးတတ်မည်။ အောက်လက်ငယ်သားတော်လှန်မည်။ အိမ်တွင်းရေး ဆူပူမှုဖြစ်နေမည်။ ခရီးသွားလုပ်ငန်းနိုင်ငံခြားဆက်သွယ်သောလုပ်ငန်းများ အခက်အခဲကြုံမည်။ ကုန်သွယ်ရောင်းဝယ်ရေး အဆင်ပြေမည်။ ငွေကြေးခက်ခဲမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအသင့်အတင့်သာရှိမည်။ ကျန်းမာရေးဂရုစိုက်ပါ။ **ယတြာ။ ။ကလေးများကို ချိုချဉ်ကျွေးပါ။**



**အင်္ဂါသားသမီးများအတွက်** အခက်အခဲပြဿနာက ရည်မှန်းချက်ကို ပျက်ပြားစေတတ်မည်။ မထင်မှတ်ဘဲ လွဲချော်နေတတ်ပါသည်။ အောင်မြင်မှုအတွက် ကြံ့စည်သမျှ ကြန့်ကြာနေမည့်ကာလဖြစ်သည်။ ငွေကြေးကိစ္စ စကားအခြေအတင်ပြောရတတ်ပါသည်။ ငွေချေးငှားခြင်းရပ်ပါ။ မိသားစုမှ အထင်လွဲခြင်း အထင်သေးခြင်းခံရမည်။ ချစ်သူရှိပါက ရန်များနေမည်။ အိမ်ထောင်ရေးကမောက်ကမဖြစ်တတ်မည်။ အလုပ်အကိုင်ပါးနေတတ်မည်။ ရပ်ဝေးကဆွေမျိုးမိတ်ဆွေများမှ ကူညီပါလိမ့်မည်။ **ယတြာ။ ။ခရေညွှန့် ၂ ညွှန့် ကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးကောင်းမည်။ အစစအရာရာအဆင်ပြေမည်။ မိတ်ဆွေဟောင်းများမှ အကူအညီကောင်းများရမည်။ ခရီးဝေးသွားရတတ်မည်။ အရောင်းအဝယ်၊ စက်မှုလက်မှုလုပ်ငန်းများ အဆင်ပြေမည်။ ထီထိုးပါ။ ကျန်းမာရေး အာရုံကြောနှင့် ပတ်သက်သောရောဂါဖြစ်တတ်မည်။ အချစ်ရေးပြဿနာ များမည်။ စိတ်ညစ်ရမည်။ အချစ်သစ်တွေ့မည်။ အိမ်ထောင်ရေးအပြောင်းအလဲများမည်။ **ယတြာ။ ။ရွက်လှ ၅ ညွှန့် ဘုရားလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးအခက်အခဲရှိမည်။ မိသားစုအတွက် ပူပင်သောကရှိတတ်မည်။ အထက်လူကြီးများ၏ ငြိုငြင်မှု ခံရတတ်သည်။ အတူနေသူများမှ မနာလိုခြင်းကြုံမည်။ စိတ်လေနေတတ်မည်။ လူမှုရေးကိစ္စများနေတတ်မည်။ ပင်ပန်းသော်လည်း အကျိုးမရှိဖြစ်နေတတ်မည်။ အလုပ်သစ်မစသင့်သေးပါ။ ခရီးရှည်ထွက်ခြင်းမလုပ်သင့်ပါ။ အချစ်ရေးအိမ်ထောင်ရေးထက် စီးပွားရေး ဦးစားပေးနေရမည့်ကာလဖြစ်ပါသည်။ **ယတြာ။ ။မြေစာပင်ကို ဘုရားတွင်ဝေဝေဆာဆာ လှူလိုက်ပါ။**



**သောကြာသားသမီးများအတွက်** ကျန်းမာရေးဂရုစိုက်ပါ။ စီးပွားရေးအဆင်ပြေမည်။ အိပ်ရေးပျက်သောအလုပ်များကို အထူးဂရုထားပြီး ပြုလုပ်ပါ။ မနိုင်ဝန်ထမ်းခြင်းမှ ကျန်းမာရေးထိခိုက်မည်။ အလုပ်များပြီး အကျိုးနည်းမည့်ကာလဖြစ်သည်။ ပတ်ဝန်းကျင်ကြောင့် စိတ်သောကရောက်မည်။ ဆွေမျိုးသားခြင်းများက ဒုက္ခပေးတတ်မည်။ အချစ်ရေးအိမ်ထောင်ရေး အသင့်အတင့်ရှိမည်။ **ယတြာ။ ။ဒါန်းညွှန့် ဘုရားတွင် လှူပါ။**



**စနေသားသမီးများအတွက်** အဆင်ပြေမည့်ကာလဖြစ်ပါသည်။ မျှော်လင့်ချက်၊ ရည်မှန်းချက်အောင်မြင်မည်။ စီးပွားရေးတိုးတက်မည်။ ငွေကတော့အဝင်အထွက်ကြမ်းနေမည့်ကာလဖြစ်ပါသည်။ ရွှေငွေလက်ဝတ်ရတနာများ စုဆောင်းမိမည်။ ကျန်းမာရေးလည်းကောင်းမည်။ စီးပွားရေးကောင်းမည်။ အရောင်းအဝယ်လုပ်ငန်းမှ အမြတ်များမည်။ စက်ပစ္စည်းနှင့်ပတ်သက်သော လုပ်ငန်းများအဆင်ပြေမည်။ မိသားစုစီးပွားရေးလုပ်ပါက အောင်မြင်မည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ **ယတြာ။ ။ယိုတစ်မျိုးမျိုးကို ဘုရားတွင် ကပ်လှူပါ။**

# လေျှင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ပြန်လည်ပြုပြင်ရန် Huawei က ကျပ်သိန်း ၁၀၀၀ နှင့်ညီမျှသည့် အထောက်အပံ့များအား လှူဒါန်းမည်

မြန်မာနိုင်ငံတွင် ဒုတိယရောင်းအားအကောင်းဆုံးအဖြစ် ရပ်တည်လျက်ရှိသည့် Huawei ဖုန်းထုတ်လုပ် ရေးကုမ္ပဏီက ပြီးခဲ့သည့် ဩဂုတ် ၂၄ ရက်ကလှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ပျက်စီးခဲ့ရသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များအား ပြန်လည်ပြုပြင်ရာတွင် အဆင်ပြေချောမွေ့စေရန် အတွက် ကျပ်သိန်း ၁၀၀၀ နှင့်ညီမျှသည့် အထောက်အပံ့များအား ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း Huawei ၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

Huawei ဖုန်းထုတ်လုပ်ရောင်းချရေး ကုမ္ပဏီအနေဖြင့် ၎င်း၏နောက်ဆုံးပေါ် ဖုန်းအမျိုးအစားတစ်မျိုးဖြစ်သည့် Huawei P9 မော်ဒယ်အလုံးတစ်ရာနှင့်တကွ မြန်မာငွေကျပ်သိန်း ၅၀၀၊ စုစုပေါင်းကျပ်သိန်း ၁၀၀၀ နှင့် ညီမျှသည့် တန်ဖိုးကို ပေးလှူမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံရဲ့ အမှတ်လက္ခဏာသဖွယ်ဖြစ်တဲ့ ရှေးဟောင်းသမိုင်းဝင် အဖိုးတန်နယ်မြေများမှာ အခုလိုပျက်စီးထိခိုက်မှုတွေကို မြင်တွေ့ခဲ့ရတဲ့အတွက် ဝမ်းနည်းမိပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ရဲ့ လှူဒါန်းမှု မတည်ငွေတွေကနေ တစ်ဆင့် လူတစ်ဦးချင်းစီအလိုက်သာမက အဖွဲ့အစည်းကြီးများကိုပါ ယဉ်ကျေးမှု အမွေအနှစ်နယ်မြေများမှာ မူလအတိုင်း ရိုးရာမပျက် ပြန်လည်ပြုပြင်မွမ်းမံ၊ ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ဖို့အတွက် အားပေးကူညီသွားမှာပါ" ဟု Huawei Techologies (ရန်ကုန်) ကုမ္ပဏီလီမိတက်၏ အမှုဆောင်အရာရှိချုပ် Mr.Zhang Liman က ပြောကြားခဲ့ပါသည်။

Huawei သည် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အဦးများနှင့် စွယ်တော်များကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် UNESCO အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေသော ကျွမ်းကျင်ပညာရှင်များကို Huawei P9 စမတ်ဖုန်းအလုံးတစ်ရာ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်သည်။ P9 တွင် အဆင့်မြင့် Leica ကင်မရာများကို dual lens ဖြင့် တပ်ဆင်ထားမှုကြောင့် ပညာရှင်များမှ ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းကောက်ခြင်းနှင့် အကဲဖြတ် လေ့လာခြင်းများပြုလုပ်ရာတွင် အထောက်အကူပေးနိုင်သည့်အပြင် အဖွဲ့နှင့်အလုပ်လုပ်ရာတွင် တစ်ဦးနှင့်တစ်ဦးအကြား ဆက်သွယ်ရေး ပိုမိုအားကောင်းကာ အချိတ်အဆက် မိမိရှိစေရန်ကူညီပေးမည်ဖြစ်သည်။

**မယ်သီတာ**




# Meizu က သတ္တုကိုယ်ထည်ဖြင့် ပြုလုပ်ထားသည့် ကင်မရာ အထူးကောင်းမွန်သည့် MX6 အား ကျပ်သုံးသိန်းကျော်ဖြင့် ရောင်းချမည်

မြန်မာနိုင်ငံ၏ စမတ်ဖုန်းဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည့် Meizu စမတ်ဖုန်းကုမ္ပဏီသည် ၎င်း၏ထုတ်ကုန်အသစ်ဖြစ်သည့် MX6 အား မြန်မာပြည်စမတ်ဖုန်းဈေးကွက်တွင် ကျပ် ၃၃၉၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ဩဂုတ် ၃၁ ရက်ကပြုလုပ်သည့် ဖုန်းမိတ်ဆက်ပွဲတွင် ထုတ်ဖော်ကြေညာခဲ့သည်။

"မြန်မာနိုင်ငံ စမတ်ဖုန်းဈေးကွက်မှာ ကုန်ပစ္စည်း စုံစုံလင်လင်ရရှိနိုင်ရေးကို ကျွန်တော်တို့ ရည်ရွယ်ထားတဲ့အတိုင်း MX6 အဆင့်မြင့် စမတ်ဖုန်းကို မိတ်ဆက်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ အရမ်းပဲဝမ်းသာမိပါတယ်။ အခုလို မိတ်ဆက်ပေးလိုက်တဲ့အတွက် ဖုန်းလောကကို တစ်ဖန်လှုပ်ခတ်စေသလို၊ စမတ်ဖုန်းဒီဇိုင်းနဲ့ စွမ်းဆောင်ရည်ကို စံထားတဲ့ ဈေးကွက်တစ်ခုကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လုပ်ငန်းသဘောတရားနဲ့ အကောင်းဆုံး ဆက်လက်ရပ်တည်ဖို့ရာ အကောင်းဆုံးဒီဇိုင်း၊ အစွမ်းထက်တဲ့ အသေးစိတ်လုပ်ဆောင်ချက်တွေနဲ့ သင့်တင့်သော ဈေးနှုန်းတွေနဲ့ MEIZU ဟာ အသုံးပြုရလွယ်ကူတဲ့ စမတ်ဖုန်းနဲ့ တီထွင်မှုတွေကိုတော့ အဓိကထား ဆက်လက်ဆောင်ရွက်သွားမှာပါ"ဟု MEIZU Technology ၏ Country Manager ဖြစ်သူ Mr. Li Xiao က ပြောသည်။

MX6 ကို မြန်မာပြည်ဈေးကွက်တွင် စက်တင်ဘာ ၁ ရက်မှစတင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ခဲရောင်၊ ငွေရောင်နှင့် ရွှေရောင်သုံးမျိုးကို ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် MEIZU သည် မြန်မာပြည်စမတ်ဖုန်းဈေးကွက် အတွင်းသို့ MX6 နှင့်အတူ M3S အမျိုးအစားစမတ်ဖုန်းအသစ်ကိုပါ စတင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ M3S အမျိုးအစားဖုန်းကို ကျပ် ၁၆၈၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိပြီး ရွှေရောင်၊ ခဲရောင်၊ ငွေရောင် စသည့်အရောင်သုံးရောင် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ယင်း M3S အမျိုးအစားစမတ်ဖုန်းတွင် RAM 2G နှင့် 3G တို့ ပါဝင်ကာ သိုလှောင်မှုပမာဏ 16GB နှင့် 32GB စသည်ဖြင့်ပါရှိပြီး မျက်နှာပြင်အကျယ်မှာ ငါးလက်မရှိကြောင်း သိရသည်။

**မယ်သီတာ**



# မြို့ကြီးများ၏ ၅-၉- ၂၀၁၆ မှ ၉-၉- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၅-၉-၂၀၁၆) | အင်္ဂါ(၆-၉-၂၀၁၆) | ဗုဒ္ဓဟူး(၇-၉-၂၀၁၆) | ကြာသပတေး(၈-၉-၂၀၁၆) | သောကြာ(၉-၉-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၂၉˚C/၈၄˚F | ၇၀% ၂၉˚C/၈၄˚F | ၈၀% ၃၀˚C/၈၇˚F | ၆၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၈˚F |
| ရန်ကုန်မြို့ | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F |
| မန္တလေးမြို့ | ၆၀% ၃၁˚C/၈၇˚F | ၅၀% ၃၁˚C/၈၈˚F | တိမ်အသင့်အတင့် ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F |
| မြစ်ကြီးနား | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F |
| လားရှိုး | ၆၀% ၂၆˚C/၇၉˚F | ၈၀% ၂၆˚C/၇၉˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၀˚F | ၈၀% ၂၇˚C/၈၁˚F |
| ကျိုင်းတုံ | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၇˚C/၈၁˚F | ၇၀% ၂၈˚C/၈၂˚F | ၃၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F |
| လွိုင်ကော် | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၆˚C/၇၈˚F | ၈၀% ၂၇˚C/၈၀˚F | ၄၀% ၂၇˚C/၈၁˚F | ၄၀% ၂၇˚C/၈၀˚F |
| တောင်ကြီး | ၆၀% ၂၃˚C/၇၄˚F | ၇၀% ၂၄˚C/၇၅˚F | ၇၀% ၂၄˚C/၇၅˚F | ၆၀% ၂၄˚C/၇၅˚F | ၅၀% ၂၄˚C/၇၆˚F |
| ဖော်လမြိုင် | ၉၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F | ၅၀% ၂၉˚C/၈၅˚F |
| ဘားအံ | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၅˚F | ၆၀% ၂၉˚C/၈၅˚F | ၃၀% ၃၀˚C/၈၆˚F |
| တောင်ငူ | ၈၀% ၂၈˚C/၈၂˚F | ၇၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မုံရွာ | ၅၀% ၃၁˚C/၈၈˚F | ၃၀% ၃၂˚C/၈၉˚F | ၅၀% ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F |
| ပုသိမ် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F |
| မြိတ် | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၈˚C/၈၃˚F | ၆၀% ၂၉˚C/၈၄˚F |
| စစ်တွေ | ၈၀% ၂၈˚C/၈၃˚F | ၄၀% ၂၉˚C/၈၄˚F | ၃၀% ၂၉˚C/၈၅˚F | ၅၀% ၂၉˚C/၈၅˚F | ၃၀% ၃၀˚C/၈၆˚F |
| မကွေး | ၈၀% ၃၁˚C/၈၇˚F | ၈၀% ၃၁˚C/၈၇˚F | ၅၀% ၃၂˚C/၈၉˚F | ၈၀% ၃၂˚C/၉၀˚F | ၆၀% ၃၂˚C/၉၀˚F |
| ဖလမ်း | ၉၀% ၂၂˚C/၇၂˚F | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၃˚C/၇၄˚F | ၈၀% ၂၄˚C/၇၅˚F | ၅၀% ၂၄˚C/၇၅˚F |



## ဂျပန်နိုင်ငံမြောက်ပိုင်းတွင် လိုင်းယင်းရော့ခ်တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်၊ ၁၁ ဦး သေဆုံး

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် လိုင်းယင်းရော့ခ် အမည်ရှိ အင်အားပြင်း အပူပိုင်းတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၁ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူအများအပြားရှိခဲ့ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံးသူများမှာ သက်ကြီးရွယ်အိုများဖြစ်ပြီးရေလွှမ်းမိုးလာသည့်အချိန်တွင် ထွက်မပြေးနိုင်ကြသည့်အတွက် သေဆုံးကြရခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ လိုင်းယင်းရော့ခ်မုန်တိုင်းသည် ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ဩဂုတ် ၃၀ ရက်ညပိုင်းတွင် ဝင်ရောက် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

လိုင်းယင်းရော့ခ်မုန်တိုင်းသည် အီဝါတာ စီရင်စုသို့ ဦးတည်ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကျရောက်မည်ကို ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း ကြိုတင်ရှောင်ရှားနိုင်ခြင်းမရှိသည့် သက်ကြီးရွယ်အိုများ သေဆုံးကြရခြင်းဖြစ်သည်ဟု အီဝါတာစီရင်စုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အီဝါတာစီရင်စုရှိ ဒေသခံ ၄၀၀ ကျော်ကို မုန်တိုင်းတိုက်ခတ်နေသည့် လမ်းကြောင်းတွင် ပိတ်မိနေသဖြင့် ကယ်ဆယ်ခဲ့ရပြီး လူပေါင်း ၁၁၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများတွင် စောင့်ရှောက်ထားရှိခဲ့ရကြောင်း အီဝါတာစီရင်စုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်ရာလမ်းကြောင်းသည် ဟိုကိုင်းဒိုးကျွန်းသို့လည်း ဦးတည်ခဲ့ရာ ဟိုကိုင်းဒိုးကျွန်းတွင် မိုးသည်း ထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့ပြင် မြစ်ရေလျှံတက်မှုများဖြစ်ပေါ်ခဲ့သဖြင့် ရေလွှမ်းမိုးမှုများမှာ ပိုမိုဆိုးရွားခဲ့ရကြောင်းအဆိုပါ သတင်းတွင်ဖော်ပြခဲ့သည်။

ထို့ပြင် မိနာမိဖုရာတိုအနီးရှိ ဆိုရာချီမြစ်ကမ်းပါးမှ ရေတားတာပေါင် ကျိုးသွားခဲ့သဖြင့် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရသဖြင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဟိုကိုင်းဒိုးကျွန်းပေါ်တွင်လူပေါင်း ၄၂၀၀၀ ခန့်ကို ကယ်ဆယ်ရေးစခန်းများတွင် ထားရှိခဲ့ရသည်ဟု အန်န်အိတ်ချ် ကေသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

အဆိုပါမုန်တိုင်းသည် ကုန်းတွင်းပိုင်းမုန်တိုင်းအဖြစ် တရုတ်နိုင်ငံအရှေ့ မြောက်ပိုင်းသို့ ဆက်လက်ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက ရေးသားခဲ့သည်။ **မယ်သီတာ**

## နယူးဇီလန်တွင် အင်အားပြင်းငလျင် လှုပ်ခတ်

နယူးဇီလန်နိုင်ငံတွင် စက်တင်ဘာ ၂ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၁အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။

အဆိုပါငလျင်သည် နှစ်ပေါင်း ၂၀ အတွင်း အပြင်းထန်ဆုံးသော ငလျင်တစ်ခုဖြစ်ခဲ့ပြီးလွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ထက် သုည ဒသမ ၁ သာ လျော့နည်းခဲ့သည်ဟု ဆိုသည်။

ယင်းငလျင်သည် နယူးဇီလန်နိုင်ငံ မြောက်ပိုင်းရှိ ဂစ်ဘရိုနီမြို့၏ အရှေ့မြောက်ဘက် ၁၆၉ ကီလိုမီတာ (၁၀၉မိုင်) အကွာကိုဗဟိုပြု၍ လှုပ်ခတ် ခဲ့ခြင်းဖြစ်သည်။ အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက်များ ထွက်ပေါ်ခဲ့သော်လည်း ဆူနာမီအသေးစားသာဖြစ်ပေါ်ခဲ့သဖြင့် ကြေညာချက်ထုတ်ပြန်ပြီး မိနစ် ၄၀ အကြာတွင် အဆိုပါသတင်းထုတ်ပြန်ချက်အား ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သည့်အတွက် တိုလာဂါပင်လယ်အော်ဒေသတွင် နေထိုင်ကြသည့်ဒေသခံများအား ဆူနာမီမှ လွတ်ကင်းရာဒေသများသို့ ပြောင်းရွှေ့ကြရန် နှိုးဆော်ခဲ့သော်လည်း ဆူနာမီဖြစ်ပေါ်လာခြင်းမရှိ၍ နေရပ်သို့ပြန်လည်နေထိုင်ကြရန် ထပ်မံနှိုးဆော်ခဲ့ရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည်ရေအောက် အနက် ၁၉ ကီလိုမီတာအကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း ဆူနာမီလှိုင်းများ ကြီးကြီးမားမားဖြစ်ပေါ်ခဲ့ခြင်းမရှိသဖြင့် ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ဂစ်ဘရိုနီမြို့၏မြို့တော်ဝန်က ပြောကြားခဲ့သည်။

"ငလျင်လှုပ်ပြီး မကြာခင်အချိန်မှာ ဆူနာမီလှိုင်းတွေ လာမယ်ဆိုတဲ့သတိပေးချက်တွေ ရပါတယ်။ ဆူနာမီဖြစ်မယ်ဆိုရင် နာရီတော်တော်များများကြာမှ ဒီသတိပေးချက်ကိုပယ်ဖျက်ကြတာပါ။ ဒါပေမယ့် အခုဒီအင်အားပြင်းငလျင်ကတော့ ဆူနာမီအသေးစားလောက်ပဲ ဖြစ်ခဲ့တာပါ။ မိနစ် ၄၀ လောက်အကြာမှာ ဆူနာမီသတိပေးချက်ပယ်ဖျက်တယ်ဆိုတဲ့သတင်း ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကြောင့်လည်း ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့ရတာပါ"ဟု မြို့ပြအုပ်ချုပ်ရေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံသည် နှစ်စဉ်ငလျင် အကြိမ်ပေါင်း ၁၅၀၀၀ ခန့်လှုပ်ခတ်လျက်ရှိပြီး အင်အားပြင်းငလျင်လှုပ်ခတ်မှုမှာ အကြိမ် ၁၅၀ ခန့်ရှိသည်ဟု ဆိုသည်။ **မယ်သီတာ**

Vol: 16, No.33 Monday September 5 2016

# t pnf;t a0;rsm;rS a&Sfu0fvHdEm&rnf usifwf oGbGf

ဇေယျာဆွေ(သတင်းအရည်အသွေး)

*ပြည်တွင်း၊ ပြည်ပက ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတဲ့ အစည်းအဝေးတွေ နေ့စဉ်နှင့်အမျှ ဆောင်ရွက်နေကြရတဲ့ ကျွန်တော်တို့တတွေအတွက် ကျင်းပ ပြုလုပ်တဲ့ အစည်းအဝေးတွေမှာ နေထိုင်ခြင်း၊ ပြောဆို ဆက်သွယ်ခြင်း စတဲ့ အပြုအမူတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ တစ်နေ့တစ်မျိုး မရိုးရအောင် ကြုံတွေ့နေကြရမှာပါ။ တချို့တွေက မသိလို့ ပြုမူမိတဲ့ အရာတွေရှိသလို တချို့တွေကတော့ သိသိကြီးနဲ့ ပြုမူနေတဲ့ အရာတွေလည်း ရှိနေကြပါတယ်။ ဒါကြောင့် အစည်းအဝေးတွေမှာ နေထိုင်ပြုမူ ပြောဆို ဆက်ဆံရာမှာ လိုက်နာရမယ့် ဆောင်ရန်နဲ့ ရှောင်ကြဉ်ရမယ့် ရှောင်ရန် အချက်တွေကို သိနားလည်ထားကြဖို့ လိုအပ်ပါတယ်။*

*ဒါမှသာလျှင် အစည်းအဝေးတွေမှာ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ ကင်းပြီး ရလဒ်ကောင်းတွေရတဲ့ အစည်းအဝေးတွေကို ရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် Business Insider မှာ ရေးထားတဲ့ ဆောင်းပါးရှင် Jacquelyn Smith နဲ့ Samantha Lee တို့ရဲ့ 15 meeting etiquette rules every professional needs to know ဆောင်းပါးကို ကိုးကားပြီး ရေးသားတင်ပြ လိုက်ပါတယ်။*

**အစည်းအဝေးမစတင်မီ တစ်ဦးချင်း မိတ်ဆက်ကြပါ. .**

တစ်ဦးချင်းစီ ကိုယ့်ကိုကိုယ် မိတ်ဆက်ရပါမယ်။ အဲဒီလို မိတ်ဆက်မထားကြဘူးဆိုရင်အစည်းအဝေးမှာ ထဆွေးနွေးတဲ့လူဟာ ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းကို ကိုယ်စားပြုပြီး ဆွေးနွေးတယ်ဆိုတာ တခြားသူတွေ မသိနိုင်တော့ဘဲ သူဆွေးနွေးရတဲ့ ရည်ရွယ်ချက်၊ ဘာကြောင့် ဆွေးနွေးရသလဲဆိုတာကို အလွယ်တကူ ချဉ်းကပ်အဖြေရှာရခက်တတ်ကြပါတယ်။ မိတ်ဆက်ကြတဲ့အခါမှာလည်း ရာထူးအားဖြင့် အမြင့်ဆုံးပုဂ္ဂိုလ်ကအစပြုပြီး မိတ်ဆက်ကြဖို့လည်း အကြံပြုထားပါတယ်ခင်ဗျာ-

**လိုရင်းတိုရှင်းဆွေးနွေးပါ-**

ကိုယ်ဆွေးနွေး ပြောကြားတဲ့အကြောင်းအရာဟာ ထိထိမိမိ ဖြစ်စေပြီး လိုအပ်သလောက်သာ ဆွေးနွေးကြဖို့ လိုပါတယ်။ ကျွန်တော်တို့ အများဆုံး တွေ့ကြုံရတတ်တာကတော့ အစည်းအဝေးမှာ ဆွေးနွေးတဲ့ သူတွေဟာ လိုရင်းကို မရောက်ဘဲ ရှိနေတတ်ကြတာပါပဲ။ ဆွေးနွေးတဲ့သူ ကိုယ်တိုင်က ကိုယ်ပြောချင်တဲ့ အချက်ကို မရောက်တော့ နားထောင်နေကြရတဲ့ သူတွေမှာလည်း ဘာကို ပြောနေမှန်း မသိဖြစ်ပြီး အချိန်ကုန်လူပန်းတဲ့ အစည်းအဝေးတွေအဖြစ် အဆုံးသတ်သွားကြလို့ပါ။ ဒါကြောင့် အစည်းအဝေးတွေမှာ လိုရင်းတိုရှင်း ပြောကြား ဆွေးနွေးကြဖို့ အကြံပေးထားခြင်း ဖြစ်ပါသတဲ့ ခင်ဗျာ။

**ရာထူးပိုမြင့်တဲ့သူက အရင် လက်ဆွဲ နှုတ်ဆက်ဖို့ ကြိုးစားကြပါ-**

အစည်းအဝေး တက်ရောက်သူ အချင်းချင်းတွေ့ဆုံလို့ နှုတ်ဆက်ကြတဲ့အခါမှာ ရာထူးကြီးတဲ့သူတွေက ဟိတ်ဟန်ကြီး တစ်ခွဲသားနဲ့မနေဘဲ ကိုယ်က အရင်ဦးအောင် နှုတ်ဆက်နိုင်ဖို့ လက်ကမ်းပေးကြပါလို့ အကြံပေးထားပါတယ်။ သူတို့ဆီမှာလည်း ရာထူးကြီးတဲ့သူတွေက စပြီး လက်ကမ်း နှုတ်ဆက်ကြဖို့ ဝန်လေးနေတတ်ကြလို့ ထင်ပါတယ်။ နောက်ပြီး အမျိုးသမီးများနဲ့ တွေ့ဆုံ နှုတ်ဆက်ကြတဲ့ အခါမှာလည်း အမျိုးသားများ အနေနဲ့ ဦးအောင် လက်ကမ်းကြဖို့ကိုလည်း တိုက်တွန်းထားပါတယ်။ မှန်ပါတယ်။ အမျိုးသမီးတွေက သူတို့ကစပြီး အရင်လက်ကမ်း နှုတ်ဆက်ကြဖို့ ရှက်ရွံ့ ဝန်လေးတတ်ကြတဲ့အတွက် ကျွန်တော်တို့ အမျိုးကောင်းသားများအနေနဲ့ လိုက်နာ ကျင့်သုံးကြဖို့ ထပ်ဆင့် တိုက်တွန်းအပ်ပါတယ် ခင်ဗျား။

**မိတ်ဆက်ခြင်းနဲ့ ဆွေးနွေးခြင်းများမှာ မတ်တပ်ရပ်ဆောင်ရွက်ပါ။**

ကိုယ့်ကိုကိုယ် မိတ်ဆက်တာဖြစ်ဖြစ်၊ အစည်းအဝေးရဲ့ အကြောင်းအရာပေါ် မှာ ဆွေးနွေးတာပဲ ဖြစ်ဖြစ် မတ်တပ်ရပ်ပြီး ဆွေးနွေးပေးဖို့ လိုအပ်ပါတယ်။ ဒီလိုမဟုတ်ရင် ဘယ်သူ ဆွေးနွေးမှန်း မသိဘဲ အသံကြားရာကို လိုက်ရှာနေရတဲ့ အဖြစ်မျိုးတွေ ကြုံရတတ်ပါတယ်။ မတ်တပ်ရပ်ပြီး မဆွေးနွေးတဲ့အတွက် ကိုယ့်ကိုလည်း လူတွေက မမြင်၊ မသိကြဘဲ ကိုယ့်ဆွေးနွေးချက် အရာမရောက်တတ်တာကို ကြုံရနိုင်တာကြောင့် မိတ်ဆက်ခြင်းနဲ့ ဆွေးနွေးခြင်းများမှာ မတ်တပ်ရပ်ပြီး ဆွေးနွေးကြဖို့လည်း အကြံပြုထားပါတယ် ခင်ဗျာ။

**အချိန်မှီရောက်ဖို့ကြိုးစားပါ**

ကျွန်တော်တို့ အစည်းအဝေးတွေမှာ အများဆုံး ကြုံရတတ်တဲ့ အရာကတော့ အစည်းအဝေးကို အချိန်မီ မရောက်ကြတာပါ။ အချိန် မလေးစားခြင်းဟာ အစည်းအဝေးကို တက်ရောက် နေကြတဲ့သူတွေကို မလေးစားသလိုပါပဲ။ အကြောင်းပြချက်တွေ ဘယ်လို မျိုးစုံရှိနေကြပေမယ့် အစည်းအဝေးကို အချိန်မီ တက်ရောက်ဖို့ကြိုးစားပေးကြဖို့လည်း တိုက်တွန်းထားပါတယ်။

**သင့်တင့်လျောက်ပတ်စွာ ထိုင်ကြပါ**

အစည်းအဝေးတွေမှာ ကိုယ်ထိုင်မယ့် ထိုင်ခုံတွေကို မထိုင်မီမှာ အနိမ့်၊ အမြင့်ကို ချိန်ညှိပြီးတော့ ထိုင်ဖို့လိုပါတယ်။ (အနိမ့်အမြင့် ချိန်ညှိလို့ရတဲ့ ဆုံလည် ကုလားထိုင်မျိုးတွေကို အသုံးပြုကြတဲ့ အစည်းအဝေးမျိုးတွေကို ဆိုလိုတာ ဖြစ်ပါလိမ့်မယ်)။ ကိုယ်က အရပ်မြင့်မြင့်ဆိုရင် ထိုင်ခုံကို တတ်နိုင်သလောက် နိမ့်ပြီးထိုင်ဖို့နဲ့ ကိုယ်က အရပ်ပုတဲ့ သူဆိုရင်တော့ အခြားသူတွေနဲ့ ညီတူ ဖြစ်အောင် ထိုင်ခုံကို မြှင့်ပြီး ထိုင်ဖို့ ပြောတာပါ။ ဒါမှသာလျှင် အစည်းအဝေးတွေမှာ ပေါ်လွင်လွန်း၊ ငုပ်လျှိုးလွန်း မဖြစ်စေမှာပါ။ နောက်ပြီးတော့ ထိုင်တဲ့အခါမှာ တင်ပျဉ်ခွေ မထိုင်ကြဖို့လည်း အကြံပြုထားပါတယ်။ ဒီလိုမျိုး ထိုင်ကြတာဟာ အခြားသူတွေကို စိတ်အနှောင့်အယှက် ဖြစ်စေသလို ဆွဲဆောင်မှု အားပြင်းတဲ့ နေထိုင်မှုမျိုးလည်း ဖြစ်လို့ပါတဲ့ခင်ဗျာ။

**သင့်တင့်လျောက်ပတ်စွာ ဝတ်စား ဆင်ယင်ပါ**

ကိုယ့် ရဲ့ အဝတ်အစားဟာ ကိုယ့်ရဲ့ အရည်အသွေးကို ပထမဆုံး ဆုံးဖြတ်ခံရနိုင်တဲ့ အရာတစ်ခုပါ။ အချို့သော ပုဂ္ဂိုလ်တွေဟာ သူတို့ကို လူတွေသိတာပဲ အဝတ်အစားက အဓိကမဟုတ်ပါဘူးဆိုတဲ့ အမြင်နဲ့ အစည်းအဝေးတွေမှာ ဖြစ်သလို အဝတ်အစားနဲ့ တက်နေတတ်ကြတာကိုလည်း တွေ့ဖူးကြမှာပါ။ အဝတ်အစားကြောင့် ဂုဏ်တက်ရသလို ဂုဏ်လည်း ပျက်စေနိုင်တဲ့အတွက် အစည်းအဝေးတွေနဲ့ သင့်လျော်တဲ့ အဝတ်အစားများကို ဝတ်စားဆင်ယင်ကြဖို့ တိုက်တွန်းထားပါတယ်။

**အခြားသူထိုင်ဖို့ ခုံနေရာ ဆွဲပြမပေးပါနဲ့**

ကိုယ့်ရဲ့ ဧည့်သည်ကို တံခါးဖွင့်ပေးတာဟာ လုပ်သင့်တဲ့ ကိစ္စတစ်ခုဖြစ်ပေမယ့် အစည်းအဝေးတွေမှာတော့ သူများထိုင်ဖို့အတွက် (Sitting Plan ချထားတာက လွဲလို့) ထိုင်ခုံကို ဆွဲယူပြမပေးပါနဲ့လို့ အကြံပြု လမ်းညွှန်ထားပါတယ်။ ကျွန်တော်ကတော့ ဘာအကြောင်းကြောင့်လဲ ဆိုတာကို သေချာ မသိပေမယ့် ဒီလိုလုပ်ရပ်မျိုးဟာ တစ်ပါးသူရဲ့ ရွေးချယ် နေထိုင်ပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးကို ထိခိုက်စေသလိုဖြစ်တဲ့ အတွက်ကြောင့်လို့ ထင်ပါတယ်။ နိုင်ငံခြားကို သွားပြီး တက်ရောက်ရတဲ့ အစည်းအဝေးတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံ ဆွေးနွေးမှုမျိုးတွေမှာ ဆင်ခြင်ဖွယ် တစ်ခုအနေနဲ့ တင်ပြလိုက်ပါတယ်ခင်ဗျာ။

**ကြိုတင်ပြင်ဆင်ပြီးမှ အစည်းအဝေးတက်ပါ**

ကိုယ်တက်ရမယ့် အစည်းအဝေးကို ကြိုတင်လေ့လာထားရပါမယ်၊ ဆွေးနွေး တင်ပြရမယ့် အချက်တွေ၊ ပြန်လည် ရှင်းလင်း ဖြေကြားရမယ့် အချက်တွေ နဲ့ လိုအပ်ရင် မေးမြန်းရမယ့် မေးခွန်းတွေ အတွက်လည်း ကြိုတင်ပြင်ဆင် ထားရပါမယ်။ ဒီလိုသာ ကြိုတင်ပြင်ဆင် မထားကြရင် အစည်းအဝေးထဲ ရောက်မှ ဘာဆွေးနွေးရမှန်းမသိ ဖြစ်ကြပြီးတော့ ကြုံသလို လက်တမ်း ဆွေးနွေးမှုတွေနဲ့သာ အစည်းအဝေးတွေ ပြီးတတ်ကြတဲ့ အတွက် ရလဒ်ကောင်းတွေလည်း မရနိုင်ပါဘူး။ ဒါကြောင့် အစည်းအဝေး တက်ရတော့မယ်ဆိုရင် ကိုယ် ဘာတွေကို ဆွေးနွေးတင်ပြမှာလဲ၊ ဘယ်လို မေးခွန်းတွေ ပြန်မေးရမလဲ ဆိုတာတွေကို ကြိုတင် ပြင်ဆင်ထားကြဖို့ တိုက်တွန်းခြင်း ဖြစ်ပါတယ်-

**ခိုင်မာတဲ့ အစည်းအဝေး အစီအစဉ် ဖြစ်ပါစေ**

ကိုယ်တက်ရတဲ့ အစည်းအဝေးမှာ ကိုယ်က အစည်းအဝေးအတွက် မရှိမဖြစ် အဓိက အရေးပါတဲ့ နေရာမှာ ပြောဆို ဆွေးနွေး တင်ပြရမယ့် တာဝန်ရှိလာပြီး ကိုယ်ပြောဆို ဆွေးနွေးတဲ့ အချိန်မှာ ဆွေးနွေးရမယ့် ခေါင်းစဉ် လမ်းကြောင်းကနေ သွေဖည်ပြီး လိုရင်းကို မရောက်တော့ဘူးဆိုရင် ကိုယ့်ကို ဆွေးနွေးရမယ့် လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ရေး သတိပေးဖို့အတွက် ကိုယ့်အနားမှာ လုပ်ဖော်ကိုင်ဖက် တစ်ဦးထားဖို့ လိုအပ်ပါတယ်။ အဲဒီလိုမျိုးလည်း ဖြစ်တတ်ကြပါတယ်။ ကိုယ်က အစည်းအဝေးမှာ အဓိက အရေးပါတဲ့ နေရာက ဆွေးနွေးရတဲ့အခါမှာ စိတ်လှုပ်ရှားမှု ကြောင့် ဖြစ်စေ၊ ဆွေးနွေးတဲ့ ဘာသာရပ်အပေါ် မှာ အာရုံစူးစိုက်မှု အားနည်းမှုကြောင့် ဖြစ်စေ ဆွေးနွေးရမယ့် လမ်းကြောင်းကနေ သွေဖည်ပြီး အခြားမဆိုင်တဲ့ အကြောင်းအရာတွေဆီကို ရောက်ရှိသွားပြီး နားထောင်တဲ့သူတွေက ဘာကို နားထောင်ပြီး ဆုံးဖြတ်အကြံပြုရမလဲ မသိတဲ့ အဖြစ်မျိုးတွေ ဖြစ်တတ်ကြလို့ ကိုယ့်ဆွေးနွေးမှု လမ်းမှန် ပြန်ရောက်ရေး သတိပေးဖို့လူ ထားခိုင်းတဲ့ သဘောပါ ခင်ဗျာ။

**သူများကြားနိုင်အောင် ဆွေးနွေးပါ**

အစည်းအဝေးတွေမှာ ဆွေးနွေးတဲ့အခါမှာ အခြားသူများ ကြားနိုင်လောက်အောင် ဆွေးနွေးပေးပါ။ ဟုတ်ပါတယ်။ အစည်းအဝေးတွေမှာ တချို့တွေ ဆွေးနွေးလို့ရှိရင် ဘာပြောနေမှန်း မသိအောင်ကို အသံက တိုးတိုးလေးနဲ့ အလွန် အာရုံစိုက်ပြီး နားထောင် ရတတ်ပါတယ်။ တကယ်လို့ သူဆွေးနွေးတဲ့ အကြောင်းအရာက အရေးကြီးတဲ့ အချက်ဆိုရင်တော့ အလွန်နှမြောစရာ ကောင်းပါတယ်။ ဆွေးနွေးတဲ့အသံ တိုးနေတဲ့အတွက် တန်ဖိုးရှိလှတဲ့ ဆွေးနွေးမှုတွေ အလေအလွင့် ဖြစ်ကြရပါတယ်။ နောက်ပြီးတော့ ထပ်ပြီး အကြံပြုထားတာက အစည်းအဝေးအစမှာ တန်ဖိုးရှိတဲ့ သုံးသပ်ချက်တွေကို ဆွေးနွေးတင်ပြပေးနိုင်ဖို့ ကြိုးစားပါတဲ့။ ဒါမှသာ ဒီအစည်းအဝေးကို ကိုယ် တက်ရောက်နေမှန်း အခြားသူတွေ သတိထားနိုင်မှာ ဖြစ်ပါတယ်။

**သတ်မှတ်မထားတဲ့ စကားပြော စည်းကမ်း တွေကို နားလည်ထားပါ**

တခြားသူ ဆွေးနွေးနေစဉ်မှာ ကြားဖြတ် ပြောဆိုဆွေးနွေးခြင်းဟာ မယဉ်ကျေးတဲ့ အပြုအမူ ဖြစ်ပေမယ့် ဆွေးနွေးတဲ့ အကြောင်းအရာပေါ် မှာ ကြားဖြတ် ဆွေးနွေးသင့်တဲ့ အချက်ရှိရင် ဒါမှမဟုတ် သူဆွေးနွေးနေတဲ့ အကြောင်းအရာကို နားမလည်လို့ ရှိရင်လည်း သူ့စကားကို ဖြတ်ပြီး ဝင်ရောက် ဆွေးနွေးပေးသင့်ပါတယ်။ အဲဒီလို ကြားဖြတ် ဆွေးနွေးမှုတွေ မလုပ်ရင် ကိုယ်နားမလည်တဲ့ အကြောင်းအရာတွေအပေါ် မှာ မှန်ကန်တဲ့ သုံးသပ်မှုတွေ ပေးနိုင်မှာမဟုတ်ပါဘူး။ နောက်ပြီး ကိုယ့်ရဲ့ သုံးသပ် အကြံပြုချက်ကိုလည်း တင်ပြဖို့ အခွင့်အလမ်းမဲ့သွားတတ်ပါတယ်။ ဒါကြောင့် ကြားဖြတ်ဆွေးနွေးဖို့ လိုအပ်ရင်လည်း ဆွေးနွေးသင့်ပါတယ်။ အဲဒါမှသာ အရည်အသွေး ပြည့်ဝတဲ့ အစည်းအဝေးတွေ ဖြစ်လာနိုင်မယ်လို့လည်း သုံးသပ် တိုက်တွန်းထားပါတယ်။

**အစည်းအဝေးကျင်းပစဉ်အတွင်း အစားစားခြင်းကို ရှောင်ကြဉ်ပါ**

နံနက်စာ၊ နေ့လယ်စာ၊ ညစာတွေနဲ့ တည်ခင်း ဧည့်ခံတဲ့ အစည်းအဝေးတွေက လွဲလို့ အခြား အစည်းအဝေးတွေမှာ အစားစားခြင်းကို ရှောင်ကြဉ်ကြဖို့လည်း လိုပါတယ်။ ဒါပေမယ့် အစည်းအဝေးက တည်ခင်းတဲ့ ကော်ဖီတို့ ရေတို့ကိုတော့ သောက်နိုင်ပါတယ်။ ကိုယ့်ရဲ့ အစာစားတဲ့ အပြုအမူတွေ၊ အစားအစာရဲ့ အနံ့တွေဟာ အစည်းအဝေး လုပ်နေသူတွေကို စိတ်အနှောင့်အယှက် ဖြစ်စေလို့ပါ။ နောက်ပြီး အစည်းအဝေး ပြီးသွားရင် ကိုယ်ထိုင်ခဲ့တဲ့စားပွဲကို မူလအတိုင်း ရှင်းလင်းပေးခဲ့ဖို့လည်း လိုအပ်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အစည်းအဝေးတွေပြီးသွားရင် စားပွဲခုံတွေမှာ ကွမ်းယာအိတ်ခွံတွေ၊ သုံးပြီးသား တစ်ရှူးစက္ကူတွေ၊ သောက်ပြီးသား ရေဗူးခွံတွေ၊ တစ်ခါသုံး ကော်ဖီခွက်တွေ၊ အသုံးမပြုတော့တဲ့ စာရွက်စာတမ်းတွေနဲ့ အခြားအမှိုက်တွေ ချန်ထားတတ်ကြတာကို တွေ့ဖူးကြမှာပါ။ ဒါကြောင့် အစည်းအဝေး တက်ပြီးတဲ့အခါမှာ ကိုယ်ထိုင်ခဲ့တဲ့ စားပွဲနေရာကို ရှင်းလင်းပေးထားခဲ့ဖို့ တိုက်တွန်းထားခြင်းဖြစ်ပါတယ်။

**အစည်းအဝေး စားပွဲပေါ် မှာ ဖုန်းကို တင်ထားခြင်းကို ရှောင်ကြဉ်ပါ**

အစည်းအဝေး လုပ်နေစဉ်အတွင်းမှာ ကိုယ့်ရဲ့ဖုန်းကို စားပွဲပေါ် တင်ထားခြင်းကို ရှောင်ကြဉ်ဖို့ လိုပါတယ်။ စားပွဲပေါ် က ဖုန်းကို Silent Mode မှာ

စာမျက်နှာ - ၂၈ သို့

## ပရီးမီးယားလိဂ်၏ ယခုနှစ်အပြောင်းအရွှေ့ အသုံးစရိတ် ပေါင်တစ်ဘီလီယံကျော်အထိရှိလာ

အင်္ဂလန်ပရီးမီးယားလိဂ်၏ ယခုနှစ် အပြောင်းအရွှေ့အသုံးစရိတ်သည် ပေါင် တစ်ဘီလီယံကျော်အထိရှိလာခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းပမာဏသည် လွန်ခဲ့သည့် ခြောက်နှစ်တာကာလ နှင့်နှိုင်းယှဉ်ပါက အမြင့်ဆုံးဖြစ်သည်ဟုဆိုသည်။ အားကစားစာရင်းကောက် ယူသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် Deloitte ၏ထုတ်ပြန်ချက်အရ ယခုနှစ် ပရီးမီးယားလိဂ် အပြောင်းအရွှေ့ အသုံးစရိတ်သည် ပေါင် ၁ ဒသမ ၁၆၅ ဘီလီယံအထိရှိလာခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်တွင် ပရီးမီးယားလိဂ်၏ သုံးနှစ်စာရုပ်သံထုတ်လွှင့်ခွင့် အတွက် စာချုပ်ချုပ်ဆိုခြင်းသုံးခုမှ ရရှိငွေမှာ ပေါင် ၄.၁ဘီလီယံရှိခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်၏ အပြောင်းအရွှေ့ အသုံးစရိတ်သည် ပြီးခဲ့သည့် နှစ်ဘောလုံးရာသီကထက် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက အပြောင်းအရွှေ့စရိတ်မှာ ပေါင် ၉၀၁သန်းဖြင့် စံချိန်တင်ထားသည်ကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်အသင်းများအနက် မန်စီးတီးအသင်း၏ စုစုပေါင်းအသုံးစရိတ်မှာ ပေါင် ၁၄၅ သန်းရှိနေပြီး အပြောင်းအရွှေ့စရိတ် အများဆုံးသော အသင်းတစ်သင်းဖြစ်လာခဲ့သည်။

ဂျူဗင်တပ်အသင်း၏ ကွင်းလယ်လူပေါ့ဘာကို ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့် ခေါ်ယူခဲ့သည့်မန်ချက်စတာယူနိုက်တက်အသင်း၏ အပြောင်းအရွှေ့ အသုံးစရိတ်မှာ ပေါင် ၁၄၅ သန်းရှိနေပြီး ဒုတိယအများဆုံး အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။ ယခုရာသီတွင် ကစားသမားအသစ် မဝယ်ယူသဖြင့် အသင်းပရိသတ်များ၏ ဝေဖန်မှုကို ပြင်းပြင်းထန်ထန် ခံစားနေရသည့်အာဆင်နယ်အသင်းသည် မူစတာဖာနှင့် ပီရက်ဇ်တို့နှစ်ဦးကို ပေါင်သန်း ၅၀ ကျော်ဖြင့် ဝယ်ယူလိုက်သည့်အတွက် တတိယအပြောင်းအရွှေ့စရိတ် အများဆုံးအသင်းအဖြစ် ရပ်တည်ခဲ့သည်။

၂၀၁၆-၁၇ ခုနှစ်အတွင်း ကလပ်အသီးသီးအတွက် ရုပ်သံထုတ်လွှင့်ခွင့်ရရှိငွေမှာ ပေါင်သန်း ၃၀ မှ ၅၀ ကြားတွင်ရှိနိုင်သည်ဟု မျှော်လင့်ရသည်ဟု ဆိုသည်။ အဆိုပါရုပ်သံထုတ်လွှင့်ခွင့်မှ ရရှိသည့်ငွေသည်အသင်း၏ အသုံးစရိတ်များအတွက် ကာမိစေသည်ဟု Deloitte မှ ဈေးကွက်မန်နေဂျာက ပြောကြားခဲ့သည်။

## စစ်ကိုင်းတိုင်းလွှတ်တော်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးမည်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် ဇေယျာရွှေမြေအသင်းကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအား သွားရောက်တွေ့ဆုံရန် အစီအစဉ်ရှိကြောင်း မြန်မာနေရှင်နယ်လိဂ်၏ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က မီဒီယာများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

"ဦးဇော်ဇော်နဲ့ ကျွန်တော်တို့ တာဝန်ရှိသူတွေအားလုံး စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို သွားပြီး တွေ့ဆုံဆွေးနွေးမှာပါ။ တကယ်တမ်းကျတော့မုံရွာကွင်းကို နိုင်ငံတော်အဆင့် အနေနဲ့ ဇေယျာရွှေမြေကို အသုံးပြုခွင့် ပေးခဲ့တာပါ။ သူတို့လည်း ဒီကွင်းကို ပြန်သိမ်းလိုက်လို့ အသင်းတစ်သင်း ပျက်စီးသွားပါစေဆိုတဲ့ ရည်ရွယ်ချက်မျိုးမရှိလောက်ပါဘူး။ နားလည်မှုလွဲလို့ အခုလိုဖြစ်တာပါ"ဟု ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

ဇေယျာရွှေမြေအသင်း ဥက္ကဋ္ဌ ဦးသူရိန်အနေဖြင့် အသင်းကို ဆက်လက်တာဝန်ယူလုပ်ဆောင်ရန် ဆန္ဒမရှိတော့ပါကလည်း အသင်းကိုအခြားလုပ်ငန်းရှင်တစ်ဦးဦးအား ရှာဖွေပေးအပ်ရန် အစီအစဉ်ရှိကြောင်း ဦးသူရိန်နှင့် ဇွဲကပင်အသင်းဥက္ကဋ္ဌ ဦးလှဌေးတို့ကို မိမိတို့အနေဖြင့် စည်းရုံးနိုင်သမျှ စည်းရုံးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က ဇေယျာရွှေမြေအသင်းသည် အသင်းသက်တမ်းတစ်လျှောက် အောင်မြင်မှုမရှိခဲ့ခြင်း၊ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်မှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်မှ အသုံးပြုခွင့်ပေးထားသည့် မုံရွာ အားကစားကွင်းကိုပြန်လည်သိမ်းယူရန် အဆိုပြုတင်ပြခဲ့ရာ ကန့်ကွက်သူမရှိသဖြင့် ဇေယျာရွှေမြေအသင်း အနေဖြင့် အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် မုံရွာအားကစားကွင်းကို ပြန်လည်ပေးအပ်ခဲ့ရသည်။

အဆိုပါ ဖြစ်ရပ်များကြောင့် ဇေယျာရွှေမြေအသင်းက အိမ်ကွင်းရော အသင်းပါ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ဥရောပခြေစမ်းပွဲများမှာ ရလဒ်ပိုင်းထက် အတွေ့အကြုံအတွက် ဖြစ်သည်ဟု ဦးကြည်လွင်ဆို

မြန်မာ့လက်ရွေးစင်အသင်း၏ ဥရောပခြေစမ်းပွဲခရီးစဉ်မှာ ရလဒ်ပိုင်းထက်ပညာနှင့် အတွေ့အကြုံပိုင်းရယူရန်အတွက်သာ ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်း၏ လက်ထောက်နည်းပြချုပ် ဦးကြည်လွင်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ခြေစမ်းပွဲကန်မယ့်အသင်းတွေက ဥရောပအသင်းတွေပါ။ ကျွန်တော်တို့အသင်းနဲ့ အစစအရာရာ ကွာဟမှုရှိပါတယ်။ ကျွန်တော့် ယူ-၂၃တုန်းကလည်း ခြေစမ်းပွဲမှာ ဂျပန်အသင်းကို ကိုးဂိုးပြတ်နဲ့ ရှုံးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တကယ်ပြိုင်မယ့်အသင်းက ဂျပန်အသင်း မဟုတ်ပါဘူး။ အာဆီယံအသင်းတွေပါ။ ဒါကို ပရိသတ်နားလည်မှာပါ။ ဥရောပခြေစမ်းပွဲမှာ ဘယ်လိုရလဒ်ထွက်လာမလဲဆိုတာ ကျွန်တော် ဂရုမစိုက်ပါဘူး။ သူတို့ဆီက ဘယ်လိုပညာရနိုင်မလဲဆိုတာကိုပဲ စိတ်ဝင်စားပါတယ်။ ကျွန်တော်တို့ ယှဉ်ပြိုင်ရမှာက ဆူဇူကီးဖလားပါ"ဟု ဦးကြည်လွင်က ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၀ ရက်တွင် မြန်မာနိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဥရောပ ငါးနိုင်ငံမှအသင်းများနှင့် ခြေစမ်းကစားကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၃ ရက်တွင် ဟော်လန်တတိယတန်းကလပ် EVV echt အသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ဘယ်လ်ဂျီယံ တတိယတန်းကလပ် Koninkliijke Berchem အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၂ရက်တွင် ဟော်လန်ပထမတန်းကလပ် Roda JC Kerkrade U-23 အသင်းနှင့်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ဟော်လန်ဒုတိယတန်းကလပ် VVV-Venlo အသင်းနှင့် လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ဘယ်လ်ဂျီယံဒုတိယတန်းကလပ် Patro Eisedn အသင်းနှင့် လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ဆိုက်ပရပ်စ်နိုင်ငံမှ Cyprus National U-21 အသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၈ ရက်တွင် ဆိုက်ပရပ်စ် ပထမတန်းကလပ် Enoss Neon Paralimni FC အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဂျာမနီနိုင်ငံရှိ Duisburg, Sportschule Wrdau လေ့ကျင့်ရေးကွင်းနှင့် ဆိုက်ပရပ်စ်နိုင်ငံရှိ Ayia Napa Hotel Nestor လေ့ကျင့်ရေးကွင်းတို့တွင် စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

## အိုလံပစ်ချန်ပီယံ တရုတ်ဘတ်စကက်ဘောကစားသမား ယီယန်လင်းကို အယ်လ်အေလိတ်ကာအသင်းက စာချုပ်ချုပ်ဆို ခေါ်ယူ

ကျင်းပပြီးစီးခဲ့သည့် ရီအိုဒီဂျနေးရိုးအိုလံပစ်ပွဲတော်၏ ဘတ်စကက်ဘောပြိုင်ပွဲတွင် လက်စွမ်းပြ ကစားခဲ့သည့် တရုတ်အမျိုးသားလက်ရွေးစင် ဘတ်စကက်ဘောအသင်းမှ ယီယန်လင်းကို NBA ဘတ်စကက်ဘောပြိုင်ပွဲဝင် LA Lakers အသင်းက စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။



အသက် ၂၈ နှစ်အရွယ်ရှိယီယန်လင်းသည်ရီအိုဒီဂျနေးရိုး အိုလံပစ်ပြိုင်ပွဲတွင် လက်စွမ်းပြ ကစားနိုင်ခဲ့သည့်အပြင် ၎င်း၏ ပျမ်းမျှရမှတ်မှာ ၂၀ ဒသမ ၄ ရရှိခဲ့သည်။ ၎င်းသည် NBA ပြိုင်ပွဲဝင် ဒါးလပ်စ်မားဘရစ်အသင်းတွင် ၂၀၁၂ ခုနှစ်က တစ်ရာသီဝင်ရောက် ကစားခဲ့ဖူးသည်။ ထို့ပြင် ယီသည် တရုတ်နိုင်ငံ ဘတ်စကက်ဘော လက်ရွေးစင်အသင်းတွင် လေးနှစ်ကြာ ဝင်ရောက် ကစားခဲ့သူ ဖြစ်သည်။ ယီသည် တရုတ်နိုင်ငံတွင် ဒုတိယမြောက် အထင်ရှားဆုံး ဘတ်စကက်ဘော ကစားသမားတစ်ဦး ဖြစ်သည်။

LA Lakers အသင်းကမူ ယီနှင့် စာချုပ်ကိစ္စ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမပြုသော်လည်း ယီနှင့် စာချုပ်ချုပ်ဆိုကြေးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁သန်းရှိပြီး အပိုဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ရှစ်သန်း ရရှိမည်ဟု သတင်းများက ရေးသားဖော်ပြထားသည်။

"တစ်ကမ္ဘာလုံးက အာရုံစိုက်ခံထားရတဲ့ ကစားသမားမျိုးကို စာချုပ်ချုပ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ တကယ်ကို စိတ်လှုပ်ရှားမိပါတယ်"ဟု LA Lakers အသင်းမှ အထွေထွေမန်နေဂျာ မစ်ချ်က ပြောကြားခဲ့သည်။ LA Lakers အသင်းသည် အသင်း၏ အဓိကကစားသမား ကိုဘီဘရိုင်ယန် အနားယူသွားပြီးသည့် နောက်ပိုင်း ကစားသမားကောင်းတစ်ဦးကို ရှာဖွေလျက်ရှိသည်။

တရုတ်နိုင်ငံသည် ဘတ်စကက်ဘောကစားနည်းကို အထူးအားပေးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံရှိ လူဦးရေသန်း ၃၀၀ ခန့်သည် အဆိုပါ အားကစားနည်းကိုစိတ်ဝင်စားကြသည်ဟုဆိုသည်။

## ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေး ကော်မတီသုံးရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ( ၂/ ၂၀၁၆ )ကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီသုံးရပ်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၆) ကိုဩဂုတ် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရပါတယ်။

အဆိုပါအစည်းအဝေးသို့ စားသုံးသူအကာအကွယ်ပေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

အဆိုပါ အစည်းအဝေးမှာ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်က စားသုံးသူရေးရာဦးစီးဌာနရဲ့ ကရင်ပြည်နယ် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများဖြစ်တဲ့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ကရင်ပြည်နယ် စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ကရင်ပြည်နယ် ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှာ ပါဝင်ကြတဲ့ အဖွဲ့ဝင်များအားလုံး စည်းစည်းလုံးလုံး ပါဝင်ဆောင်ရွက်ကြရန်၊ အစိုးရအဖွဲ့၊ စီးပွားရေး လုပ်ငန်းရှင်များ အသီးသီးတို့ကလည်း ပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အောင်မြင်မှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ အသိပညာပေးခြင်းလုပ်ငန်းကို ပိုမိုဆောင်ရွက်နေတာတွေ့ရကြောင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်း ပူးပေါင်းကြရန် ပြောကြားပါတယ်။

ဆက်လက်ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၊ ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးတင့်ဆန်းက ပထမအစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်း ဆောင်ရွက်ချက် ပထမလေးလပတ်နှင့် (ဧပြီလမှ ဩဂုတ်လ) အထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကော်မတီ အဖွဲ့ဝင်အားလုံး ရှေ့ဆက်လုပ်ဆောင်မည့် ကိစ္စရပ်များ၊ နောက်လများတွင် ဆောင်ရွက်မည့် စီမံချက်တို့အား ရှင်းလင်းတင်ပြပါတယ်။ တက်ရောက်လာတဲ့ အဖွဲ့ဝင်အားလုံးက အသီးသီးဆွေးနွေးပြီး ပထမဦးစားပေးအနေဖြင့် အသင်းဖွဲ့စည်းနိုင်ရေး၊ အဖွဲ့ဝင်များအား သင်တန်းပေးနိုင်ရေး၊ စားသုံးသူ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်နိုင်ရေး၊ ပုံမှန်အစည်းအဝေး ကျင်းပနိုင်ရေးနှင့် တက်ရောက်လာသော အဖွဲ့ဝင်များကလည်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည်**

## မုံရွာမြို့ရှိ သီရိရတနာဈေးတွင် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးကာ အသိပညာပေး ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးခင်ဇော် ဦးဆောင် သည့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်း၍ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်ရှိ သီရိရတနာဈေးတွင် စားသောက်ရန်၊ သုံးစွဲရန် မသင့်တဲ့စားသောက်ကုန်များ၊ လူသုံးကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် သီရိရတနာဈေးအတွင်း ရောင်းချလျက်ရှိတဲ့ ငါးပိ၊ ငါးခြောက် တစ်ဆိုင်၊ နနွင်း၊ ငရုတ်သီးမှုန့် တစ်ဆိုင်၊ စားသောက်ကုန်မျိုးစုံ နှစ်ဆိုင်၊ ဝက်အူချောင်း သုံးဆိုင်၊ ငါးအရောင်းတစ်ဆိုင်နဲ့ စားသုံးဆီ တစ်ဆိုင် စုစုပေါင်း ၁၀ ဆိုင်ကို မေးမြန်းစစ်ဆေးအသိ ပညာပေးခဲ့ကြတယ်လို့ သိရပါတယ်။ ရောင်းချသူများ အနေဖြင့် ရောင်းချလျက် ရှိတဲ့ စားသောက် ကုန်များနဲ့ ပတ်သက်ပြီး တာဝန်ခံ၊ တာဝန်ယူဖို့ လိုအပ်ကြောင်း၊ စားသုံးသူ များ ဘေးအန္တရာယ်ဖြစ်စေတဲ့ ခွင့်မပြု ဓာတုဆိုးဆေးများ၊ တာရှည်ခံဆေးများ သုံးစွဲခြင်းကို ကိုယ်တိုင် မလုပ်သင့်သလို မိမိတို့ဝယ်ယူတဲ့ လက်ကားဆိုင်များ၊ ထုတ်လုပ်သူများ သိရှိအောင် ပြန်လည် ပြောပြဖို့ လိုအပ်ကြောင်း၊ မိမိရဲ့ ကုန်အမှတ်တံဆိပ်နဲ့ သန့်ရှင်းသေသပ်စွာ ထုပ်ပိုး ရောင်းချရန်၊ အသိပေး ဆွေးနွေး မှာကြားခဲ့ကြတယ်လို့ သိရပါတယ်။

အထူးသဖြင့် လောလောဆယ် FDA မှ စားသုံးရန် မသင့်ကြောင်း ကြေညာထားတဲ့ 'ညီညီ' အမှတ်တံဆိပ်ပါ ဆီတိုဟူး၊ နနွင်းမှုန့်၊ သရက်သီးသနပ်နဲ့ ငရုတ်သီးစိမ်းမှုန့်များမှာ သတ်မှတ်ချက်နဲ့ ကိုက်ညီမှုမရှိသဖြင့် ဆက်လက်ရောင်းချခြင်းမပြုရန်၊ သီရိရတနာဈေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိတဲ့ 'ညီညီ' ကုန်မျိုးစုံဆိုင်အနေနဲ့ စားသုံးရန်မသင့်လို့ သတ်မှတ်ခံထားရတဲ့ စားသောက်ကုန်များကို ရောင်းချလိုပါက ထပ်မံစစ်ဆေးရန်အတွက် FDA နဲ့ ဆက်လက်ဆွေးနွေး ဆောင်ရွက်ရန် ညွှန်ကြားခဲ့တယ်လို့ သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေနဲ့ တိုင်းအတွင်းရှိ စားသုံးသူများ ဘေးကင်းလုံခြုံစွာ စားသုံးနိုင်ရန်အတွက် စားသုံးသူ၊ ရောင်းချသူနဲ့ ထုတ်လုပ်သူစတဲ့ ကဏ္ဍသုံးရပ်စလုံးကို အသိပညာများ ဆက်လက်ဖြန့်ဖြူးသွားမှာ ဖြစ်သလို စားသုံးသူတွေ အားထားရာ အခြေခံဖြစ်တဲ့ ဈေးများကို ဆက်လက်ကွင်းဆင်းစစ်ဆေး အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။

**ထွန်းလှိုင်၊ မုံရွာ**

## လယ်ဝေးမြို့နယ်၊ အထက(၁) နဲ့ မူလွန်(ဗဟို)တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် (ရုံးချုပ်) စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲနဲ့ ခရိုင်ဦးစီးမှူးရုံး နေပြည်တော်၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်းပြီး နေပြည်တော် ကောင်စီ နယ်မြေအတွင်း စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ ဟောပြောပွဲများ ကျင်းပ ပြုလုပ်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနဲ့ တာဝန်ရှိ ဝန်ထမ်းများက ဩဂုတ် ၂၃ ရက်မှာ လယ်ဝေးမြို့နယ်၊ အ. ထ. က(၁)၌လည်းကောင်း၊ ဩဂုတ် ၂၄ ရက်မှာ လယ်ဝေးမြို့နယ်၊ မူလွန် (ဗဟို) ကျောင်း၌လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် နေပြည်တော် (ရုံးချုပ်)၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနဲ့ ဦးစီးအရာရှိ ဒေါ်ဖြူဖြူလတ်တို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းများအား ဥပမာများဖြင့် အကျယ်တဝင့် ပြောကြားကာ စားသုံးသူများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ပါက တိုင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားမှု အခြေအနေ၊ အန္တရာယ်ရှိ ဓာတုဆိုးဆေးများ ပါဝင်သည့် အစားအစာများအကြောင်း၊ ပိုးသတ်ဆေးနဲ့ ပဋိဇီဝဆေး ဓာတ်ကြွင်းပါရှိတဲ့ အစားအစာများ အန္တရာယ်၊ ပြည်ပမှ ဝင်ရောက်နေတဲ့ အသင့်စား အစားအစာများ၊ အကင်အမျိုးမျိုးနဲ့ ပြန်ကြော်ဆီဖြင့် ကြော်ထားသော အကြော်အမျိုးမျိုးတို့ရဲ့ အန္တရာယ်အကြောင်း၊ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့ကြောင့် ရောဂါများ ဖြစ်ပွားနိုင်ပြီး သက်တမ်း တိုလာနိုင်မှုအကြောင်းတို့ကို အကျယ်တဝင့် ဟောပြောခဲ့ပြီး စားသုံးသူ အကာအကွယ် ပေးရေးလုပ်ငန်းသည် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူ၍ အားလုံး ပါဝင်ပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေး ပြောကြားသွားပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ်၊ အ. ထ. က (၁) တွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းမုန့်ဈေးသည်၊ စုစုပေါင်း ၄၇၄ ဦးနှင့် မူလွန်ဗဟို ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ၊ ဈေးသည် သုံးဦး စုစုပေါင်း ၃၄၃ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ လယ်ဝေးမြို့နယ်၊ အ. ထ. က (၂) နှင့် အ. လ. က စံဝါကျောင်းတို့တွင် စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ပါသည်။ နေပြည်တော် (ရုံးချုပ်)၊ စားသုံးသူရေးရာ ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နေပြည်တော် ကောင်စီနယ်မြေအတွင်း ၂၀၁၆ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်အတွင်း ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်တွင် လေးနေရာ၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်တွင် နှစ်နေရာ၊ တပ်ကုန်းမြို့နယ်တွင် နှစ်နေရာ၊ စုစုပေါင်း ရှစ်နေရာတို့တွင် ဆောင်ရွက်ခဲ့ရာ တက်ရောက်သူ ၂၁၄၁ ဦးရှိကြောင်း သတင်းရရှိပါတယ်။

**ဖြူဖြူလတ် (စားသုံးသူ)**

## ပုသိမ်ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ပုသိမ် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၆ ရက်က ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ မိတ်ဖက်ဌာနများ၊ ခရိုင်စားသုံးသူရေးရာ ဝန်ထမ်းများ စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အဖွင့်အမှာ စကား ပြောကြားခဲ့ပြီး၊ အတွင်းရေး မှူး ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဦးကဌာန၏ လမ်းညွှန်မှာကြားချက်များ၊ ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ခရိုင်၊ စားသုံးသူအငြင်းပွားမှုအဖွဲ့ဝင်များနှင့် မိတ်ဖက်ဌာနများဖြစ်သည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်တိုင်းရင်း ဆေးဦးစီးမှူးများက မိမိတို့ဌာနနှင့် သက်ဆိုင်သည့် စားသုံးသူရေးရာဥပဒေများနှင့် လက်ရှိတွေ့ကြုံနေရသော စားသုံးသူရေးရာ ကိစ္စများအား တင်ပြဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွဲ့ဝင်များ အနေဖြင့် ချမှတ်ထားသော ဥပဒေ၊ မူဝါဒများအား တိကျစွာလိုက်နာဆောင်ရွက် ကြရန်နှင့် စားသုံးသူများ အန္တရာယ် ကင်းရှင်းစေရန်အတွက် ပရဟိတလုပ်ငန်းအဖြစ် မိမိဌာနလုပ်ငန်းများအပြင် ကြိုးစားဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# ဩဂုတ်လ စတုတ္ထပတ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းအတွင်းရှိ တက္ကသိုလ်၊ အခြေခံပညာ စာသင်ကျောင်းများ၊ အများပြည်သူ ဈေးများနဲ့ ရပ်ကွက်၊ ကျေးရွာများ၌ ဩဂုတ် စတုတ္ထပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲများအား မန္တလေးခရိုင်တွင် ၉ ကြိမ်၊ မြင်းခြံခရိုင်တွင် ၃ ကြိမ်၊ ကျောက်ဆည်ခရိုင်တွင် ၄ ကြိမ်၊ မိတ္ထီလာခရိုင်တွင် ၃ ကြိမ်၊ စုစုပေါင်း ၁၉ ကြိမ် ကျင်းပပြုလုပ်ရန် လျာထားခဲ့ပါတယ်။ ဩဂုတ် စတုတ္ထပတ်အတွင်း မန္တလေးခရိုင်မှာ အမရပူရမြို့နယ်၊ ပန်းဘဲရွာ အ. မ. က၊ ကုက္ကိုရွာအ. ထ. က(ခွဲ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ဈေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. မ. က(၁၆)မူလွန်၊ အ. မ. က(၂၃)မူလွန်ကျောင်းများနှင့် ဈေးများတွင် ဟောပြောပွဲနှင့် ကွင်းဆင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကျောက်ဆည်ခရိုင်မှာ ကျောက်ဆည် မင်းစု အ. ထ. က၊ ဆူးလေကုန်း အ. ထ. က(ခွဲ)၊ နည်းပညာတက္ကသိုလ်၊ မြင်းခြံခရိုင်တွင် နွားထိုးကြီးမြို့နယ်၊ ထန်းခွရွာ အ. လ. က(ခွဲ)၊ စိန်ပန်းကန် အ. လ. က(ခွဲ)၊ ညောင်ဦးမြို့နယ်၊ သူကောင်းတည်ဓမ္မာရုံ၊ ပုလင်းရွာ၊ တောင်သာမြို့နယ်၊ သီးကုန်း အ. လ. က (ခွဲ)၊ ထန်းပင်ကန် အ. လ. က(ခွဲ)၊ မိတ္ထီလာခရိုင်တွင် မလှိုင်မြို့နယ်၊ ပန်းအိုင် အ. ထ. က၊ ထန်းတောကြီးစံပြကျေးရွာ အ. လက၊ ပျော်ဘွယ်မြို့နယ်၊ သင်းတော် အ. ထ. က၊ ကုန်းသာကြီး အ. လ. က (ခွဲ)၊ မယ်ဇလီအိုင့်ရွာ၊ အ. ထ. က(၂) ပန်းစုံကျောင်းများ၊ ဈေးများ၊ ကျေးရွာများနှင့် ရပ်ကွက်များတွင် ဟောပြောပွဲများနဲ့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

ဩဂုတ် စတုတ္ထပတ်အတွင်း မန္တလေးတိုင်းဒေသကြီး၊ ခရိုင်လေးခုမှာ အသိပညာပေး ဟောပြောပွဲများနှင့် ကွင်းဆင်း စစ်ဆေး ခြင်းများကို လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**တင်တင်ခိုင်**
**စားသုံးသူ(မန္တလေး)**

## ကသာခရိုင်အတွင်း စားသုံးသူရေးရာဟောပြောပွဲများအား ဩဂုတ်အထိ (၂၇၀) ကြိမ် ကျင်းပနိုင်ခဲ့

စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ ကြီးကြပ်မှု၊ ကသာခရိုင်ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် ကသာခရိုင်အတွင်း စားသုံးသူအသိပညာပေး ဟောပြောပွဲများအား ပထမလေးလပတ်တွင် (၁၈၂) ကြိမ်၊ ဒုတိယလေးလပတ်တွင် (၂၄၁)ကြိမ်၊ တတိယလေးလပတ်တွင် (၅၉၁) ကြိမ် ဆောင်ရွက်ရန် လျာထားခဲ့ရာ ပထမလေးလပတ်နှင့် ဒုတိယလေးလပတ် ဩဂုတ်လအထိ စားသုံးသူ အသိပညာပေးဟောပြောပွဲ အကြိမ်(၂၇၀)၊ စည်ပင် ဈေးစစ်ဆေးမှုနှစ်ကြိမ်၊ ကျောင်းဈေးတန်းစစ်ဆေးမှု (၁၂)ကြိမ်၊ အလုပ်ရုံဆွေးနွေး ပွဲတစ်ကြိမ်၊ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲများသို့ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာသူ ၂၆၈၉၄ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ၊ FDA မှ ထုတ်ပြန်ထားသည့် တားမြစ်ဆေးဝါးများနှင့် အစားအသောက်များ စာရင်းတို့ပါဝင်သည့် လက်ကမ်းစာစောင် စုစုပေါင်း ၁၈၂၀၀ စောင်ကို ဖြန့်ဝေနိုင်သည်။ ထို့ပြင် ဟောပြောရန် ကျန်ရှိသည့် ၃၂၂ ကြိမ်ကို လျာထားချက်ထက် ကျော်လွန်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရသည်။

**လှလှခိုင်(ကသာ)**

# အင်းတော်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်



ကသာခရိုင်၊ အင်းတော်မြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနက ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနဲ့ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်က မြို့နယ် တာဝန်ခံရုံးမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အင်းတော်မြို့နယ်အတွင်း လုပ်ငန်းရှင်များဖြစ်တဲ့ ဆန်စက်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ သောက်ရေသန့်လုပ်ငန်းရှင်များ၊ မုန့်တီ ခေါက်ဆွဲလုပ်ငန်းရှင်များ၊ ငါးကြီးချဉ်လုပ်ငန်းရှင်များ၊ မုန့်မျိုးစုံ လုပ်ငန်းရှင်များ စုစုပေါင်း ၂၈ ဦး တက်ရောက်ကြပါတယ်။

ဆွေးနွေးပွဲတွင် ခရိုင်ဦးစီးအဖွဲ့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ နဲ့ ထုတ်ကုန် လုံခြုံစိတ်ချရမှုများ၊ လုပ်ငန်းရှင်များ လိုက်နာရမည့် အချက်အလက်များ၊ ကျင့်ဝတ်များကို ဆွေးနွေးခဲ့ပါတယ်။ ထို့နောက် ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဆန်နီ၊ ဆီစက်လုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးလှိုင်လှိုင်ထွန်း၊ ရေသန့်လုပ်ငန်းရှင် ဦးဇော်အောင်ထွန်း၊ မုန့်တီခေါက်ဆွဲ လုပ်ငန်းရှင် ဒေါ်ချစ်၊ ငါးကြီးချဉ် လုပ်ငန်းရှင် ဦးသက်ဦး၊ မုန့်မျိုးစုံ လုပ်ငန်းရှင် ဦးမြင့်သိန်း စတဲ့ လုပ်ငန်းရှင်များက မိမိလုပ်ငန်းများရဲ့ ထုတ်လုပ် ရောင်းချနေမှု အခြေအနေ ပြုပြင် ပြောင်းလဲသွားမည့် အခြေအနေများနဲ့ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးလိုသည်များ တင်ပြကြပါတယ်။ ထို့နောက် ခရိုင်ဦးစီးမှူးက လုပ်ငန်းရှင်များရဲ့ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ် ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **ကြည်နိုင်ဦး(အင်းတော်)**

## ကယားပြည်နယ်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၃/၂၀၁၆)လုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည် နယ်ဦးစီးမှူးရုံးမှ ဩဂုတ် ၂၆ရက်က ကယားပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ လုပ်ငန်းကော်မတီနှစ်ရပ်တို့ရဲ့ (၃/၂၀၁၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကယားပြည်နယ် အစိုးရအဖွဲ့ စီမံကိန်း နှင့်ဘဏ္ဍာရေးဝန်ကြီး၊ဝန်ကြီးရုံးခန်းမှာ ကျင်းပခဲ့ပါတယ်။ အဆိုပါ လုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ ကယားပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဦးမော်မော်၊ စားသုံးသူ အငြင်းပွား မှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းနဲ့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နဲ့ ကော်မတီနှစ်ရပ်တို့ရဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

ပထမဦးစွာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမော်မော်က မိမိတို့အဖွဲ့အနေဖြင့် ပြည်သူလူထုကို တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ ပူးပေါင်း၍ ဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်များအနေဖြင့် ရှေ့ဆက်လက် အောင်မြင်အောင် မည်ကဲ့သို့ ပြုလုပ်သင့်သည်များကို အကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက ဇွန် ၂၉ ရက်က ပြု လုပ်တဲ့ (၂/၂၀၁၆) အစည်းအဝေး မှတ်တမ်း ဆုံးဖြတ်ချက် များမှ ဆောင် ရွက် ပြီးစီးမှုများ၊ တရားမဝင် စိုက်ပျိုးရေး သွင်းအားစုနဲ့ မျိုးစေ့များ တားဆီး ပေးရန်ကိစ္စ၊ အမဲသား ပုပ်သိုးသည့်ကိစ္စ၊ တိုင်ကြားစာနှစ်စောင်နှင့် ပတ် သက်၍ ဖြေရှင်း ဆောင်ရွက်ခဲ့မှုများနဲ့ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် စားသုံး သူ အကာအကွယ်ပေးရေး လုပ်ငန်းများကို လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးတင်ပြခဲ့ပါတယ်။

တက်ရောက်လာသော အဖွဲ့ဝင်များက ဆွေးနွေးရာတွင် သားငါး၊ ပုဇွန်များ၊ အသီးအရွက်များတွင် တာရှည်ခံဆေး Formalin သုံးစွဲသည့် ကိစ္စများနဲ့ ပတ်သက်၍ သေသေချာချာ စစ်ဆေး ရန် လိုအပ်ပြီး အသားငါးနဲ့ ဟင်းသီးဟင်းရွက်များ ရောင်းချသည့် ဈေးသည်များကို ခေါ်ယူပညာပေးရန်လည်း လိုအပ်ကြောင်း၊ ကျောင်းမုန့်ဈေးတန်းများတွင် ကလေးများအတွက် ပြည်ပမှ ဝင်လာသော မုန့်များက အာဟာရမရှိ တဲ့အပြင် ကျန်းမာရေး ထိခိုက်နိုင်ကြောင်း၊ ၎င်းမုန့်များအစား ပြည်တွင်းမှ ထုတ်လုပ်သော ရိုးရာမုန့်များက သန့်ရှင်းလတ်ဆတ်ပြီး ဓာတုဆေးများ မပါဝင်သဖြင့် အာဟာရပြည့်ဝ၍ ကျန်း မာရေးနှင့် ညီညွတ်ကြောင်း၊ မုန့်ဖိုလုပ်ငန်းရှင်၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ စားသောက်ကုန် ထုတ်လုပ်တဲ့ SME လုပ်ငန်းများနှင့် ပတ်သက်၍လည်း ဆွေးနွေး တင်ပြခဲ့ကြပါတယ်။

ဆက်လက်၍ စားသုံးသူအငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးမော်မော်က စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်းအတွက်သာမဟုတ်ဘဲ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်သည့်အတွက် ဝိုင်းဝန်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။

**မြို့ရှီ(စားသုံးသူ-ကယား)**

➲ စာမျက်နှာ - ၂၆ - အစည်းအဝေးများ. . . မှ အဆက်

ထားရင်တောင်မှ ကိုယ့်ရဲ့ ဖုန်း Setting ချိန်ညှိမှု ကြောင့် ဖုန်းလာလို့ရှိရင် ဖုန်း Flash မီးက မှိတ် တုတ်မှိတ်တုတ်ဖြစ်တာ Vibrator ကြောင့် စားပွဲ တုန်ခါတာတွေက အစည်းအဝေး တက်ရောက်နေတဲ့သူတွေကို အနှောင့်အယှက်ပေးနိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ အစည်းအဝေးခန်းထဲမှာ ဖုန်းပြောတတ်တဲ့ လူတွေတောင် ရှိနေပါသေးတယ်။ အကယ်၍ မဖြစ်မနေ ဖုန်းပြောရတော့မယ်။ Message ပြန်ပို့ပေးဖို့ လိုအပ်လာပြီဆိုရင်တော့ အစည်းအဝေးခန်းထဲကနေထွက်ပြီး ဆောင်ရွက်ပေးပါလို့ အကြံပြု တိုက်တွန်းထားပါတယ် ခင်ဗျာ။

### သင့်လျော်တဲ့ အချိန်မှာသာ မေးမြန်းခြင်း အကြံ ပြုခြင်း ဆောင်ရွက်ပါ

အစည်းအဝေး ကျင်းပနေတဲ့အတွင်း သင့် လျော်တဲ့ အချိန်မှာသာ မေးမြန်းလိုတဲ့ မေးခွန်းတွေ၊ ပေးလိုတဲ့ အကြံပြုချက်တွေကို ပေးဖို့ လိုပါတယ်။ အစည်းအဝေးပြီးလို့ လူအများ ပြန်ဖို့ လုပ် နေတဲ့ အချိန်ကျမှ မေးခွန်းမေးတာတွေ အကြံပြုတာတွေ မလုပ်ဖို့ အကြံပြုထားပါတယ်။ အဲဒီလိုမျိုး လုပ်တဲ့ လူတွေကိုလည်း အစည်းအဝေးတွေမှာ တွေ့ဖူးကြမှာပါ။ ဒီလိုလူမျိုးတွေကို ဘယ်သူမှ မကြိုက်ကြသလို အဲဒီလိုလူမျိုးတွေထဲမှာ ကိုယ် မပါဖို့ အတွက်လည်း ဆင်ခြင်နိုင်ဖို့ အကြံပြုထားပါတယ်။

**Source;** Business Insider-15 meeting etiquette rules every professional needs to know

# ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်မှတစ်ဆင့် ရှမ်းပြည် (မြောက်ပိုင်း) နှင့် ပြည်ပ(တရုတ်)သို့ စီးထွက်သွားသည့် လယ်ယာထွက်ကုန်သီးနှံ ပမာဏ

*မန္တလေးမြို့အထွက် ၁၆ မိုင် (ကျောက်ချော)စစ်ဆေးရေးဂိတ်ကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လယ်ယာ ထွက်ကုန်သီးနှံများ ဖြတ်သန်း စီးထွက်သွားရာ ပြည်ပ(တရုတ်)သို့ တင်ပို့သည့် ပဲတီစိမ်း၊ နှမ်းရောင်စုံ၊ မြေပဲ၊ ပဲယင်း၊ ထောပတ်ပဲ၊ ပဲနီပြားနဲ့ ပဲကြီးတို့၏ ၂၀၁၆ ခုနှစ်လအလိုက် စီး ထွက်မှုစာရင်းမှာ -*

| လအမည် | ပဲတီစိမ်း | နှမ်း(ဖြူ၊ ညို၊ နက်) | မြေပဲ | ပဲယင်း | ထောပတ်ပဲ | ပဲနီပြား | ပဲကြီး |
|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၄၂၁၈ | ၁၃၁၄၀ | ၇၇၀၄ | ၁၇၃ | ၁၃၂ | ၁၀၀၄ | ၇ |
| ဖေဖော်ဝါရီ | ၂၆၉၂၇ | ၃၇၇၃ | ၅၅၉၈ | ၄၁၈ | ၂၀ | ၇၈ | ၄၂၃ |
| မတ် | ၄၇၂၀၉ | ၄၆၂၀ | ၁၃၈၈၂ | ၂၂၄၄ | ၅၀၄ | ၉၈၄ | ၁၅၃၀ |
| ဧပြီ | ၁၅၀၅၅ | ၃၂၀၀ | ၆၉၈၅ | ၇၂၉ | ၅၂၈ | ၄၉၀ | ၃၃၃ |
| မေ | ၂၉၉၇၂ | ၃၃၃၄ | ၁၂၈၂၂ | ၁၀၉၃ | ၆၀၄ | ၄၉၄ | ၃၂၀ |
| ဇွန် | ၃၅၄၉၂ | ၅၀၆၇ | ၈၉၇၈ | ၁၄၁၆ | ၄၄၉ | ၃၄၀ | ၇၀၂ |
| ဇူလိုင် | ၃၂၈၃၁ | ၈၃၀၉ | ၂၈၆၉ | ၁၁၉၄ | ၁၀၉၃ | ၂၄၂ | ၄၀၀ |
| ဩဂုတ် (၂၂ ရက် အထိ) | ၁၉၁၈၈ | ၁၈၅၂ | ၁၇၀၁ | ၈၈၀ | ၅၆၅ | ၃၇၀ | ၁၀၅ |

၁၆ မိုင် (ကျောက်ချော) ဂိတ်ဖြတ်သန်းသော စာရင်းများအရ ယခု ၂၀၁၆ ခုနှစ်တွင် မတ်လ၌ ပဲတီစိမ်း ၄၇၂၀၉ တန်၊ မြေပဲ ၁၃၈၈၂ တန်၊ ပဲယင်း ၂၂၄၄ တန်နဲ့ ပဲကြီး ၁၅၃၀ တန် အများဆုံးတင်ပို့ခဲ့ပြီး ဇန်နဝါရီလတွင် နှမ်း (ဖြူ၊ ညို၊ နက်) ၁၃၁၄၀ တန်၊ ပဲနီပြား ၁၀၀၄ တန်နှင့် ဇူလိုင်လတွင် ထောပတ်ပဲ ၁၀၉၃ တန်ဖြင့် အများဆုံး တင်ပို့ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်အထိ တစ်ရက် ပျမ်းမျှတင်ပို့မှုမှာ ပဲတီစိမ်း ၈၉၈ တန်၊ နှမ်း (ဖြူ၊ ညို၊ နက်) ၁၇၆ တန်၊ မြေပဲ ၂၅၈ တန်၊ ပဲယင်း ၃၅ တန်၊ ထောပတ်ပဲ ၁၇ တန်၊ ပဲနီပြား ၁၇ တန်နဲ့ ပဲကြီး ၁၆ တန် ၁၆ မိုင်(ကျောက်ချော) ဂိတ်မှတစ်ဆင့် ရှမ်းပြည်မြောက်ပိုင်းနှင့် ပြည်ပ(တရုတ်)သို့ စီးထွက်သွားကြောင်း သိရသည်။

**စိုးအောင် (မန္တလေး)**



## သာပေါင်းမြို့ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဩဂုတ်လနောက်ဆုံးပတ်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၈၅ ဦး တက်ရောက်ခဲ့ကြောင်းသိရပါတယ်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ဒုတိယဦးစီးမှူး ဦးထွန်းမင်းလတ်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာန ပြောင်းလဲဖွဲ့စည်းပုံနှင့် ပြည်ပနိုင်ငံ များတွင် စားသုံးသူဥပဒေကို ပြဋ္ဌာန်းခဲ့သည့် ခုနှစ်၊ အကြောင်းအရာများနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်နေမှုများ၊ စားသောက် ကုန်စည်များတွင် ဘေးအန္တရာယ်ဖြစ်စေသော အစားအစာများ အကြောင်းနှင့် စားသုံးရန်မသင့်သည့် အစားအစာများ ရှောင်ကြဉ်စားသုံးတတ်စေရန် ကျောင်းမုန့်ဈေးတန်းများတွင်လည်း စားသုံး ရန် မသင့်သည့် အစားအစာများ ရောင်းချခြင်း မပြုလုပ်စေရန်၊ စားသုံးသူရေးရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များနဲ့ ဥပဒေများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရပါတယ်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ခန္ဓာကိုယ်မှာ လိုအပ်သော ဗီတာမင် A,B,C ပါဝင်သော အစားအစာများအကြောင်း၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို မျှတစွာ စားသုံးတတ်စေရန်၊ ယင်မနားစာ၊ ဝမ်းလျှောစာများကိုလည်း မစားသုံးရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်တတ်စေရန် ဆွေးနွေး ဟောပြောခဲ့ကြောင်း သိရပါတယ်။

ဟောပြောပွဲအပြီး ကျောင်းမုန့်ဈေးတန်းတွင် စားသုံးရန်မသင့် သောအစားအသောက်များကို မရောင်းချစေရေးအတွက် အသိပညာပေး ဆွေးနွေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသူများအား ကလေးများအတွက် ဘေးကင်းလုံခြုံစိတ်ချပြီး ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဖြစ်စေသည့် အစားအသောက်များကိုသာ ရွေးချယ် ရောင်းချစေရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ရေး ဆွေးနွေးပွဲ ကျင်းပမည်

House.com.mm ၏ စီစဉ်မှုဖြင့် တန်ဖိုးနည်းအိမ်ရာဖော်ဆောင်ရေးဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးစင်တာ (International Business Center) တွင် စက်တင်ဘာလ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း House.com.mm ၏သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ဆောက် လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ House.com.mm ၊ မြန်မာနိုင်ငံအိမ်ခြံ မြေဝန်ဆောင်မှုအသင်းကြီး၊ ပြည်တွင်းအိမ်ခြံမြေကျွမ်းကျင်သူများ၊ စီးပွားရေး ဆိုင်ရာအကြံပေးများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားကဏ္ဍများမှ စီးပွားရေးလုပ်ငန်းရှင်များက တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်မှုများနှင့် စပ်လျဉ်းပြီးဖြေရှင်းချက်များ အတူတကွ ရှာဖွေဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲနှင့်ပတ်သက်၍ House.com.mm ၏ Co-founder နှင့်အုပ်ချုပ်မှုဒါရိုက်တာ Mr. Nitesh Khirwal က "ကျွန်တော်တို့လေ့လာသိ ရှိခဲ့တာကတော့ နိုင်ငံရဲ့ တန်ဖိုးနည်း အိမ်ရာဝယ်လိုအားအရမ်းမြင့်တက်နေတာ ဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကြီးမှာ တစ်သီးပုဂ္ဂလစိတ်ဝင်စားသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများအတွက် နောက်ဆုံး ထွက်ပေါ်လာသောသတင်းအချက် အလက်များ၊ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များနှင့် အိမ်ရာဝယ်ယူလိုသူများအတွက် ငွေကြေး အထောက်အပံ့ရရှိနိုင်မှု နည်းလမ်းများကိုသိရှိနိုင်မှာဖြစ်ပါတယ်။ ဒီဆွေးနွေး ပွဲကြီးမှာလက်ရှိကာလရဲ့စိတ်ဝင်စားဖွယ်ရာ မေးခွန်းများနဲ့ လက်ရှိဖော်ဆောင်နေမှုအခြေအနေ၊ အနာဂတ်ကာလ ဖွံ့ဖြိုးမှု အခွင့်အလမ်းများနှင့် ကောင်းကျိုးဖြစ်ထွန်းနိုင်မှုများရရှိနိုင်သော နည်းလမ်းများကို ပြောဆိုဆွေးနွေးသွားမှာလည်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

➲ စာမျက်နှာ - ၂၁ - ဖရဲ၊ သခွားကဏ္ဍမှအစပြု၍ . . . မှ အဆက်

ကားအစီးရေ ၄၀၀ မှ ၈၀၀ ကြား၊ အမြင့်ဆုံးအချိန်တွင် ကားစီးရေ ၁၂၀၀အထိ ဝင်ရောက်လျက်ရှိနေသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား၍ သစ်သီး များအရည်အသွေးကျဆင်းခြင်း၊ နေရာ မလုံလောက်သည့်အတွက် မရောင်းရသည့်ကားများ ညအိပ်ရပ်နားထားရခြင်းတို့ကြောင့် အစုအဖွဲ့အလိုက် ရောင်းချနိုင်သော အရောင်းလိုင်း ၁၂ လိုင်း ပါဝင်သည့် သစ်သီးကုန်စည်ချကွင်းကို အရှေ့မြောက်တံခါးကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ နိုင်ငံ၏ သစ်သီးရောင်းချမှုဈေးကွက် ပိုမိုခိုင်မာလာစေရန်နှင့် တရုတ်နိုင်ငံရဲ့ သစ်သီးဈေးကွက်ကို ယှဉ်ပြိုင်နိုင်ရန် အရှေ့မြောက်တံခါးကုမ္ပဏီက အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့ သစ်သီးကုန်စည်ချကွင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် မရရှိသေးတာကိုလည်း သိရှိခဲ့ရပါတယ်။

အရှေ့မြောက်တံခါးကုမ္ပဏီဟာ မြန်မာနိုင်ငံသားများ စွမ်းအားပြည့်ရင်းနှီး မြှုပ်နှံထားတဲ့ကုမ္ပဏီဖြစ်တဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်ရရှိထားမှသာ တရုတ်နိုင်ငံရဲ့ ဈေးကွက်ကို ယှဉ်ပြိုင်ရာမှာ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

အရှေ့မြောက်တံခါးကုမ္ပဏီအနေဖြင့် ၎င်းရဲ့ သစ်သီးကုန်စည်ချကွင်းကို သစ်သီးဖလှယ်ကွင်းအဆင့်အထိရောက်ရှိအောင် ရည်မှန်းချက်ထားဆောင်ရွက်သွားမှာဖြစ်သလို သစ်သီးဝလံကုန်သွယ်မှုနဲ့ သက်ဆိုင်သူအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ခွင့် ရရှိစေနိုင်ဖို့ အများပိုင်အဖြစ်ပြောင်းလဲဆောင်ရွက်မယ်လို့လည်း သိရှိရပါတယ်။

မိမိနိုင်ငံအတွင်းမှာပင် သစ်သီး ဖလှယ်နိုင်တဲ့ ဈေးကွက်အထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက မိမိနိုင်ငံသူနိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမှာဖြစ်ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက ကုန်သွယ်ရေးစခန်း တည်ထောင်စဉ်ကထားရှိတဲ့ ရည်မှန်းချက်များ အကောင်အထည်ဖော်လာမှာဖြစ်သလို ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတွင်းပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ နိုင်ငံတော် စီးပွားရေးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်က ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိတဲ့လမ်းတံတားဆိုင်ရာ အခြေခံအဆောက်အအုံ များနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများရဲ့ ဆောင်ရွက်ပေးရန် လိုအပ်နေတဲ့ကိစ္စရပ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ လိုအပ်သလို ကုန်သွယ်ရေးဇုန်ကိုလည်း 'အထူးကုန်သွယ်ရေးဇုန် (Special Trade Zone)' အဖြစ်နိုင်ငံတော်မှသတ်မှတ်ပေးပြီး ကုန်သွယ်မှုနဲ့ ဆက်စပ်တဲ့လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

ကျင်းပခဲ့တဲ့တရုတ်နိုင်ငံနဲ့ နှီးနှောဖလှယ်ပွဲကနေရရှိခဲ့တဲ့ သဘောတူညီချက်တွေအနက် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းပေါင်းစပ်ဖျန်ဖြေရေးအဖွဲ့ တစ်ဖွဲ့ကို အမြန်ဆုံး ဖွဲ့စည်းနိုင်ရန် လိုအပ်တဲ့ တွန်းအားပေးမှုတွေ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ကုန်သွယ်မှုကဏ္ဍမှာ နိုင်ငံသားတိုင်း တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို နှစ်နိုင်ငံအတူတကွ ပူးပေါင်းညှိနှိုင်းဖြေရှင်းဆောင်ရွက်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဖရဲ၊ သခွား ကဏ္ဍမှအစပြု၍ သစ်သီးဝလံကဏ္ဍတစ်ခုလုံး အောင်မြင်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှဦးဆောင်၍ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍမှ တင်ပို့ရောင်းချသူ၊ ကုန်စည်ဒိုင်ရှိ ပွဲရုံများ၊ ဦးဆောင်နေသည့်အသင်းကြီး၊ ပြည်ပမှ ပညာရှင်၊ တရုတ်နိုင်ငံမှ ဝယ်လက်နှင့် ဒေသအုပ်ချုပ်သူများအထိ အဆင့်ဆင့် တွေ့ဆုံနှီးနှောဖလှယ်ခဲ့ပြီး လာမယ့် သစ်သီးရာသီအတွက် ကြိုတင်ပေါင်းစပ်ညှိနှိုင်းနိုင်မှုသည် အနာဂတ်နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ကုန်သွယ်မှုကဏ္ဍမှကဏ္ဍပေါင်းစုံနှင့် ဆက်စပ်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့် ဦးဆောင်ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ အခြားစီးပွားရေးကဏ္ဍများမှ ယခုလို ဖရဲသခွားကဏ္ဍရဲ့ ဆောင်ရွက်မှုကို နမူနာယူပြီး ဆောင်ရွက်သင့်ပါတယ်။ အဲဒီလုပ်ငန်းစဉ်များဟာ အစိုးရနဲ့ ပြည်သူ ပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) (PPP) စနစ်ဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်ပါ၍ 'ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်'ဆိုတဲ့ ဆိုရိုးစကားအတိုင်း နိုင်ငံတော်အတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုပြုလုပ်ပါက အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မယ့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလိမ့်မယ်လို့ ယုံကြည်မိပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

# ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ဘတ်ငွေတန်ဖိုး မြင့်တက်လာမှုကို ထိန်းချုပ်ပေးရန် ထိုင်းပို့ကုန်လုပ်ငန်းရှင်များက တိုက်တွန်း

ထိုင်းနိုင်ငံရဲ့ ပြည်ပပို့ကုန် တင်ပို့မှု ကျဆင်းခဲ့တာ လေးနှစ်ဆက်တိုက် ရှိခဲ့ပြီဖြစ်ကြောင်းနဲ့ ပို့ကုန်ကဏ္ဍ တိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၃၄ ဒသမ ၅၀ ဘတ်နှုန်းအတိုင်း ထိုင်းဗဟိုဘဏ်က ထိန်းပေးထားရန် ထိုင်းအမျိုးသားရေကြောင်း သယ်ယူပို့ဆောင်ရေးကောင်စီက တိုက်တွန်းထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

"ဒီနှစ်ထဲမှာ ပို့ကုန်လုပ်ငန်းတွေ နှစ်ရာခိုင်နှုန်း ကျဆင်းမယ်လို့ ခန့်မှန်းပါတယ်။ ဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ထိုင်းပို့ကုန်တွေရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကျဆင်းခဲ့ပါတယ်"လို့ ကောင်စီဥက္ကဋ္ဌ နောပွန်သက်စီသာက ဩဂုတ် ၃၀ ရက်က ပြောပါတယ်။

ဘတ်ငွေတန်ဖိုး မြင့်တက်မှု၊ ကမ္ဘာ့စီးပွားရေး နှေးကွေး ကျဆင်းမှုနဲ့ မားစ်ရောဂါနဲ့ ဇီကာဗိုင်းရပ်ပိုး ပြန့်ပွားမှုတို့ကြောင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုမှာ ထိုင်းပို့ကုန်တွေ စွမ်းရည်ကျဆင်းလာတဲ့အတွက် ပို့ကုန်လုပ်ငန်းတွေရဲ့ တိုးတက်မှု အရှိန်အဟုန်ကို ကျဆင်းစေနိုင်တယ်လို့ သူက ပြောပါတယ်။

ဘတ်ငွေတန်ဖိုးက ယခုနှစ် နှစ်ဆန်းပိုင်းမှာ ၄ ဒသမ ၄၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ကျန်တဲ့ပြိုင်ဖက် နိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် ထိုင်းပို့ကုန်တွေအတွက် ပြဿနာတွေ ပိုမို ဖြစ်ပေါ်စေနိုင်ပါတယ်။ အထူးသဖြင့် ဗီယက်နမ်ဒေါင်က တန်ဖိုးကျဆင်းလျက်ရှိနေပါတယ်။ မားစ်ရောဂါနဲ့ ဇီကာဗိုင်းရပ်ပိုးတွေကြောင့် ပို့ကုန်လုပ်ငန်း ဆောင်ရွက်နေသူတွေအတွက် ကုန်ကျစရိတ်ကို မြင့်တက်စေခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း သွင်းကုန်တွေ ထိန်းချုပ်မယ့် အစီအမံတွေကို ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိုင်းနိုင်ငံကို မားစ်နဲ့ ဇီကာရောဂါ အန္တရာယ် ကျရောက်နေတဲ့ နိုင်ငံအဖြစ် ကြေညာခဲ့ပြီးနောက် ပို့ကုန်တွေကို ပိုးမွှားကာကွယ်ဆေးတွေ ဖျန်းပေးရတဲ့အတွက် ထိုင်း ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ ကုန်သေတ္တာ တစ်လုံးအတွက် ဘတ် ၄၀၀၀ ပိုမို ကုန်ကျလာခဲ့ပါတယ်။

# စီးပွားရေးကျဆင်းချိန် လုပ်ငန်းခွင်မှာ အပြန်အလှန် ကူညီရေးအတွက် အခက်အခဲဖြစ်လာ

စီးပွားရေး ကျဆင်းချိန်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီဖို့ လိုအပ်ပေမယ့် အဲဒီလိုအချိန်မျိုးမှာ လုပ်ဖော်ကိုင်ဖက်ကို အကူအညီပေးနိုင်တာမျိုးပိုနည်းလာတယ်လို့ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်နဲ့ Insead တို့ ပူးတွဲဆောင်ရွက်တဲ့ သုတေသန ဖော်ထုတ်ချက်အရသိရကြောင်း စထရိတ်တိုင်းမ်သတင်းမှာ တွေ့ရပါတယ်။

အဲဒီသုတေသနလုပ်ငန်းကို စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်ရဲ့ အဖွဲ့အစည်းဆိုင်ရာ အပြုအမူနဲ့ လူသားရင်းမြစ်ဆိုင်ရာ တွဲဖက်ပါမောက္ခ ပီတဲဆာနဲ့ စီးပွားရေး အတတ်ပညာသင်ကျောင်း Insead မှ နီနာဆီရိုလာတို့ ပူးတွဲဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှု အကယ်ဒမီဂျာနယ်မှာ ထည့်သွင်းပုံနှိပ်ခဲ့ပါတယ်။

သုတေသနလုပ်ငန်းကို ဆောင်ရွက်ရာမှာ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ လူခြောက်သောင်းခန့်ကို ၁၇ နှစ်ကြာ စစ်တမ်းကောက်ယူ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တွေ့ရှိချက်တွေကို သီးခြားစမ်းသပ်မှု နှစ်ကြိမ် ထပ်မံဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေး ကျဆင်းနေချိန် ဝန်ထမ်းတွေကြားမှာ စဉ်းစားတွေးခေါ်မှုကိုကြည့်ပါက တစ်ဦးရဲ့အောင်မြင်မှုကနောက်တစ်ဦးရဲ့ အောင်မြင်မှုကို ကျဆင်းစေမယ့် သဘောမျိုးဖြစ်နေကြောင်း သုတေသီတို့က ဖော်ထုတ်သိရှိခဲ့ပါတယ်။



စိတ္တဗေဒဆိုင်ရာ အကျိုးဆက်အရ တစ်ဦးရဲ့ အောင်မြင်မှုကို အခြားတစ်ဦးရဲ့ ကျဆုံးမှုအဖြစ် ဝန်ထမ်းများက ရှုမြင်နေတဲ့အတွက် တစ်ဦးနဲ့ တစ်ဦး ကူညီပံ့ပိုးမှု ပိုနည်းလာကြောင်း သိရပါတယ်။

ဒီအချက်ကို မျှော်မှန်းတွက်ချက်ဖို့ ခက်ခဲ့တဲ့ လက်ရှိစီးပွားရေးပတ်ဝန်းကျင် အခြေအနေမျိုးမှာ တွေ့ရကြောင်းနဲ့ ဒီအခြေအနေက လွတ်မြောက်စေဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုနဲ့ စုပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အကျင့်ကို ပျိုးထောင်ပေးပြီး အခက်အခဲ အကျပ်အတည်း ကျရောက်ချိန်မှာ အလေးပေး ဆောင်ရွက်ဖို့လိုကြောင်း ပါမောက္ခ ပီတဲဆာက ပြောပါတယ်။

# မလေးရှားကုမ္ပဏီအများစုအတွက် အဆိုးရွားဆုံးအခြေအနေ ပြီးဆုံးသွားကြောင်း ဒုတိယသုံးလပတ် အခြေအနေများကဖော်ပြ

ဒုတိယသုံးလပတ်မှာ မလေးရှားကုမ္ပဏီများရဲ့ ဝင်ငွေရရှိမှု အခြေအနေက အမျိုးမျိုးရှိနေပေမယ့် အခြေအနေကောင်းများ စတင်ပေါ်ထွန်းလာပြီဖြစ်ကြောင်း စတားအွန်လိုင်း သတင်းမှာ ဖော်ပြပါတယ်။

အားလုံး ခြုံကြည့်မယ်ဆိုရင် ကုမ္ပဏီအများစုမှာ မျှော်လင့်ထားတဲ့အတိုင်း တိုးတက်မှု ရှိခဲ့တာကို တွေ့ရတဲ့အတွက် အဆိုးရွားဆုံး အခြေအနေများ ပြီးဆုံးသွားပြီကို ပြသလျက်ရှိပါတယ်။ ဒါကြောင့် ဝင်ငွေရရှိမှု အခြေအနေ နာလန်ထူမှုက တိုးတက်လာမယ့် အလားအလာရှိနေပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူတို့က ယုံကြည်လာကြပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း ကုမ္ပဏီများရဲ့ ဝင်ငွေရရှိမှု အခြေအနေ ကျဆင်းခဲ့ပါတယ်။ ယခုအချိန်မှာတော့ ကုမ္ပဏီများရဲ့ ဝင်ငွေရရှိမှုက ခန့်မှန်းထားတဲ့အတိုင်း ရရှိအောင် ဆောင်ရွက်နိုင်ပြီး လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝစွာ မဆောင်ရွက်နိုင်တဲ့ ကုမ္ပဏီများရဲ့ ပါဝင်မှု အချိုးအစားက လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝစွာ ဆောင်ရွက်နိုင်တဲ့ကုမ္ပဏီများနဲ့ နှိုင်းယှဉ်ရင် ကျဆင်းစပြုလာတာကို တွေ့ရပါတယ်။

"စွမ်းဆောင်ရည် ကျဆင်းနေတဲ့ ကုမ္ပဏီအရေအတွက်က စွမ်းဆောင်ရည်ပြည့်ဝတဲ့ ကုမ္ပဏီအရေအတွက်ထက် ပိုမိုနေဆဲဖြစ်ပေမယ့် အရေအတွက်အားဖြင့် ကျဆင်းနေပါပြီ။ ဒီအခြေအနေက အောက်ဆုံးအခြေအနေကို ရောက်ရှိလာပြီး ပြန်လည်မြင့်တက်လာတော့မယ်ဆိုတဲ့ အခြေအနေကို ပြနေတာ ဖြစ်ပါတယ်။ မလေးရှားနိုင်ငံရဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအား အပါအဝင် စီးပွားရေး အခြေခံတွေက လာမယ့်နှစ်မှာကမ္ဘာ့စီးပွားရေးဆုတ်ကပ်ကနေ ကင်းလွတ်မယ့် အခြေအနေကို ရောက်ရှိနေပါပြီ" လို့ Etiqa Insurance & Takaful အာမခံလုပ်ငန်းရဲ့ အကြီးအကဲ ချရစ်အန်းက ပြောပါတယ်။

ဘဏ်လုပ်ငန်းရှင်များ အနေနဲ့ ခန့်မှန်းထားတဲ့ ရလဒ်ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်စည်လုပ်ငန်းတွေနဲ့ ဆက်နွယ်မှုမရှိတဲ့ ဘဏ်တွေရဲ့အခြေအနေက ပိုမိုကောင်းမွန်ပါတယ်။ ရေနံနဲ့ သဘာဝ ဓာတ်ငွေ့ကဏ္ဍမှာတော့ အရှုံးပေါ်နေဦးမှာ ဖြစ်ပါတယ်လို့ သူကပြောပါတယ်။

# ငွေပေးချေမှုစနစ် လုံခြုံရေး မြှင့်တင်ဖို့အတွက် ဗီယက်နမ်ဗဟိုဘဏ်က ရည်မှန်း

ဗီယက်နမ်ဗဟိုဘဏ်က မကြာသေးမီက စီးပွားရေးမသမာမှု အများအပြားကို စီရင်ဆုံးဖြတ်ခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ငွေပေးငွေယူ ပြုလုပ်ရာမှာ စွန့်စားမှုအန္တရာယ်တွေနဲ့ မသမာမှုတွေကို ကာကွယ်တဲ့ အစီအမံတွေ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ထားဖို့ အေဂျင်စီတွေကို ဩဂုတ် ၂၉ ရက်က ညွှန်ကြားချက် ထုတ်ပြန်ခဲ့ကြောင်း ဗီယက်နမ်နယူးစ် သတင်းမှာ ဖော်ပြပါတယ်။

ငွေပေးချေမှုတွေ ပြုလုပ်တဲ့အခါ လုံခြုံရေးနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်ရဲ့ စည်းမျဉ်း ဥပဒေတွေနဲ့အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ ငွေပေးငွေယူနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို ငွေပေးငွေယူလုပ်ငန်း ဆောင်ရွက်သူတွေက ပြန်လည် သုံးသပ်ကြဖို့ ဗဟိုဘဏ်ရဲ့ အမိန့်စာမှာ ဖော်ပြထားပါတယ်။

ဖြစ်ပေါ်လာတဲ့ ပြဿနာအားလုံးကို ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရန်အတွက် ငွေပေးငွေယူလုပ်ငန်း ဆောင်ရွက်နေသူတွေကို ဗဟိုဘဏ်က ညွှန်ကြားထားပါတယ်။

ကတ်ဖြင့်ငွေပေးငွေယူ လုပ်ငန်းများနဲ့ အွန်လိုင်း ငွေပေးငွေယူလုပ်ငန်းများကို ဆောင်ရွက်ရာမှာ မိမိတို့ရဲ့ ငွေပေးချေမှုစနစ်များ တိုးတက်ကောင်းမွန်ဖို့အတွက် သုတေသနလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ဖို့ ငွေပေးငွေယူလုပ်ငန်းဆောင်ရွက်နေသူတွေကို တိုက်တွန်းပါတယ်။

မိမိတို့ဖောက်သည်များကို ကြိုတင်အသိပေးနိုင်အောင် စုံစမ်းထောက်လှမ်းချက်များကို ဆောင်ရွက်ပေးရမယ့်အပြင် မိမိတို့ရဲ့ဖောက်သည်တွေနဲ့ ဝန်ထမ်းတွေကို ဘေးကင်းလုံခြုံရေး သတိရှိအောင် ငွေပေးငွေယူ လုပ်ငန်းဆောင်ရွက်နေသူတို့က လေ့ကျင့်မှုသင်တန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လည်းအမိန့်စာမှာ ဖော်ပြထားပါတယ်။

ဖောက်သည်များက စွန့်စားမှုအန္တရာယ်တွေနဲ့ မသမာမှုလုပ်နည်းတွေကို သိရှိထားဖို့လိုပါတယ်။ ငွေပေးငွေယူလုပ်ငန်းကို စိတ်ချလက်ချဆောင်ရွက်နိုင်ဖို့အတွက် ငွေပေးငွေယူလုပ်ငန်းဆောင်ရွက်နေသူတွေက သူတို့ဖောက်သည်တွေကို သတိပေးချက်တွေ၊ ညွှန်ကြားချက်တွေနဲ့ သတင်းအချက်အလက် အပြည့်အစုံကို အချိန်နဲ့ တစ်ပြေးညီပေးဖို့လည်း တိုက်တွန်းထားပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Vol: 16, No.33 Monday September 5 2016

# ကိုယ်ကျိုးစီးပွားကာကွယ်မှု ကြီးထွားလာတဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေး ဝန်ကြီးများ တွေ့ဆုံဆွေးနွေးမည်

ကိုယ်ကျိုးစီးပွား ကာကွယ်မှုကြီးထွားနေတဲ့အတွက် ကမ္ဘာ့ကုန်သွယ်ရေး ဖြေလျှော့မှုများ ထပ်မံဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများက နော်ဝေနိုင်ငံမြို့တော် အော်စလိုမြို့မှာအောက်တိုဘာတွင် တွေ့ဆုံဆွေးနွေးမှာဖြစ်ကြောင်း ဟိန္ဒူသတင်းစာမှာ ဖော်ပြပါတယ်။

အထူးအစည်းအဝေးမှာ ကမ္ဘာ့ကုန်သွယ်ရေးစနစ်အတွက် စိန်ခေါ်မှုအသစ်များနဲ့ အပြည်ပြည်ဆိုင်ရာနိုင်ငံရေးဖြစ် ပေါ်တိုးတက်မှုကို ဒုက္ခပေးနေတဲ့ ပြဿနာများကို ဆွေးနွေးမှာဖြစ်ပါတယ်။ အော်စလိုအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်နဲ့ ၂၂ ရက်မှာ ကျင်းပမှာဖြစ်ပြီး နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဘော့ဂ်ဘရင်းက တာဝန်ယူကျင်းပမှာဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက ဒဗလျူတီအိုအတွက် လမ်းကြောင်းသစ်ကို ဖော်ထုတ်ပေးနိုင်လိမ့်မယ်လို့ ခန့်မှန်းကြောင်း တရားဝင်သတင်းရပ်ကွက်က ပြောပါတယ်။

ယနေ့ ကမ္ဘာ့ကုန်သွယ်မှုမှာ ချမ်းသာတဲ့ နိုင်ငံတွေက "ပြဿနာသစ်များ"အဖြစ် ယူဆထားတဲ့ ကိစ္စများကိုလည်း အော်စလိုအစည်းအဝေးမှာ ဆွေးနွေးမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီကိစ္စတွေထဲမှာ သန့်ရှင်းတဲ့စွမ်းအင်ကို အသုံးပြုထုတ်လုပ်တဲ့ ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းတဲ့ ကုန်စည်တွေအပေါ်မှာ အကောက်ခွန်ဖျက်သိမ်းရေးကိစ္စတွေလည်း ပါဝင်မှာ ဖြစ်ပါတယ်။ အခြားဆွေးနွေးမယ့် ပြဿနာသစ်တွေထဲမှာ အီးကောမတ်၊ ကမ္ဘာ့တန်ဖိုးကွင်းဆက်နဲ့ ဖြန့်ဖြူးရေးကွင်းဆက်စတဲ့ကိစ္စတွေအပြင် အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာမယ့် ဂယက်ရိုက်ခတ်မှုတွေ ပါဝင်ပါတယ်။

အိန္ဒိယနိုင်ငံကလည်း ကမ္ဘာ့ဝန်ဆောင်မှု ကုန်သွယ်ရေးအတွက် ဆွေးနွေးပွဲများကို ဒဗလျူတီအိုအဆင့်မှာ ဆွေးနွေးညှိနှိုင်းဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ပင်လယ်ရပ်ခြားရှိ ကာလတိုစီမံကိန်းတွေမှာ ကျွမ်းကျင်အတတ်ပညာရှင်တွေ လွယ်ကူစွာ သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် ဒဗလျူတီအိုမှာ "ဝန်ဆောင်မှု ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် သဘောတူစာချုပ်" ဆိုင်ရာ ဆွေးနွေးပွဲမတိုင်မီ တရားဝင်အဆိုပြုချက်တင်သွင်းဖို့ ပြင်ဆင်နေပါ တယ်။

အိန္ဒိယနိုင်ငံကဝန်ဆောင်မှုကဏ္ဍအင်အားကြီးမားပြီး ကျွမ်းကျင်အတတ်ပညာရှင်တွေပေါများတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဇွန်လအတွင်းက ပြင်သစ်နိုင်ငံ ပဲရစ်မှာ ကျင်းပတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) ဝန်ကြီးကောင်စီ အစည်းအဝေးမှာ ဝန်ဆောင်မှုကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေး အဆိုပြုချက်ကို တင်သွင်းခဲ့ပါတယ်။ ထိုအဆိုပြုချက်ကို ဒဗလျူတီအိုအကြီးအကဲ အဇယ်ဗယ်ဒိုနဲ့ ကုန်သွယ်ရေးဝန်ကြီးများက ကြိုဆိုခဲ့ပါတယ်။

## အမေရိကန်နဲ့ ဥရောပရွေးကောက်ပွဲများကြောင့် အိုဘားမားရဲ့ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုတွေ တုံ့ဆိုင်း



အမေရိကန် ပြည်ထောင်စုနဲ့ ဥရောပမှာ ရွေးကောက်ပွဲများ ရှိနေတဲ့အတွက် အမေရိကန်သမ္မတဘားရက် အိုဘားမား ဆောင်ရွက်နေတဲ့ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှု နှစ်ခုက အခက်အခဲနဲ့ ကြုံတွေ့နေရကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။ ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေး(Tran- Pacific Partnership) ညှိနှိုင်းဆွေးနွေးမှုနဲ့ အတ္တလန္တိတ်ဖြတ် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး (Transatlantic Trade and Investment Partnership) စေ့စပ်ညှိနှိုင်းမှုတွေ လုံးဝပျက်ပြားသွားတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သမ္မတအိုဘားမားရဲ့သမ္မတသက်တမ်းကုန်ဆုံးမယ့် ဇန်နဝါရီ ၂၀ ရက်အထိ အခက်အခဲတွေရှိနေဦးမှာဖြစ်ပါတယ်။

TPP က ပစိဖိတ်ဒေသ ၁၁ နိုင်ငံနဲ့ စေ့စပ်ညှိနှိုင်းထားပြီး အမေရိကန်လွှတ်တော်က အတည်ပြုပေးဖို့သာ ကျန်ပါတော့တယ်။ သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်နေကြတဲ့ ဟီလာရီကလင်တန်နဲ့ ဒေါ်နယ်ထရန့်တို့နှစ်ဦးစလုံးက TPP ကို ဆန့်ကျင်လျက်ရှိပါတယ်။

TTIP က ဥရောပသမဂ္ဂတစ်ခုလုံးနဲ့ စေ့စပ်ညှိနှိုင်းနေတဲ့ သဘောတူစာချုပ်တစ်ခုဖြစ်ပါတယ်။ TTIP အတွက် စေ့စပ်ညှိနှိုင်းမှုတွေက အခက်အခဲဆုံးပြဿနာတွေနဲ့ ရင်ဆိုင်နေရပြီး လာမယ့်နှစ်မှာ ရွေးကောက်ပွဲဝင်ရတော့မယ့် ဥရောပခေါင်းဆောင်တွေကလည်း ဆန့်ကျင်လာဖွယ်ရာရှိပါတယ်။

TTIP ယခုနှစ်အတွင်းမှာ သဘောတူညီမှုမရနိုင်သေးဘူးလို့ ပြင်သစ်သမ္မတ ဖရန်စစ်ဟော်လန်းက စက်တင်ဘာ ၁ ရက်က ပြောပါတယ်။ ပြင်သစ်ကုန်သွယ်ရေးဝန်ကြီး မက်သီးယပ်ဖက်ကဲလ်ကတော့ ဆွေးနွေးပွဲတွေရပ်ဆိုင်းဖို့ နှိုးဆော်ထားပါတယ်။ ဒီစေ့စပ်ညှိနှိုင်းမှုတွေအတွက် ပြင်သစ်နိုင်ငံမှာ နိုင်ငံရေးအရထောက်ခံမှုမရတော့ဘူးလို့ သူကပြောပါတယ်။

ဆွေးနွေးညှိနှိုင်းမှုတွေရပ်ဆိုင်းနေပြီဖြစ်ကြောင်း ဂျာမနီ ဒုတိယဝန်ကြီးချုပ်နဲ့ စီးပွားရေးဝန်ကြီး ဆစ်ဂမာဂါဘရီယယ် က ပြောပါတယ်။ စေ့စပ်ညှိနှိုင်းရေးမှူးတွေကတော့ ဆွေးနွေးပွဲတွေ ဆက်လက်ဆောင်ရွက်နေပြီး တိုးတက်မှုတွေရှိနေတယ်လို့ ပြောပေမယ့် လေ့လာဆန်းစစ်သူတွေကတော့ TTIP ရော TPP စေ့စပ်ညှိနှိုင်းမှုနှစ်ခုစလုံး ၂၀၁၈ ခုနှစ်အထိ ဆက်လက်တုံ့ဆိုင်းနေဦးမှာဖြစ်ကြောင်း ပြောပါတယ်။

TPP အဖွဲ့ဝင် ၁၂ နိုင်ငံက ၂၀၁၅ ခုနှစ်အောက်တိုဘာမှာ သဘောတူညီချက်ရရှိထားပြီး အဓိကလိုအပ်နေတာက အမေရိကန်လွှတ်တော်က အတည်ပြုပေးဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် TPPကနိုဝင်ဘာ ၈ ရက်မှာပြုလုပ်မယ့် အမေရိကန်ရွေးကောက်ပွဲအတွက် အရေးကြီးတဲ့ပြဿနာတစ်ခုဖြစ်နေပါတယ်။ TTIP က အမေရိကန်ရွေးကောက်ပွဲမှာ ကြီးမားတဲ့ ပြဿနာတစ်ခု မဟုတ်ပေမယ့် လာမယ့်နှစ်မှာကျင်းပမယ့် ပြင်သစ်နဲ့ ဂျာမနီရွေးကောက်ပွဲအတွက်ကြီးမားတဲ့ ပြဿနာတစ်ခုဖြစ်နေပါတယ်။

## တရုတ်(တိုင်ပေ) က နောက်ထပ် အာဆီယံ သုံးနိုင်ငံကို ဗီဇာလျှောက်ထားမှု စည်းမျဉ်းလျှော့ချပေး

တရုတ်(တိုင်ပေ)က New Southbound Policy ကို ကျင့်သုံးပြီး အာဆီယံဒေသတွင်းရှိ နိုင်ငံများနဲ့ ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖွဲ့ဝင်သုံးနိုင်ငံမှ ခရီးသည်များအတွက် ဗီဇာလျှောက်ထားမှုစည်းမျဉ်းများကို စက်တင်ဘာ ၁ ရက်နေ့ ကလျှော့ချပေးခဲ့ကြောင်း ချိုင်းနားပို့စ်သတင်းမှာ ဖော်ပြပါတယ်။

စက်တင်ဘာ ၁ ရက်ကစပြီး မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံကူးလက်မှတ်ကိုင်ဆိုင်သူများအနေဖြင့် တရုတ်(တိုင်ပေ)ခရီးသွားလာခွင့်လက်မှတ် (Travel Authorization Certificate) ကိုအွန်လိုင်းကနေ လျှောက်ထားခွင့်ပေးထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။

TAC လက်မှတ်ရရှိသူတွေက တရုတ်(တိုင်ပေ)မှာရက် ၃၀ အထိ နေထိုင်ခွင့်ရှိပြီး ဗီဇာသက်တမ်းရက် ၉၀ အတွင်း အကြိမ်ကြိမ်ဝင်ထွက်ခွင့်ရှိပါတယ်။ ဒီအသိအမှတ်ပြုလက်မှတ်တွေကို ယခင်က အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်တို့မှ ခရီးသွားတွေကို ထုတ်ပေးခဲ့ပါတယ်။

TAC ကိုလျှောက်ထားနိုင်ဖို့အတွက်လျှောက်ထားသူရဲ့ နိုင်ငံကူးလက်မှတ်သက်တမ်းက အနည်းဆုံးခြောက်လရှိရ ပါမယ်။ တရုတ်(တိုင်ပေ)ကိုသွားမယ့်လေယာဉ်လက်မှတ်နဲ့ အဲဒီကိုသွားမယ့်ဗီဇာရှိရပါမယ်။ တရုတ်(တိုင်ပေ)မှာ စက်ရုံလုပ်သားများ (Blue-collar workers) အဖြစ် ဆောင်ရွက်ခဲ့သူတွေအနေနဲ့ လျှောက်ထားခွင့်မရှိပါဘူး။

ဒါ့ပြင်လျှောက်ထားသူများအနက် ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ အမေရိကန်ပြည်ထောင်စု၊ ယူကေနဲ့ Schengen အစီအစဉ်မှာပါဝင်တဲ့ နိုင်ငံတစ်နိုင်ငံက ထုတ်ပေးတဲ့ အထောက်အထားတစ်ခုခုကို ရရှိထားဖို့လိုအပ်ပါတယ်။ အဆိုပါအထောက်အထားစာရွက်စာတမ်းတွေက အမြဲတမ်းနေထိုင်ခွင့်ကတ် သို့မဟုတ် နေထိုင်ခွင့်သက်တမ်းမကုန်သေးတဲ့ ဗီဇာကတ် (အီလက်ထရွန်နစ်ဗီဇာ အပါအဝင်) တရုတ်(တိုင်ပေ) သို့မဟုတ် မလာရောက်မီ လွန်ခဲ့တဲ့ ၁၀ နှစ်က သက်တမ်းကုန်ဆုံးခဲ့တဲ့ နေထိုင်ခွင့်ကတ် သို့မဟုတ် ဗီဇာကတ်တို့ဖြစ်ပါတယ်။

တစ်ဦးချင်းအနေနဲ့ ဗီဇာလျှောက်ထားမည်ဆိုပါက http://niaspeedy.immigration.gov.tw/nia- southa east/ မှာ လေ့လာဆောင်ရွက်နိုင်ပြီး အဖွဲ့လိုက်ဆိုပါက http://visawebapp.boca.gov.dv/ BOCA-MRVWeb/ မှာ လေ့လာဆောင်ရွက်နိုင်ပါတယ်။

## ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ဖို့ ဗီယက်နမ်နိုင်ငံကို တိုက်တွန်း



အာဆီယံ စီးပွားရေးအသိုက်အဝန်း(အေအီးစီ) ထူထောင်ပြီးနောက်ပိုင်းခုနစ်လအကြာမှာ ဗီယက်နမ်နိုင်ငံက အာဆီယံနိုင်ငံများထံမှ သွင်းကုန်အများအပြားတင်သွင်းတဲ့ နိုင်ငံဖြစ်လာတယ်လို့ ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဗောင်ဒင်ဟွေးက ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါ တယ်။

ဗီယက်နမ်နိုင်ငံက မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့နဲ့ ကုန်သွယ်ရာမှာ ကုန်သွယ်မှုလိုငွေကြီးမားစွာဖြစ်ပေါ် ခဲ့ကြောင်း ယခင်ရက်သတ္တပတ်က ဟန်နွိုင်းမြို့မှာ ကျင်းပတဲ့ ဗီယက်နမ်နိုင်ငံရဲ့ အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးဆိုင်ရာ ကွန်ဖရင့်မှာ သူကပြောပါတယ်။ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာတို့နဲ့ ကုန်သွယ်ရာမှာ ကုန်သွယ်မှုပိုငွေ အနည်းငယ် ပြခဲ့တယ်လို့ ဆိုပါတယ်။

အေအီးစီကတိကဝတ်အရ မော်တော်ကားများအတွက် ကောက်ခံခွန်ကို သုညရာခိုင်နှုန်းအထိ လျှော့ချမပေးပေမယ့် ဗီယက်နမ်သို့ မော်တော်ကား တင်ပို့ရာမှာ ထိုင်းနိုင်ငံက တောင်ကိုရီးယားနိုင်ငံကို ကျော်တက်နိုင်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကလည်း ပြိုင်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်တဲ့ အလားအလာရှိပါတယ်။

ယခုနှစ်ပထမခုနစ်လအတွင်းမှာ ဗီယက်နမ်နဲ့ အာဆီယံနိုင်ငံများအကြား စုစုပေါင်း ပို့ကုန်သွင်းကုန်ပမာဏက နှစ်အလိုက်နှိုင်းယှဉ်ရင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၈ ဘီလီယံ သို့မဟုတ် ၈ဒသမ ၃ရာခိုင်နှုန်း ကျဆင်းပါတယ်။ ဒီလိုကျဆင်းရတာကလည်း အာဆီယံနိုင်ငံတွေကို ဗီယက်နမ်နိုင်ငံရဲ့ ပို့ကုန်တင်ပို့မှုက ၁၂ ဒသမ ၃ ရာခိုင်နှုန်းလျော့ကျ ပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံရှိခဲ့ကာ သွင်းကုန်က ၁၃ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့တဲ့ အတွက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ ရှိခဲ့လို့ဖြစ်ပါတယ်။

ဒီလိုကျဆင်းမှုအန္တရာယ်က ရှည်ကြာမှုရှိနိုင် မရှိနိုင်ကို ခန့်မှန်း၍ မရနိုင်သေးကြောင်း ဟွေးကပြောပါတယ်။ ဒီအခြေအနေကိုဖြေရှင်းနိုင်ဖို့အတွက် လေ့လာစူးစမ်းမှုတွေပြုလုပ်ဖို့ အစိုးရကို သူကတိုက်တွန်းပါတယ်။

ကုန်သွယ်ဖက်နိုင်ငံအများစုက အလားတူ စီးပွားရေး ယှဉ်ပြိုင်မှုရှိတဲ့ဖွဲ့စည်းတည်ဆောက်မှုတွေ ရှိနေတဲ့အတွက် အာဆီယံသို့မဟုတ် အာဆီယံ ဆွေးနွေးဖက်နိုင်ငံတွေက ဗီယက်နမ်အတွက် အကျိုးအမြတ်ထူးထူးခြားခြား ပေးနိုင်တဲ့ အလားအလာမတွေ့ရသေးကြောင်း စက်မှုနဲ့ ကုန်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်ကွက်ခန်းက ပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်




စက်တင်ဘာ ၂ ရက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ အာရှငွေကြေးအများစုရဲ့တန်ဖိုးတွေမြင့်တက်ခဲ့ပါတယ်။ အာရှငွေကြေးများအနက် ဝမ်တန်ဖိုးက အများဆုံးမြင့်တက်ခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုက စက်တင်ဘာ ၁ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ ကုန်ထုတ်လုပ်မှု ကိန်းဂဏန်းများအရ ဩဂုတ်ကုန်ထုတ်လုပ်မှုက ခြောက်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့တာကိုတွေ့ရပြီးနောက် ဒေါ်လာတန်ဖိုးကျဆင်းခဲ့တာ ဖြစ်ပါတယ်။

အမေရိကန် ပြည်ထောင်စုရဲ့ လယ်ယာလုပ်ငန်းမဟုတ်တဲ့ လုပ်ငန်းများရဲ့ အလုပ်အကိုင်များ ကျဆင်းတဲ့တိုင်အောင် အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်းမှာ အတိုးနှုန်းကို မြှင့်တင်လိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်နေပါတယ်။ အမေရိကန်ဗဟိုဘဏ် အရာရှိတွေက ယခုနှစ်အတွင်းအတိုးနှုန်း မြှင့်တင်နိုင်မယ့် အလားအလာရှိကြောင်း ဝေဖန်ပြောကြားခဲ့ပြီးနောက်ပိုင်း လွန်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်က အာရှငွေကြေးများအပေါ် ယုံကြည်မှုကျဆင်းသွားတဲ့အတွက် ဒေါ်လာတန်ဖိုးမြင့်တက်ရာမှ ယခုတစ်ဖန် ပြန်လည်ကျဆင်းခဲ့တာ ဖြစ်ပါတယ်။

## တရုတ်ယွမ်

ယွမ်တန်ဖိုး တည်ငြိမ်အောင် ထိန်းသိမ်းပါမယ်ဆိုတဲ့ ကတိကို တရုတ်ဗဟိုဘဏ်ကထပ်မံအတည်ပြုထားပေမယ့် တရုတ်စီးပွားရေးနှေးကွေးကျဆင်းမှုနဲ့ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် အလားအလာတွေကြောင့် ယွမ်ငွေတန်ဖိုးကျဆင်းမယ့် လက္ခဏာကို တွေ့နေရပါတယ်။

လက်ငင်းဈေးကွက်မှာ စက်တင်ဘာ ၂ ရက် ဈေးဖွင့် ချိန်ကအမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၇၇၈ ယွမ်နှုန်းရှိခဲ့ရာမှ နေ့လယ်မှာ ၆ ဒသမ ၆၇၉၃ ယွမ်နှုန်းသို့ရောက်ရှိကာ ယွမ်တန်ဖိုးက ယခင်နေ့ ဈေးပိတ်ချိန် ဈေးနှုန်းအောက် သုည ဒသမ ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ယွမ်ငွေတန်ဖိုးက ယေဘုယျအားဖြင့် ယခုနှစ်အတွင်း ၃ ရာခိုင်နှုန်းခန့်အထိ ကျဆင်းခဲ့ပါတယ်။ Offshore ယွမ်ရဲ့ တန်ဖိုးက Onshore ယွမ်အောက် သုည ဒသမ ၁၄ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၈၈၅ ယွမ် နှုန်းရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

ပြည်တွင်းရှယ်ယာတန်ဖိုးများက ဈေးအဖွင့်ချိန် မြင့်တက်နေချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေ ရိကန်ဒေါ်လာများကို ပြန်လည်ရောင်းချလာတဲ့အတွက် စက်တင်ဘာ ၂ ရက်မှာ အိန္ဒိယရူပီးတန်ဖိုးက သုည ဒသမ ၁၄ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၈၁ ရူပီးနှုန်း ရှိခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အလုပ်အကိုင် အစီရင်ခံစာ မထွက်ပေါ်မီ အိန္ဒိယနိုင်ငံရဲ့ ပြည်ပဈေးကွက်မှာ အခြားငွေကြေးများနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုး ကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်စေဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။

## ဂျပန်ယန်း

အမေရိကန် ပြည်ထောင်စုရဲ့ ကုန်ချောထုတ်လုပ်မှု ကျဆင်းတာကို တွေ့ရတဲ့အတွက် ဂျပန်ယန်း အပါအဝင်အဓိကငွေကြေးတွေ နဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်း ခဲ့ပါတယ်။

နယူးယောက်ဈေးကွက်မှာ ယူရိုတန်ဖိုးက ဩဂုတ် ၃၁ ရက်မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၅၂ နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့မှာ ၁ ဒသမ ၁၂၀၂ ဒေါ်လာနှုန်း ရှိခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက ဩဂုတ် ၃၁ ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၁၀၃ ဒသမ ၄၄ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့မှာ ၁၀၃ ဒသမ ၃၇ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ရေနံစိမ်းဈေးနှုန်းများက နေ့အလိုက် နှိုင်းယှဉ်ရင် ကျဆင်းလာတဲ့အတွက် စက်တင်ဘာ ၂ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးတစ်ဟုန်ထိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးတို့ရဲ့ ဖလှယ်နှုန်းက ဩဂုတ် ၃၀ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၇၄၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၃ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၈၈၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

## တောင်ကိုရီးယားဝမ်

အမေရိကန် အလုပ်အကိုင်ကိန်းဂဏန်းတွေမထုတ်ပြန်မီမှာ ရင်းနှီးမြှုပ်နှံသူတွေက သတိထားပြီးဆောင်ရွက်နေတဲ့အတွက် စက်တင်ဘာ ၂ ရက်က တောင်ကိုရီးယားစတော့ ဈေးနှုန်းတွေ အတက်အကျမရှိငြိမ်နေ တာကို တွေ့ရပါတယ်။ ဒါပေမယ့် တောင်ကိုရီးယား ဝမ်တန်ဖိုးက စက်တင်ဘာ ၁ ရက်ဈေးပိတ်ချိန်က ဈေးနှုန်းထက် ၃ ဒသမ ၄၀ ဝမ်နှုန်း ပိုမိုမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၁၈ ဒသမ ၇၀ ဝမ်နှုန်း ရှိခဲ့ပါ တယ်။

## ထိုင်းဘတ်

စက်တင်ဘာ ၂ ရက်က ဒေါ်လာနဲ့ ဖလှယ်ရာမှာ အာရှငွေကြေးအများစုနည်းတူ ထိုင်းဘတ်ငွေတန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။ ရိုက်တာသတင်းဌာနက ပြုစုထားတဲ့စာရင်းအရ ထိုင်းဘတ်ငွေတန်ဖိုးကနေ့အလိုက် နှိုင်းယှဉ်ရင် သုည ဒမသ ၀၉ ရာခိုင်နှုန်းနဲ့ နှစ်စမှ ယခုအချိန်ထိ ၄ ဒသမ ၀၈ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၅၉ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ဂျပန်နဲ့တောင်ကိုရီးယားတို့ ငွေကြေးဖလှယ်ရေး စာချုပ်အသစ် ချုပ်ဆိုဖို့ စတင်ဆွေးနွေး

တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့အကြားမှာ နှစ်နိုင်ငံအပြန် အလှန်ဆက်ဆံမှုများ ယိုယွင်းလျက်ရှိနေပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီမှာ သက်တမ်းကုန်ဆုံးခဲ့တဲ့ ငွေကြေးဖလှယ်ရေးစာချုပ်ဟောင်းနေရာမှာ စာချုပ်အသစ်တစ်ခုနဲ့ အစားထိုးဖို့ စေ့စပ်ညှိနှိုင်းလျက်ရှိကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီး တာရို အာဆိုနဲ့တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ယူအီးဘိုတို့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြန်လည်စတင်ဖို့ ဩဂုတ် ၂၇ ရက်ဆွေးနွေးပွဲမှာ သဘောတူခဲ့ပါတယ်။ တောင်ကို ရီးယားနဲ့ ဂျပန်နိုင်ငံတို့ဟာ ကြာရှည်စွာအငြင်းပွားခဲ့တဲ့ ဖျော်ဖြေခံအမျိုးသမီးများ (Confort Woman) နဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲမှုကို လွန်ခဲ့တဲ့ ရှစ်လက သဘောတူညီမှုရရှိခဲ့ပါတယ်။ ငွေကြေးဖလှယ်ရေးအတွက် ပြန်လည်ဆွေးနွေးဖို့ သဘောတူညီမှုက နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်မှုအတွက် နောက်ထပ်တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။

ဩဂုတ် ၂၇ ရက် အစည်းအဝေးမှာ ငွေကြေးဖလှယ်ရေး သဘောတူညီချက်ကို ပြန်လည်သုံးသပ်ဖို့ တောင်ကိုရီးယားနိုင်ငံက အဆိုပြုခဲ့ပြီး ဒီလိုပြန်လည်ဆွေးနွေးနိုင်မယ်ဆိုရင် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုခိုင်မာအောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံက ဆွေးနွေးပွဲစတင်ဖို့ သဘောတူခဲ့သလို သဘောတူညီချက်အသစ် ချုပ်ဆိုနိုင်မယ်ဆိုရင် အရှေ့အာရှနဲ့ ဘဏ္ဍာရေးဈေးကွက် တည်ငြိမ်မှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းလည်း ပြောကြားပါတယ်။

# ထိုင်းကုန်သွယ်ရေးဘုတ်အဖွဲ့နဲ့ ထိုင်းဗဟိုဘဏ် အုပ်ချုပ်ရေးမှူးတို့ ငွေကြေးဖလှယ်နှုန်းကိစ္စ တွေ့ဆုံဆွေးနွေး

ထိုင်းကုန်သွယ်ရေး ဘုတ်အဖွဲ့က ထိုင်းဗဟိုဘဏ် အုပ်ချုပ်ရေးမှူးနဲ့ မကြာမီ တွေ့ဆုံဆွေးနွေးမှာဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးပွဲမှာ ယခုနှစ်အတွင်း ပို့ကုန်တင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုရှိနေတဲ့ ငွေကြေးအခြေအနေကို ဆွေးနွေးမှာဖြစ်ပြီး လက်ခံနိုင်ဖွယ်ရှိတဲ့ ငွေကြေးဖလှယ်နှုန်းက အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၅၀ ဘတ်နှုန်းဖြစ်မယ်လို့ ခန့်မှန်းထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။




ကုန်သွယ်ရေးဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆာနန်ဂူဘိုကွန်က ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဗီးရာရက်ထိုင်း ဆန်တီပရာဘော့နဲ့ မကြာမီတွေ့ဆုံမှာဖြစ်ပါတယ်။ ဘတ်ငွေတန်ဖိုး အတက်အကျမဖြစ်ဘူးဆိုရင် ပို့ကုန်တိုးတက်မှုက သုည ရာခိုင်နှုန်းကနေ နှစ်ရာခိုင်နှုန်းအကြားရှိမယ်လို့ ဆာ နန်က ခန့်မှန်းပါတယ်။ ထိုင်းပို့ကုန်လုပ်ငန်းတွေအတွက် ငွေကြေး မတည်ငြိမ်မှုက အနုတ်လက္ခဏာသဘော ဂယက်ရိုက်ခတ်မှုတွေဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဆွေးနွေးပွဲမှာ ငွေကြေးဖလှယ်မှု နှုန်းမတည် မငြိမ်ဖြစ်တာကို ဖြေရှင်းရမယ့် အစီအမံတွေကို ဆွေးနွေးမှာဖြစ်ကြောင်း သူကပြောပါတယ်။ ငွေကြေးဖလှယ်နှုန်းကို ယခုနှစ် အစောပိုင်းက အမေရိကန် တစ်ဒေါ်လာကို ၃၆ ဘတ်နှုန်းထားရှိဖို့ ဆန္ဒရှိခဲ့ကြပေမယ့် ယခုအချိန်မှာ ပို့ကုန်လုပ်ငန်းရှင်များက ငွေကြေးဖလှယ်နှုန်း ကို အမေရိကန် တစ်ဒေါ်လာမှာ ၃၄ ဒသမ ၅၀ ဘတ်နှုန်းဆိုလျှင် လက်ခံနိုင်ဖွယ်ရှိကြောင်း ပြောကြပါတယ်။

# မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မှန်သည် မြန်သည် မြဝတီ

**Fixed Deposit**

အတိုးနှုန်းမှာ ၁လ ~ ၉%
၂ လ ~ ၉.၁၅%
၃ လ ~ ၉.၂၅%
၆ လ ~ ၉.၅၀%
၉ လ ~ ၉.၇၅%
တစ်နှစ်အတွက် ၁၀%

**Scholarship Funding Service**


သားသမီး/တူ တူမများ
တက္ကသိုလ်ပညာဆည်းပူးနိုင်ရန်
အတိုးနှုန်း ၈.၅% ဖြင့်
(၃)လတစ်ကြိမ်အတိုးထည့်သွင်း
ပေးခြင်းအပြင် ဘဏ်၏
အပိုထပ်ဆောင်းချိုးမြှင့်ငွေ
ရရှိနိုင်မည့် အခွင့်အရေး

**Call Deposit**

ကျပ်သိန်း (၁၀၀)နှင့်အောက်
အတိုးနှုန်း (၄%) နှင့်
ကျပ်သိန်း (၁၀၀)အထက်
အတိုးနှုန်း (၆%)

**Savings**

အတိုးနှုန်း ၈.၅% ဖြင့်
(၃)လ (၁) ကြိမ် အတိုး
ထည့်သွင်းပေးပါသဖြင့်
တစ်နှစ်လျှင် ၈.၇၆%




မြဝတီဘဏ်(ရုံးချုပ်) - အမှတ်-၁၅၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm

# MOE HTET GABAR
COMPANY LIMITED



**Address** : No. 151, Room (B-702, B-704), Myawaddy Bank Luxury Complex, Bogyoke Aung San Street (Corner of Wardan Street), Lanmadaw Township, Yangon, Myanmar.
**Tel** : 01-212311, 212837, 2301468~70

# John & Maung Co., Ltd.

J&M 1994

Construction Chemicals, Waterproofing & Epoxy




LAVATEX 2000
RUBBER MODIFIED LIQUID W/P MEMBRANE



ULTRAFLEX- 2K
CEMENTITIOUS WATERPROOF COATING



ECOPOXY
EPOXY FLOOR COATING SYSTEM




ECOPROOF CWP
SURFACE APPLIED CRYSTALLINE
WATERPROOFING SYSTEM




ECOSHIELD
ACRYLIC WATER PROOF COATING



EURO SELF
SELF ADHESIVE MEMBRANE

Building (15), 2nd Floor, Tha Kywe Street,
Tamwe Township, Yangon. Ph : 09-5174522, 09-73090436, 09-49450335




OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272

OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143

OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706

E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg

SMART SOLUTION RELIABILITY EVERYWERE

# COMMERCE INTERNATIONAL

# ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တင်ပို့ရန် လေလံကို ထိုင်းနိုင်ငံရရှိ



ယခုနှစ် ဖိလစ်ပိုင်နိုင်ငံရဲ့ အရန်ဆန်ထားရှိရေး အစီအစဉ်အရ ပြုလုပ်တဲ့ ဒုတိယအကြိမ်လေလံမှာ ထိုင်းနိုင်ငံက လေလံအောင်မြင်ခဲ့ပြီး ၂၅ မှတ် ဆန်တန် တစ်သိန်း တင်ပို့ခွင့်ရရှိမှာဖြစ်ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄ သန်း (ဘတ် ၁ ဒသမ ၄၆ ဘီလီယံ) ရှိကြောင်းနဲ့ အဆိုပါလေလံပွဲမှာ ဗီယက်နမ်နိုင်ငံက တန် တစ်သိန်းခွဲလေလံအောင်ခဲ့ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ပထမအကျော့လေလံမှာ ထိုင်းနိုင်ငံက စီအိုင်အက်ဖ်ဈေးဖြင့် တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၃၂ ဒေါ်လာနှုန်း ကမ်းလှမ်းခဲ့ပြီးနောက် ဒုတိယအကြိမ်တွင် ဈေးချ၍ တစ်တန်ကို ၄၂၄ ဒသမ ၈၅ ဒေါ်လာနှုန်းဖြင့် လေလံအောင်ခဲ့တာဖြစ်ပါတယ်။

ဖိလစ်ပိုင်အမျိုးသား အစားအစာ အာဏာပိုင်အဖွဲ့ရဲ့ အစိုးရချင်းဝယ်ယူရေး ကော်မတီက ဗီယက်နမ်အစားအစာ ကော်ပိုရေးရှင်းကို ဆန်တန်တစ်သိန်းခွဲနဲ့ နိုင်ငံခြား ကုန်သွယ်ရေးဌာနက ကိုယ်စားပြုတဲ့ ထိုင်း နိုင်ငံကို တန်တစ်သိန်းရောင်းချခွင့်ပေးခဲ့တာဖြစ်ပါတယ်။

ပထမအကျော့ လေလံပွဲမှာ နှစ်နိုင်ငံစလုံးကမ်းလှမ်းတဲ့ ဈေးမှာ ဖိလစ်ပိုင်နိုင်ငံက အလယ်အလတ်အဖြစ် သတ်မှတ်ထားတဲ့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၂၅ ထက် ကျော်လွန်နေတဲ့အတွက် ဒုတိယအကျော့ လေလံခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ ပထမအကျော့ ခေါ်ဈေးမှာ တစ်တန်ကို ၄၃၂ ဒသမ ၇၅ ဒေါ်လာနှုန်းဖြစ်ပါတယ်။

ဖိလစ်ပိုင်လေလံအောင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ထိုင်းဆန်ကယှဉ်ပြိုင် နိုင်စွမ်းရှိတယ်ဆိုတာကို ပြသလျက်ရှိကြောင်းနဲ့ ကမ္ဘာ့ဈေးကွက်မှာ ဆန်ဝယ်လိုအား မြင့်မားနေတဲ့အတွက် ဆန်ကုန်သည်တွေက လယ်သမားတွေကို ဈေးနှိမ်ပြီး မဝယ်သင့်ကြောင်း ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ချူတီမာဘူညာပရာဖာ ဆာရာက ပြောပါတယ်။

ဆန်တင်ပို့မှုကို ဆောင်ရွက်ဖို့အတွက် နိုင်ငံခြားကုန်သွယ်ရေးဌာနက ထိုင်းဆန်တင်ပို့သူများအသင်းအား တာဝန်ပေးခဲ့ပြီး အသင်းဝင်များက သတ်မှတ်ခဲ့တမ်းနဲ့အညီ တင်ပို့မှာ ဖြစ်ပါတယ်။ ဆန်လေလံတစ်သိန်း အနက် တန်လေးသောင်းကို ယခုလအတွင်း တင်ပို့မှာဖြစ်ပြီး ကျန်တဲ့ တန်ခြောက်သောင်းကို နောက်လမှာ တင်ပို့သွားမှာဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ချာရိုအင်လောင်သမ်မာတာက ပြောပါတယ်။

ကမ်းလှမ်းတဲ့ဈေးမှာ ကုန်ကျစရိတ်နဲ့ သယ်ယူခပါ ပါဝင်တဲ့အတွက် ဖိလစ်ပိုင်လေလံအောင်ဖို့က ခက်ခဲကြောင်း ချာရိုအင်က ပြောပါတယ်။ ထိုင်းဘတ်တန်ဖိုးက အတက်အကျ ရှိနေပြီး တခြားငွေကြေးတွေနဲ့ နှိုင်းယှဉ်ရင် တန်ဖိုးမြင့်တက်နေတဲ့အတွက် ဆန်တင်ပို့သူများက ကုန်ကျစရိတ်နဲ့ ငွေလဲနှုန်းကို ချိန်ဆပြီးစီမံဆောင်ရွက်ဖို့လိုကြောင်း ချာရိုအင်က ပြောပါတယ်။ **UNT**





Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO SERVICES ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO SERVICE FOR MYANMAR

<< AUGUST And SEPTEMBER Sailing Schedule >>

DATE : 5th September 2016

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | X | 12.7.2016 | | 9.7.2016 | | 13.7.2016 | 14.7.2016 | | | | 23.7.2016 | 27.7.2016 | 4.8.2016 |
| | S/O CUT | | | | | 8.7.2016 | | 5.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI V.26 | 1.55 | 1.90 | 2.20 | 3.50 | X | 27.7.2016 | | | | 30.7.2016 | 29.7.2016 | | | | 7.8.2016 | 12.8.2016 | |
| | S/O CUT | | | | | 23.7.2016 | | | | 26.7.2016 | 25.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | X | 17.8.2016 | | 15.8.2016 | | 18.8.2016 | 19.8.2016 | | 13.8.2016 | | 27.8.2016 | 1.9.2016 | 8.9.2016 |
| | S/O CUT | | | | | 13.8.2016 | | 11.8.2016 | | 14.8.2016 | 15.8.2016 | | | | | | |
| MV.HOEGH CHENNAI V.27 | 1.55 | 1.90 | 2.20 | 3.50 | X | 31.8.2016 | | | | 1.9.2016 | 2.9.2016 | | | | 12.9.2016 | 16.9.2016 | |
| | S/O CUT | | | | | 27.8.2016 | | | | 28.8.2016 | 29.8.2016 | | | | | | |

***** SUBJECT TO CHANGE WITH OR WITHOUT NOTICE *****

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542, 2306027, 2306028
Mobile : + 95 9 5035797
Fax : + 95 1 2305543
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ),
: docs.gle@gmail.com ( Document ), gleltd.marketing@gmail.com ( Marketing ),
: goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)

Business Development Manager : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Tin Tun Aung (95 9 448049234)
Mr. Thiha Theik (95 9 5145801)
Customer Service : Ms. Hilda (95 9 402794677)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing : Ms. Ja Seng Eain ( 95 9 262611717)
Marketing : Mr.Kyaw Kyaw Aung(959420085073)

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။